# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပေါင်းလဆန်း (၆) ရက် ၊ သောကြာနေ့ ၊ (24-2-2023) ၊ အတွဲ (၁၀) ၊ အမှတ် (၃၀၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၂/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၂/၂၀၂၃)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




# မိုးညှင်းမြို့နယ် သာယာကုန်းကျေးရွာတွင် သောက်သုံးရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး


**မိုးညှင်း ဖေဖော်ဝါရီ ၂၃**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် သာယာကုန်းကျေးရွာ၌ သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဖေဖော်ဝါရီ ၂၂ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ) ဦးဇော်မင်းသိုက်၊ မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းတို့နှင့်အတူ သာယာကုန်းကျေးရွာတွင် စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)က ဆောင်ရွက်ပြီးစီးခဲ့သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိ အသုံးချရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားသည်။

သာယာကုန်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅လက်မ၊ အနက်ပေ ၃၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်း၊ အရှည်ပေ ၃၀၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ကချင်ရော ကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၈၅ သန်းဖြင့် ၂၀၂၂ ခုနှစ် ဩဂုတ်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် အမရပူရမြို့နယ် ရွှေကြူပေါက်ကျေးရွာနေ ဒေါ်ဝင်းကြည် မိသားစုက ဦးစံသိန်းနှင့်သား- မောင်မောင်သိန်းတို့အား ရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ တာဝန်ကျဆရာဝန် ဒေါက်တာဒေါ်ခင်ဦးကြည်နှင့် ဒုတိယရုံးအဖွဲ့မှူး ဒေါ်အေးမျိုးသန့်တို့က လက်ခံရယူစဉ်။

# ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံ ဆောင်းနေကြာ ၁၁၁၀၆ ဧက စိုက်ပျိုးပြီးစီး



**ကျုံပျော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံဆောင်းနေကြာ ၁၁၁၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဆောင်းနေကြာ သီးထပ်သီးနှံ ၈၃၂၉ ဧကနှင့် သီးညှပ်သီးနှံ ၂၇၇၇ ဧက စုစုပေါင်းဆောင်းနေကြာလျာထား ၁၁၁၀၆ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါလျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဆောင်းနေကြာများ လျာထားချက်အတိုင်း ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျုံပျော်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံ နေကြာ ၁၁၁၀၆ ဧက ထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဆီထွက်သီးနှံ နေကြာတွေကို အောက်တိုဘာလ ပထမပတ်ကနေ စတင်စိုက်ပျိုးခဲ့တာပါ။ ဒေသခံတောင်သူတွေ ဆီထွက်သီးနှံနေကြာတွေ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတွေကို လိုအပ်တာတွေ ချိတ်ဆက်ကူညီ ပံ့ပိုးဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်းနေကြာ စိုက်ပျိုးရေးနည်းပညာသင်တန်းတွေကိုလဲ ပို့ချသင်ကြားပေးခဲ့ပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ဆီထွက်သီးနှံဆောင်းနေကြာ ၁၁၁၀၆ ဧကကို ကျေးရွာ ၃၄ ရွာမှ ဒေသခံတောင်သူများက စိုက်ပျိုးထားကြောင်း၊ အဆိုပါ ဆီထွက်သီးနှံ ဆောင်းနေကြာများ အထွက်နှုန်းကောင်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုမရှိစေရန်၊ အပင်အားဆေး၊ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲတတ်စေရန် စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ် နေကြာကို စားသုံးဆီဖူလုံဖို့အတွက် အဓိကထားပြီး တိုးချဲ့စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက လိုအပ်တဲ့နည်းပညာတွေနဲ့ စိုက်နည်းစနစ်တွေကို ပို့ချသင်ကြားပေးလို့ အဆင်ပြေပါတယ်။ ရေဆင်း (၁) နေကြာအမျိုးအစားကို အများဆုံး စိုက်ပျိုးထားပါတယ်။ အဲဒီအမျိုးအစားက အထွက်နှုန်းကောင်းပါတယ်"ဟု ကျုံပျော်မြို့နယ်မှ နေကြာစိုက်တောင်သူ ဒေါ်သန်းသန်းရီက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# သရက်ချောင်းမြို့နယ် ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သရက်ချောင်း ဖေဖော်ဝါရီ ၂၃**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ဆင်ကူးကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ရေး ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

ဆင်ကူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခု ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒုတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ရန် စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို ငွေကျပ် ၂၉၇ သိန်း ထုတ်ချေးပေးထားကြောင်း မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ထက်က ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကွမ်းလုံမြို့နယ် မန်ပြိန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ကွမ်းလုံ ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မန်ပြိန်းကျေးရွာအုပ်စု မန်ပြိန်းကျေးရွာနှင့် လွယ်ခန်းကျေးရွာတို့မှ အသင်းသား၊အသင်းသူများအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက မန်ပြိန်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးဇော်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်နှင့် ပြန်ဆပ်ရမည့် ကာလများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မန်ပြိန်းကျေးရွာအုပ်စု မန်ပြိန်းကျေးရွာနှင့် လွယ်ခန်းကျေးရွာတို့မှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၁၀ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၂၉၃ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၁၈၂ သိန်း စုစုပေါင်း အသင်းသား ၃၂ ဦးကို ငွေကျပ် ၄၈၅ သိန်း ထုတ်ချေးပေးခဲ့ရာ ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**



# ချိန်ခါမီ ညွတ်ပျောင်း ကြည်ညိုသဒ္ဓါပိုကြတဲ့ မိန်ရာသီလတပေါင်းရဲ့မြတ်ကုသိုလ်

❖ ဂုဏ်ရောင်ထွန်းပြောင်လှသည့် တပေါင်းလရာသီအမည်က မိန်၊ စန်းပြည့်နက္ခတ်က ဥတ္တရာဘရဂုဏ္ဏီ၊ ယှဉ်တာရာက ဆံကျင်တာရာ၊ ရာသီရုပ်က ငါးနှစ်ကောင်၊ ရာသီပန်းက သရဖီပန်း၊ ရာသီပွဲက သဲပုံစေတီ၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က ကေရာဇ်ပင်၊ ရက်ရာဇာက ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ ပြဿဒါးက အင်္ဂါ၊ ရာဟု စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ် မှတ်တမ်းတင်ထားခဲ့ကြသည်။ ❖

**"ရှစ်ခွင်တိုင်း မွှန်မြိုင်းတဲ့ပတ်လည်၊**
**သစင်ကြွင်းငယ်နှင့်၊ အင်ကြွင်းသစ္စာညွန့်ငယ်တို့၊**
**ဖူးကွန့်ကိုက်စည်။**
**ဘမရာရွှေပိတုန်းငယ်တို့၊ မြွေသုံးကြဝတ်ရည်၊**
**ညွတ်ကြည်ဖွယ့် ဖော်ကွဲ။**
**ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ၊**
**ဉာဏ်မနိုင် ချာန်ယိုင်လျှော့ရတာယ်၊**
**ရာသီတွင် ခာညီပြောပေပ၊ ကြော့ရွှဲသာမြဲ"။ ။**
**(ဦးကြင်ဥ)**

ရွှက်ဟောင်းညှာကြွေ၊ ရွှက်သစ်ဝေစေ၊ လတပေါင်းကား မြန်မာ့ဆယ့်နှစ်လတွင် ဒွါဒသမမြောက်လဖြစ်သည်။ ရက် ၃၀ ရက်စုံလဖြစ်သည်။ ဂိမှာန(နွေဥတု)၏ ပထမဆုံးလလည်းဖြစ်သည်။ ဝသန္တရတု၏ အစလည်းဖြစ်သည်။

ရသေ့သူတော်စင်များကိုယ်တိုင်ပင်လျှင် ဉာဏ်မခိုင် ချာန်ယိုင်လျှော့ရလောက်အောင် တောတောင်သဘာဝသာယာလှပုံကို စာပန်းချီခြယ်သ၍ မကုန်နိုင်ကြောင်း စာဆိုတော်များက ညွှန်းဆိုခဲ့ကြသည်။

**"ထေရ်ပရဝဲသုံးလူ့ဖော်ငယ်၊ ဖသုဇ္ဇေါ်စံမြန်းတဲ့**
**မှန်နန်းကြွ ပြည်ကမ္ဘိ၊ မြန်းတဲ့ရာသီ၊**
**ယှန်စန်းနှင့်၊ ဘရဂုဏ္ဏီငယ်၊**
**တူတာညီယှဉ်တုံးမို့လေး"။ ။**
**(ဦးကြော့ဖွဲ့ တေးထပ်)**

မြတ်ဗုဒ္ဓဘုရားရှင်လက်ထက်၌ **ဖွားဖက်တော် ကာဠုဒါယီအမတ်ကြီး**က ကပိလဝတ်ပြည်မှ ဗုဒ္ဓ၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့် မိသားစုက လွမ်းမောတမ်းတနေကြသဖြင့် ကြွရောက်ချီးမြှင့်ပေးစေရန်အတွက် တပေါင်းလနှင့် တောတောင်သဘာဝသာယာလှပပုံအဖုံဖုံကို "အင်္ဂါရိနော-ဒါနိဒုမာဘဒန္တေ"အစချီသော ဂါထာပေါင်း ၆၄ ပုဒ်ဖြင့် ဖွဲ့သီလျှောက်ထားပန်ကြားခဲ့သည်။ ထိုဂါထာများကို အင်းဝခေတ်(ကောဇာနှစ် ၈၇၉ ခုနှစ်ခန့်)တွင် **ရဟန်းစာဆိုတော်ကြီး သျှင်အုန်းညို**က **ဂါထာ(၆၀)တောလားပျို့**အဖြစ် ရေးဖွဲ့ခဲ့ရာ မြန်မာစာပေလောကတွင် ယနေ့ထက်တိုင် ဂန္ထဝင်တွင်နေသည်။

**"ယော်နယော်န၊ ရွှက်သစ်ပြုလျက်၊**
**ရတုအလိုက်၊ စက်ချင်းဆိုက်၍၊**
**အကိုက်ငုံဖူး၊ ဖြူးရရှူးလျှင်၊**
**တန်ခူးမပြောင်း၊ တပေါင်းမကုန်၊**
**ပူဟုန်မပြင်း၊ နှင်းလည်းစဲ၍၊**
**ကာလသာထွေ၊ ဆောင်းနွေမိုးဆမ်း၊**
**ပူချမ်းနှစ်ပါး၊ ဆွေတော်များတို့၊**
**ဘုရားမြတ်စွာ၊ ဖူးအံ့ပါကား၊**
**သာယာသောတီ၊ ကြွဖွယ်ရှိစွ"။ ။**
**(သျှင်အုန်းညို)**

မြတ်ဗုဒ္ဓသည် နောက်ပါရဟန်းသံဃာတော်များနှင့် တပေါင်းလတွင် ကပိလဝတ်ပြည်သို့ ကြွချီလာခဲ့ကြရာ ပင်ပန်းပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် မအေးမြစေဘဲ တောရိပ်သစ်ရိပ်များကြားမှာပင် ချွေးသိပ်နားတော်မူခဲ့လေသည်။ တောရိပ်၊ တောင်ရိပ်၊ သစ်ပင်ကြီး ငယ်များ၏ အရိပ်အာဝါသအေးမြမှုကို နှစ်သက်ချီးကျူးနေကြသော နောက်ပါရဟန်းသံဃာတော်များကို မြတ်ဗုဒ္ဓက "သစ်ပင်၏အရိပ်အာဝါသထက် ဆွေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အမိ၊ အဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် ဆရာသမားတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်ထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏"ဟု ဟောကြားတော်မူခဲ့ရာ လတပေါင်း၏ တန်ဖိုးမဖြတ်နိုင်သော အကျိုးထူးပင်ဖြစ်သည်။

ဆောင်းအကုန်၊ နွေအကူး ပျော်မြူးသာယာလွှမ်းမောဖွယ်ရာ တပေါင်းလကို "**အခါလည်းကောင်း၊ လတပေါင်း**"ဟုတစ်မျိုး၊ "**တပေါင်းသာခေါင်၊ လများနောင်**"ဟုတစ်ဖုံ၊ "**ရသေ့သူတော်တိုင်မှ၊ ဉာဏ်မခိုင်၊ ချာန်ယိုင်လျှော့ရတာယ်၊ ကြော့ရွှဲသာမြဲ**"ဟုတစ်သွယ် စာပန်းချီခြယ်သခဲ့ကြသည်။

မြတ်ဗုဒ္ဓ၏ခုဒ္ဒကနိကာယ်ဝင် သုတ္တန်နိပါတ်တော် ပရိတ်ကြီး(၁၁)သုတ်မှ ဒုတိယဖြစ်သော ရတနသုတ်ရွတ်စဉ်တွင် "**ဝနပ္ပဂုမ္ဗေ၊ ယထာဖုဿိတဂ္ဂေ ဂိမှာန-မာသေ ပဌမသ္မိံ ဂိမှေ**"အစချီ၍ "နွေလများတွင် နွေဦးအစဖြစ်သော တပေါင်းလ၌ ကောင်းစွာဖူးပွင့်ဝေဆာ၊ ခက်ဖြာမျိုးစုံရှိကြသော တောအုပ်သည် အသရေရှိလှပါဘိ။ ထို့အတူ ထိုတောအုပ်ကြီးနှင့်တူသော နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ပိဋကတ်တော်ကို နိဗ္ဗာနဓာတ်အမြတ်ဆုံး အကျိုးစီးပွားအလို့ငှာ၊ ရှင်တော်ဘုရား၏ တရားဂုဏ်တော်သည်လည်း ထူးမြတ်လှပါပေ၏။ ဤသစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေ"ဟူ၍ တပေါင်းလကို နိဗ္ဗာန်ရောက်ကြောင်း၊ ပရိယတ္တိစာရတနာနှင့် ပမာတူကြောင်း ခိုင်းနှိုင်းတင်စားကာ မြတ်ဗုဒ္ဓက ဟောကြားတော်မူခဲ့လေရာ တပေါင်းသာခေါင် လများနောင်အဖြစ် ပိုမိုထူးခြားပြောင်မြောက်သွားခဲ့သည်။

**သဲပုံစေတီနှင့် ဗုဒ္ဓပူဇနီယပွဲတော်**

**"ဖူးတံနိုထွေဆန်းလို့ အင်ကြင်းပန်းရွှေဖိ၊**
**သဲစေတီတည်မြဲပေပ၊ သဘင်ပွဲကုန်လရာသီ"။**
**(ဦးပေါ်ဦး)**

**"တပေါင်းခါရှိန်၊ ရာသီမိန်၊ တောက်ထိန်မဂ္ဂဏ။**
**သရဖီဖူးဆဲ၊ ပိတောက်ပွဲ၊ သဲပုံစေတီပ။**
**(ကင်းဝန်မင်းကြီး သံပေါက်)**

**"တပေါင်းလသာ၊ လတကာထက်၊ နှိုင်းရာဆက်ရှောင်၊ လများနောင်ကား၊ တောင်လည်းသာမော၊ တောလည်းသာထွေ၊ ရေလည်းသာလှ၊ ဖြူစွသောင်ပြင်၊ ငှက်ပေါင်းရွှင်၍၊ သဘင်အညီ၊ သဲစေတီဟု၊ မြောက်ရှိုရွှင်ပ၊ လှူဒါန်းကြလျက်"**
**(ဦးအောင်ကြီးဖွဲ့ လူးတား)**

သဲပုံစေတီ၊ သရဖီနှင့်၊ စာပန်းချီခြယ်ဝင့်၊ ဂုဏ်ရှိန်မြင့်တင့်တယ်နေသော တပေါင်းလ၏ အထွတ်အမြတ်ပွဲတော်မှာ သဲပုံစေတီပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ဖြစ်သည်။

တပေါင်းလပြည့်နေ့တွင် မြစ်ကမ်း၊ ချောင်းနံဘေး နေရာများ၌ရှိကြသော ညီညာပြန့်ပြူးသန့်ရှင်းနေကြသည့် သဲသောင်ပြင်များတွင် မြေပြင်ကို ရှင်းလင်းကြပြီး ထိုသဲသောင်ပြင်ပေါ်တွင် စနစ်တကျညီညာစွာ ရစ်ခွေထားကြသည့် ဝါးခွေကြီးများကို တစ်ဆင့်ပြီးတစ်ဆင့်တင်ကာ ငွေရောင်တောက်ပသည့် သဲဖြူလွလွများကို လောင်းထည့်ချကြရသည်။ စေတီတော်ပုံတော်အတိုင်း ဖောင်းရစ်များအထက် ငှက်ပျောဖူးတိုင်အောင် ကြီးစဉ်ငယ်လိုက် ဝါးခွေများကိုဆင့်ခံပြီး သဲထည့်ကြရသည်။ ဉာဏ်တော်ကိုးတောင်၊ ခုနစ်တောင် အမြင့်ရောက်၍ စေတီတော်တစ်ဆူပုံသဏ္ဌာန် ပေါ်ပေါက်လာသောအခါ စက္ကူထူထူဖြင့် ထီးတော်ပြုလုပ်၍ ထိပ်တွင်ပန်းလည်တိုင်ထိုးကာ တင်လှူကြရသည်။ ထီးဖြူများလည်း ကပ်လှူကြသည်။ သဲပုံစေတီကို အနေကဇာတင်ခြင်းနှင့် ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းများ ကပ်လှူပူဇော်ပွဲကို အတီးအမှုတ်၊ အကအခုန်များ စုံလင်စွာဖြင့် ညှိခံကျွေးမွေးလှူဒါန်းကြလေ့ရှိသည်။

သဲပုံစေတီကို ရှေးလွန်လေပြီးသော ကမ္ဘာတစ်သိန်းကာလက ဒေဝလမည်သော ရသေ့တစ်ပါးက စတင်ခဲ့သည်ဟု မှတ်တမ်းပြုထားခဲ့ကြသည်။ ဟိမဝန္တာတောင်တွင် နတ်တို့ဖန်ဆင်းပေးသည့် ကျောင်းသင်္ခမ်း၌ အလုပ်အကျွေးပြုတပည့်ပေါင်း ထောင်သောင်းမကနှင့်အတူ နေထိုင်သောထိုရသေ့သည် သဲများကို စေတီပြုလုပ်ကာ ဘုရားရှင်ကိုရည်မှန်းပြီး ပန်းအမျိုးမျိုးဖြင့် ပူဇော်ကန်တော့နေခဲ့ကြောင်း၊ ထို့ပြင် အပဒါန်ပါဠိတော်ပါ "ပုလိနယူ ပိယမထေရ်လောင်း နာရဒရှင်ရသေ့"သည် မြစ်ကမ်းထိပ်တွင် တရားအားထုတ်ရင်း မြစ်ပြင်သောင်ထွန်းလာသောအခါ သဲများကို စုပုံ၍ သဲပုံစေတီတည်ထားကိုးကွယ်ခဲ့ကြောင်း၊ သဲပုံစေတီပွဲတော်သည် ပုဂံခေတ်မတိုင်မီကပင် ပေါ်ပေါက်ခဲ့သည့် ပွဲတော်ဖြစ်ကြောင်း၊ အနော်ရထာမင်းစောသည် ပုဂံမြို့အနီးရှိ ဧရာဝတီမြစ်ကမ်းသဲသောင်ပြင်ပေါ်(သဲစည်းခုံပေါ်)တွင် စွယ်တော်မြတ်ကို ဌာပနာ၍ စေတီတော်ကြီးတစ်ဆူ တည်ထားတော်မူခဲ့ရာ သဲစည်းခုံပေါ်တွင် တည်ထားသဖြင့် **ရွှေစည်းခုံ**ဟု ဘွဲ့အမည်ပေးခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိကြရသည်။

ဗုဒ္ဓဘာသာဝင်တိုင်းသည် မြတ်ဗုဒ္ဓအား ရည်မှန်းပူဇော်ကြရာတွင် ဘာသာအယူအဆနှင့် ရိုးရာယဉ်ကျေးမှုကိုအခြေပြုကာ ကိုးကွယ်ဆည်းကပ်ပူဇော်နေကြလေ့ရှိသည်။ သဲပုံစေတီတည်ထားကိုးကွယ်မှုများအပြင် နယ်မြေဒေသအခြေအနေအရ ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်များကိုလည်း တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် နှစ်စဉ်ကျင်းပကြလေ့ရှိသည်။

ဂေါတမမြတ်စွာဘုရားရှင်၏ ဆံတော်မြတ်နှင့် ရှေးဟောင်းနောင်တော်ဘုရားသုံးဆူ၏ ဖြစ်တော်မူသော **ကကုသန်၊ ကောဏာဂုံနှင့် ကဿပဘုရားရှင်**တို့၏ တောင်ဝှေးတော်၊ ဓမကရိုဏ်ရေစစ်တော်နှင့် ရေသနုပ်သင်္ကန်းတော်များအပါအဝင် သိင်္ဂုတ္တရကုန်းမြေတွင် ဌာပနာပြီး **လေးဆူဓာတ်ပုံ ရွှေတိဂုံ**ဟု ဘွဲ့အမည်တွင်သော ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထားပူဇော်၍ ဗုဒ္ဓပူဇနီယပူဇော်ပွဲတော်ကို နှစ်စဉ်တပေါင်းလပြည့်နေ့နှင့် ဝန်းကျင်နေ့ရက်များတွင် ကျင်းပခဲ့ကြသည်။ အနယ်နယ်အရပ်ရပ်ရှိ ဘုရားစေတီတော်များတွင်လည်း ထိုနည်းတူ ကျင်းပခဲ့ကြသည်။

**တပေါင်း**၏အဓိပ္ပာယ်မှာ **တ**=ထန်း၊ ထန်းဖူး၊ ထန်းခိုင်။ **ပေါင်း**=ကျိုသည်။ ချက်သည်။ ထန်းရည်များကို ပေါင်းစပ်ကျိုချက်သည့်အခါသမယ ထန်းပေါင်းလဖြစ်ကြောင်း၊ **ထန်းပေါင်း**မှ **တပေါင်း**ဟု ရှေ့လူများခေါ်ဆိုခဲ့ကြကြောင်း၊ ထို့ပြင် ထက်ဝလာတစ်ခွင်၌ **အသဝနီ**အစ၊ **ရေဝတီ**အဆုံး၊ နက္ခတ် ၂၇ လုံး အားလုံးစုဝေး၍ တစ်ပေါင်းတည်းထွက်ပေါ်လာကြသည်ကို အကြောင်းပြု၍ **တစ်ပေါင်း(တပေါင်း)**ဟု ခေါ်ဆိုခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင်မူ **တပရှား**=ပူပင်ခြင်းဆောင်သောလဟု ဖွင့်ဆိုထားသည်။ **တပ**ဟူသော ပါဠိသက်ဝေါဟာရသည် ဝီရိယအားကြီးမှု၊ ကြိုးစားမှု၊ ကိလေသာများကင်းစင်အောင် အားထုတ်မှု၊ ကြံ့ခိုင်စွာရပ်တည်နိုင်မှု၊ အရှုံးမပေး၊ ဖွဲမလျှော့မှု စသည်ဖြင့် အလွန်လေးနက်သော အဓိပ္ပာယ်ကိုဆောင်သည်ဟူ၏။ ထို့ကြောင့် နေမင်းကို **တပ**ဟုခေါ်ဆိုပြီး **နွေဥတု**ဟုလည်းသတ်မှတ်ထားကြသည်။ ထို **တပ**မှ **တပေါင်း**ဖြစ်လာကြောင်း ဖွင့်ဆိုခဲ့ကြသည်။ **တပေါင်းလည်းကူး၊ မိုးသားကျူး၊ နေပူလိုညချမ်း၊ တပေါင်းလ လသာရမ်း**ဟုလည်း တပေါင်းလ၏ မိုးလေဝသကို ပြဆိုထားသည်။

ပုဂံခေတ်ကျောက်စာများတွင် **တပေါင်း**ကို **တပေါင်**ဟု ဝစ္စပေါက်မပါဘဲ ရေးထိုးခဲ့ကြသည်။ အင်းဝခေတ်ကျပါမှ ဝစ္စပေါက်ထည့်ကာ **တပေါင်း**ဟု ကမ္ဘည်းရေးထိုး ပြောဆိုလာခဲ့ကြကြောင်း မှတ်တမ်းပြုစုထားကြသည်။

ဂုဏ်ရောင်ထွန်းပြောင်လှသည့် တပေါင်းလရာသီအမည်က **မိန်**၊ စန်းပြည့်နက္ခတ်က **ဥတ္တရာဘရဂုဏ္ဏီ**၊ ယှဉ်တာရာက **ဆံကျင်တာရာ**၊ ရာသီရုပ်က **ငါးနှစ်ကောင်**၊ ရာသီပန်းက **သရဖီပန်း**၊ ရာသီပွဲက **သဲပုံစေတီ**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **ကေရာဇ်ပင်**၊ ရက်ရာဇာက **ဗုဒ္ဓဟူး၊ တနင်္ဂနွေ**၊ ပြဿဒါးက **အင်္ဂါ၊ ရာဟု** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။

တပေါင်းလ၏ **ဧည်တော်သံ**မှာ **"မိန်ရာသီလတပေါင်းမို့၊ ညာညောင်းလို့ ရွှက်သက်ရှို၊ ဖူးညွှန့်ခိုခို၊ မန်းရွှေပြည်သဲစေတီလှူတော်ပွဲနှင့် လွှဲပြီချေလေး"** ဟူ၍ ဖြစ်သည်။

**ပုန်းမကြည် တင်မြှောက်ပသပွဲ**

မြန်မာလယ်သမားများနှင့် ထန်းတက်သမားများက သီးနှံအထွက်ကောင်းရန်နှင့် ထန်းရည်(ထန်းလျက်)အထွက်ကောင်းရန်အတွက် တပေါင်းလတွင် **ပုန်းမကြည်အရှင်(ပုဗ္ဗကြယ်)**ကို တင်မြှောက်ပသလေ့ရှိခဲ့ကြသည်။ ပုန်းမကြည်သည် ဘီလူးမဖြစ်ပြီး ဆိတ်ငြိမ်သောနေရာတွင် ပုန်းအောင်းနေရမှသာ စိတ်ကြည်လင်လေ့ရှိသည်ကို အစွဲပြု၍ ပုန်းမကြည်ဟုခေါ်ဆိုခဲ့ကြသည်။

တချို့က **"ဖုန်းမကျီ၊ ပုဗ္ဗကြည်၊ ပုဏ္ဏကျီ"**ဟု ခေါ်ဆိုကြသည်။ သက္ကတဘာသာအားဖြင့် **ပုဗ္ဗဂြိ**ဟုခေါ်သည်။ ဓမ္မပဒပါဠိတော်တွင်ပါရှိသည့် **ကာဠယက္ခနီဘီလူးမ** ဝတ္ထုကို အကြောင်းပြုပေါ်ပေါက်လာခြင်းဖြစ်သည်။

မနာလိုသော အငြိုးအတေးစိတ်ယုတ်မာကြောင့် ဆုတောင်းမှားပြီး ကလဲ့စားချေခဲ့ကြသူ နှစ်ဦးကို မြတ်ဗုဒ္ဓက လမ်းညွှန်ပြမှုကြောင့် သံဝေဂရသွားကြသည့် ဇာတ်ဖြစ်သည်။

ပုန်းမကြည်မအား ပူဇော်ပသပုံမှာ မုန့်ဖြူ၊ မုန့်နီ၊ မုန့်ဝါတို့ကို လယ်သမားများက **နွားရုပ်၊ ထွန်ပုံ၊ ထယ်ပုံ၊** ထန်းတက်သမားတို့က **ရင်းထောင်၊ ရင်းဆွဲ၊ ထန်းပင်ပုံ၊** ဈေးသည်များက **ဈပ်ပုံ၊ ချိန်ခွင်ပုံ၊ အလေးပုံ** စသည်ဖြင့်ပြုလုပ်ကြပြီး တပေါင်းလဆန်း

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိတို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့ အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှုံ့သွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၇၂၅ ဧက စိုက်ပျိုးပြီးစီး

**ငပုတော ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၇၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် သီးနှံစုံ ၅၇၂၅ ဧကကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယခုအခါ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါသီးနှံများလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ် စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ အတွင်း သီးနှံစုံ ၅၇၂၅ ဧကကို စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ စိုက်ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးအပင်တွေအားလုံး ဖြစ်ထွန်းနေပါတယ်။ သီးနှံစုံအားလုံး လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းပြီး လိုအပ်တဲ့နည်းပညာနဲ့ အခြားပံ့ပိုးတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့သီးနှံတွေ အသီးကောင်းစေဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာပါ"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငရုတ်ကောင်းမြို့၌ သီးနှံစုံ ၅၇၂၅ ဧက စိုက်ပျိုးမှုတွင် မြေပဲ ၃၅၉၈ ဧက၊ နှမ်း ၁၁၉ ဧက၊ နေကြာ ၅၆ ဧက၊ မတ်ပဲ ၂၀၄ ဧက၊ ပဲတီစိမ်း ၉၉ ဧက၊ ဝိုလ်ကီတ်ပဲဧက ၅၇၀၊ ပြောင်းဖူးစား ၂၈၇ ဧက၊ ငရုတ် ၆၄ ဧက၊ စားပိုဆောင်သီးနှံ ၇၂၈ ဧကတို့ ပါဝင်ကြောင်း၊ အဆိုပါသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ် ကင်းရှင်းရေးလုပ်ငန်းများကို သီးနှံများမစိုက်မီ ကြိုတင်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **ကျော်ကျော်လင်း**



➤ စာမျက်နှာ ၄ မှအဆက်

၁ ရက်နေ့မှ ၃ ရက်နေ့ထိ မိမိတို့အိမ်ရှေ့ရှိ တိုင်ထိပ်များ၌ အိုးသစ်နှင့် ထည့်၍ ဆွဲထားကြကာ ပုန်းမကြည်မအား တင်မြှောက်ပသကြသည်။

ပသနေကြဆဲတွင် **ပထမနေ့**၌ လေလာပါက မိုးဦးကောင်းမည်။ **ဒုတိယနေ့**တွင် လေလာပါက မိုးလယ်ကောင်းမည်။ **တတိယနေ့**တွင် လေလာပါက မိုးနှောင်းကောင်းမည်။ **ထို သုံးရက်စလုံး** လေမလာပါက မိုးသုံးပါးလုံးမကောင်းဟု နိမိတ်ဖတ်ကြလေ့ရှိသည်။ ရှေးမြန်မာလူမျိုးများ၏ တပေါင်းလရိုးရာဓလေ့ပင်ဖြစ်သည်။

**တပေါင်းသာစေါင် လများနှောင်**

> **ဝနပွဂုမ္ဘေ။ ။ စက်ချင်းညာဆိုင်နှင့် ဂေါ်နိုင်ထုံလှိုင်ပျံ့ပါဘိ၊ ညှင်းသုံ့လေပြည်။ ။ ရွက်အုပ်ကယ်ဝေ၊ မိန်နွေလရက်ပိုင်း။ ။ သုံးဘောင့်ထွတ်ဖွန့်၊ မြတ်ဖျားသယံ မွန်မှသာအလွန် ဓာညွန်းဟောစုံတယ်၊ တောနှင့်တောင်တိုင်း။"**
>
> **(ဦးကြင်ဥ-လေးချိုး)**

သုံးလူထွတ်ထား မြတ်ဘုရားကပင် တောတောင်ရာသီသဘာဝအလှမှာ လတကာတို့ထက် သာလွန်ကြောင်း ဟောကြားတော်မူခဲ့သော လတပေါင်းကား သဘာဝအလှရော၊ တရားဓမ္မဘာသာရေးအရပါ ထူးခြားလွန်းလှသည်။ **ဆောင်းကုန်လို့ကျွမ်း၊ နွေနှံဒါန်းအစ၊ အခါသမယမို့၊ နေ့ပူလို့ ညချမ်း၊ တပေါင်းလ လသရမ်း**ဟုလည်း လွမ်းစာခွေဖြေသိမ့်ခဲ့ကြရသည်။ သဲပုံစေတီပူဇော်ပွဲများနှင့် ဗုဒ္ဓပူဇနီယပွဲတော်များကလည်း သဒ္ဓါကြည်ဖြူ အလှူဒါနများအဖြစ် တပေါင်းလကို ကုသိုလ်အထိုထိုဖြင့် ဂုဏ်မြင့်ဝင့်ထည်နေစေသည်။

ရှေးခေတ်က တပေါင်းလ၏ ထူးခြားသောဝိသေသများအပြင် ယခုခေတ်ကာလ တပေါင်းလတွင်လည်း တောင်သူလယ်သမားနေ့၏ ဂုဏ်ထူးဝိသေသများလည်းရှိနေသည်။

ကောင်းမြတ်သော ဂုဏ်ပေါင်းစုံခနေကြသည့် တပေါင်းလနှင့်စပ်လျဉ်း၍ ရှေးပညာရှိကဝိအဆူဆူ၊ စာပေဝိဒူအဆက်ဆက်တို့သည် မွန်မြတ်လှသည့် မြန်မာ့ယဉ်ကျေးမှုထုံးဓလေ့များနှင့် ဘာသာသာသနာဩဝါဒကထာများကို စာ၊ ကဗျာ၊ ရတုအစုစု ရေးဖွဲ့မှတ်တမ်းတင်ခဲ့ကြသည်ဖြစ်ရာ ယနေ့မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးကြရန် လိုအပ်လှသကဲ့သို့ ခေတ်သစ်တပေါင်းလ၏ ကောင်းကျိုးများကိုလည်း သယ်ပိုးထမ်းရွက်ပေးကြရန် လိုအပ်လှသည်။

**ကိုးကား**

- **တစ်ဆယ့်နှစ်ရာသီဖွဲ့ ပေါင်းချုပ်**
- **ဝိသုဓ္ဓက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လ ရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**
- **ဆင်ဖြူကျွန်းအောင်သိန်း၏ ကျေးလက်ရိုးရာမြန်မာဓလေ့များ (ဒုတိယတွဲ)**

**မောင်မြင့်မိုးသူ(ကြို့ပင်ကောက်)**

# ချစ်စရာ့ ရာသီခါ လတပေါင်းသာ

- နေ့ပူလို့ ညချမ်း
  သရမ်းတဲ့ တပေါင်းအခါ၊
  ဆောင်းလည်းပါ နွေလည်းဖက်
  တစ်ဝက်စီသာ၊
  နေ့တာလည်း တိုပေတာ
  ညတာက ရှည်လျား၊
  ဆောင်းနှောင်းချိန် နွေအဦးမို့
  လေရူးပွေသား။

- မိန်ရာသီ လတပေါင်းမို့
  ညာညောင်းပေါ့ ရော်ရွက်ဝါ၊
  ဖူးပုရစ်တွေ စီရီသစ်လို့
  ချစ်စဖွယ့်ခါ၊
  သရဖီတို့ အလှဖြာ
  သဇင်မှာ ကြွင်းကျန်ဆဲ၊
  ဘယ်သူပြိုင် လှနိုင်မလဲလို့
  စိတ်ထဲဝေခွဲ။

- တိမ်ရောင်စုံ အလှထူး
  ညွတ်နူးဖွယ့် သည်ချိန်ခါ၊
  အာကာဝယ် ရှုမဝ
  လှပပေတာ၊
  တိမ်တွေက ဟိုသည်မှာ
  လေဆောင်ရာ တလွှားလွှား၊
  ကြည့်ကာလေ ကြည့်နေရင်းက
  ဆင်းသဏ္ဌာန်ကြွား။

- သည်ချိန်ခါ သင်္ကေတ
  ငှက်ကျေးလှ ပင်ဖျားဆီ၊
  တစာစာ သံချိုနှော
  ဥဩပလီ၊
  အသံက ရှင်သာကြည်
  လွမ်းပန်းချီ ခြယ်ကာမှုန်း၊
  သူ့အသံ လေစုန်တောမှာ
  မျောလွင့်နေတုန်း။

- တပေါင်းခါ သဲသောင်ထွန်း
  ကိုင်းကျွန်းတို့ ဖြစ်ထွန်းတည်၊
  သီးနှံစုံ အလှထွန်း
  ညွှန်းဖွဲ့မပြီ၊
  ရေလှိုင်းက စိမ်းလဲ့ကြည်
  မြေလွှာသည် စိမ်းရောင်စွက်၊
  မြကမ္ဗလာ နေခြည်ဦးမှာ
  ကြည်နူးဖွယ်လက်။

- တပေါင်းဆို သည်ကာလ
  စာသ၍ ကုန်နိုင်ဖွယ်၊
  တောတောင်မှာ မှုန်ပြာမှိုင်း
  တံတိုင်းလိုကွယ်၊
  အံ့ဆိုင်းလို့ ပတ်ပတ်လည်
  မြင်ကွင်းရယ် မပီသေး၊
  အေးသလို အနွေးစွက်လို့
  နှစ်မက်ဖွယ်လေး။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# ၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၌ ကလေးဖွားမြင်မှုနှုန်း စံချိန်တင်ကျဆင်း

**ဆိုးလ် ဖေဖော်ဝါရီ ၂၃**

တောင်ကိုရီးယား ပြည်တွင်း၌ ကလေးဖွားမြင်မှုနှုန်းသည် ပြီးခဲ့သည့်နှစ်အတွင်း စံချိန်တင်ကျဆင်းခဲ့ကြောင်း အစိုးရ စာရင်းဇယားများကို ကိုးကား၍ ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။

တောင်ကိုရီးယား နိုင်ငံသည် မူလကပင် အမျိုးသမီးများ ကလေးမွေးဖွားပေးနိုင်မှုနှုန်း အနိမ့်ဆုံးနိုင်ငံဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း တောင်ကိုရီးယားအမျိုးသမီးတစ်ဦးချင်းစီက မျိုးဆက်ပွားနိုင်သည့် ကာလတစ်လျှောက်လုံးအတွက် မွေးထုတ်ပေးနိုင်မည့် ပျမ်းမျှကလေးအရေအတွက်မှာ သုည ဒသမ ၇၈ ဦးထိသာရှိခဲ့ရာ ၂၀၂၁ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ပိုမိုကျဆင်းသွားကြောင်း တောင်ကိုရီးယားစာရင်းအင်းဗျူရိုသတင်း အချက်အလက်များအရ သိရသည်။

တောင်ကိုရီးယား နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွင်း အမျိုးသမီးတစ်ဦးချင်းစီ၏ ကလေးမွေးဖွားပေးနိုင်မှုနှုန်းသည် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးအဖွဲ့ (အိုအီးစီဒီ) နိုင်ငံများကြား အနိမ့်ဆုံးဖြစ်သည်။

အခြားအိုအီးစီဒီအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသမီးတစ်ဦးချင်းအလိုက် ကလေးမွေးဖွား ပေးနိုင်မှုနှုန်းမှာ ၂၀၂၀ပြည့်နှစ်တွင် ၁ ဒသမ ၅၉ ဦးနှုန်းထိ ရှိခဲ့သည်။

တောင်ကိုရီးယား အစိုးရသည် ကလေးဖွားမြင်မှုနှုန်း ကျဆင်းမှုပြဿနာကို ဖြေရှင်းရေးအတွက် အမေရိကန်ဒေါ်လာ ဘီလီယံနှင့်ချီ၍ သုံးစွဲနေသော်လည်း အောင်မြင်မှုမရှိခဲ့ကြောင်း သိရသည်။

KKO



# ဘူလ်ဂေးရီးယားနိုင်ငံက ယူရိုငွေကြေးစနစ်ကို ၂၀၂၅ ခုနှစ်တွင် စတင်သုံးစွဲနိုင်ဖွယ်ရှိ

**ဆိုဖီယာ ဖေဖော်ဝါရီ ၂၃**

သတ်မှတ်စည်းမျဉ်းများအားလုံး ပြည့်မီခဲ့ပါက ဘူလ်ဂေးရီးယားနိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှစ၍ ယူရိုငွေကြေးစနစ်ကို တရားဝင် ငွေကြေးစနစ်အဖြစ် စတင်သုံးစွဲနိုင်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဘူလ်ဂေးရီးယား နိုင်ငံအနေဖြင့် သတ်မှတ်စည်းမျဉ်းများအားလုံးပြည့်မီခဲ့ပါက ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ယူရိုငွေကြေးဇုန်အဖွဲ့ဝင်နိုင်ငံဖြစ်လာနိုင်ကြောင်း ဥရောပကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗဲလ်ဒစ်ဒွန်ဘရော့စ်ကစ်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘူလ်ဂေးရီးယား နိုင်ငံသည် ငွေတန်ဖိုးဖောင်းပွမှု စည်းမျဉ်းကို အကောင်အထည် မဖော်နိုင်ခဲ့မှုကြောင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ယူရိုငွေကြေးစနစ်စတင်သုံးစွဲမည့်အစီအစဉ်ကို ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ရုပ်သိမ်းခဲ့သည်။

ဘူလ်ဂေးရီးယား နိုင်ငံအနေဖြင့် လိုအပ်သည့် စည်းမျဉ်းများအားလုံး ပြည့်မီချိန်တွင် ယူရိုငွေကြေးဇုန်အတွင်း ဝင်ရောက်နိုင်မည်ဖြစ်ပြီး ယင်းသို့ ဝင်ရောက်နိုင်မည့်အချိန်မှာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်ဖြစ်နိုင်ကြောင်း သိရသည်။

ဘူလ်ဂေးရီးယား နိုင်ငံသည် ဥရောပသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနက် စီးပွားရေးအင်အားအချည့်နဲ့ဆုံးနိုင်ငံဖြစ်ပြီး ငွေကြေးဖောင်းပွမှုနှုန်းလည်း မြင့်မားသောနိုင်ငံဖြစ်ကြောင်း သိရသည်။

KKO

# နျူကလီးယားတပ်များအင်အားမြှင့်တင်ရေးအစီအစဉ် ရုရှားသမ္မတပူတင် ကြေညာ



**မော်စကို ဖေဖော်ဝါရီ ၂၃**

နျူကလီးယားထိပ်ဖူး အများအပြား သယ်ဆောင်နိုင်သည့် ဆာမက်အမည်ရှိ တိုက်ချင်းပစ်ဒုံးကျည်သစ်များကို ဖြန့်ကြက်ခြင်းဖြင့် ရုရှားနျူကလီးယားတပ်များ အင်အားမြှင့်တင်ရေးကို အလေးထား ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ပူတင်က ယနေ့တွင် ပြောကြားခဲ့သည်။

ယနေ့တွင် ပြောကြားခဲ့သည့် အဖနိုင်ငံကာကွယ်သူများပြည်သူ့အားလပ်ရက်အထိမ်းအမှတ်မိန့်ခွန်း၌ ရုရှား(ကြည်း၊ ရေ၊ လေ) နျူကလီးယားတပ်များအင်အားမြှင့်တင်မည့်အစီအစဉ်ကို ရုရှားသမ္မတ ပူတင်က ကြေညာခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မိမိတို့အနေဖြင့် ဆာမက်အမျိုးအစားတိုက်ချင်းပစ်ဒုံးကျည်သစ်များကို ယခုနှစ်အတွင်းဖြန့်ကြက်ခြင်းဖြင့် ရုရှားနျူကလီးယားတပ်များ အင်အားထပ်တိုးရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း သမ္မတပူတင်က ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံနှင့်ရယူထားသည့် မဟာဗျူဟာလက်နက်များ ထိန်းချုပ်ရေး သဘောတူညီချက်သစ်၌ ရုရှားပါဝင်မှုရပ်ဆိုင်းထားကြောင်း သမ္မတပူတင်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ကြေညာခဲ့သည်။

ရုရှားစစ်ဘက်သည် အာရ်အက်စ်-၂၈ ဆာမက်အမျိုးအစား တိုက်ချင်းပစ်ဒုံးကျည်ကို ၂၀၁၈ ခုနှစ်တွင် ပထမဆုံးအကြိမ်ပြသထားပြီးဖြစ်သည်။

ရုရှားနိုင်ငံအနေဖြင့် ပင်လယ်ပြင်အခြေစိုက် ဇာကွန်ဟိုက်ပါဆိုးနစ်ဒုံးကျည်များတပ်ဆင်ဖြန့်ကြက်မှုကိုလည်း ယခုနှစ်အတွင်း ပြုလုပ်မည်ဖြစ်ကြောင်း သမ္မတ ပူတင်က ပြောကြားထားသည်။ KKO

# ဂျပန်ဧကရာဇ်နာရူဟီတို ပြည်သူများရှေ့မှောက်၌ ပထမဆုံးအကြိမ် မွေးနေ့မိန့်ခွန်းပြောကြား

**တိုကျို ဖေဖော်ဝါရီ ၂၃**

ဂျပန်ဧကရာဇ် နာရူဟီတိုသည် ထီးနန်းရရှိခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြည်သူအများ ရှေ့မှောက်၌ မွေးနေ့မိန့်ခွန်းပြောကြားခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ယနေ့တွင် ပြောကြားခဲ့သော အဆိုပါ မွေးနေ့မိန့်ခွန်း၌ ဂျပန်ဧကရာဇ် နာရူဟီတိုသည် ကိုဗစ်-၁၉ ရောဂါဘေးနှင့် ငွေတန်ဖိုးဖောင်းပွမှုတို့ကြောင့် ဒုက္ခရောက်နေသူများကို ကူညီပေးကြရန် တိုက်တွန်းခဲ့သည်။

တိုကျိုမြို့ ဘုရင်နန်းတော် ဆင်ဝင်ဆောင် တစ်ဆောင်မှ တစ်ဆင့်ပြောကြားခဲ့သော ဂျပန်ဧကရာဇ်၏မွေးနေ့မိန့်ခွန်းကို ဂျပန်ပြည်သူရာပေါင်းများစွာ တက်ရောက်နားထောင်ခဲ့ကြသည်။

ဂျပန်ဧကရာဇ်များသည် မွေးနေ့များ၌ ပြည်သူများနှင့်တွေ့ဆုံရန် မိန့်ခွန်းပြောလေ့ရှိသည့် အစဉ်အလာကို ကျင့်သုံးလေ့ရှိသည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကပ်ဘေးကြောင့် ယင်းအစဉ်အလာ ကျင့်သုံးမှုကို ၂၀၂၀ ပြည့်နှစ်မှစ၍ ရပ်ဆိုင်းထားခဲ့ရသည်။

အသက် ၆၃ နှစ်အရွယ် ဧကရာဇ်နာရူဟီတိုသည် ဖခင်ဖြစ်သူ ဧကရာဇ်အကီဟီတို ထီးနန်းစွန့်လွှတ်ခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် မေ ၁ ရက်တွင် ဂျပန်ဧကရာဇ်အဖြစ် ထီးနန်းဆက်ခံခဲ့ကြောင်း သိရသည်။KKO

# အီရတ်ပို့ကုန်များအတွက် ယွမ်ငွေဖြင့် ပေးချေခွင့်ပေးရန် အီရတ်ဗဟိုဘဏ်စီစဉ်

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃**

တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်ရာတွင် ပထမဆုံးအကြိမ်အဖြစ် ယွမ်ငွေဖြင့် တိုက်ရိုက် ပေးချေခွင့်ပေးရန် အီရတ်ဗဟိုဘဏ်က စီစဉ်ထားကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ဖော်ပြခဲ့သည်။




ငွေတန်ဖိုးခိုင်မာသည့် ပြည်ပငွေကြေးစနစ်များအသုံးပြုနိုင်စွမ်းကို မြှင့်တင်ရန် ကြိုးစားသည့်အနေဖြင့် တရုတ်နှင့်ကုန်သွယ်ရာတွင် ယွမ်ငွေဖြင့် တိုက်ရိုက်ပေးချေခွင့်ပေးရန် အီရတ်ဗဟိုဘဏ်က စီစဉ်ထားခြင်းဖြစ်သည်။

အီရတ်ပို့ကုန်များအတွက် ပထမဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံက ယွမ်ငွေဖြင့် ပေးချေမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ တင်သွင်းမည့်သွင်းကုန်များအတွက် အမေရိကန်ဒေါ်လာဖြင့်သာ ပေးချေမည်ဖြစ်ကြောင်း အီရတ်အစိုးရစီးပွားရေးအကြံပေး မူဒီအာဆာလီက ဖေဖော်ဝါရီ ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

အီရတ် ဗဟိုဘဏ်သည် ပြည်တွင်းဈေးကွက်၌ အမေရိကန်ဒေါ်လာ ရှားပါးပြတ်လပ်မှုပြဿနာကို တုံ့ပြန်ရေးအတွက် အရေးပေါ်အစီအမံများအကောင်အထည်ဖော်နေရသည်။

အီရတ် ပို့ကုန်များအတွက် ယွမ်ငွေဖြင့် ပေးချေခွင့်ပြုရန် အီရတ်ဗဟိုဘဏ်က ဆုံးဖြတ်ခဲ့ခြင်းသည် နိုင်ငံတကာ၌ တရုတ်ယွမ်ငွေ အခန်းကဏ္ဍ ကျယ်ပြန့်လာမှုကို ပြသလျက်ရှိသည်။

တရုတ်နိုင်ငံသည် ယွမ်ငွေ၏ နိုင်ငံတကာအခန်းကဏ္ဍကို မြှင့်တင်ရေးအတွက် ၎င်း၏ငွေကြေးဈေးကွက်ကို အဆင့်ဆင့်ဖွင့်ပေးလျက်ရှိကြောင်း သိရသည်။ KKO

# SCIENCE AND TECHNOLOGY

## Space-X ကုမ္ပဏီက Starship ဒုံးယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းပေါ်လွှတ်တင်ရေး ပထမဆုံးအကြိမ်ကြိုးစားဖွယ်ရှိ



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာ ကုမ္ပဏီက ယခုနှစ် မတ်လအတွင်း Starship ဒုံးယာဉ်ကို ကမ္ဘာပတ်လမ်းကြောင်းပေါ် လွှတ်တင်ရေးအတွက် ပထမဆုံးအကြိမ်ကြိုးစားဖွယ်ရှိကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၂ ရက်က ရေးသားတင်ပြထားသည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ဒုံးအင်ဂျင်များ စမ်းသပ်ပြီးနောက် Starship ဒုံးယာဉ်၏အခြေအနေမှာ ကောင်းမွန်နေကြောင်း Space-X အာကာသနည်းပညာကုမ္ပဏီ တာဝန်ရှိသူများက ပြောကြားသည်။

သို့ဖြစ်ရာ Space-X အာကာသနည်းပညာ ကုမ္ပဏီအနေဖြင့် Starship ဒုံးယာဉ်ကို ယခုနှစ် မတ်လအတွင်း လွှတ်တင်ရေးအတွက် အသင့်အနေအထားရှိနေနိုင်ကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် ဖေဖော်ဝါရီ ၉ ရက်တွင် Starship ဒုံးယာဉ်၏ ဒုံးအင်ဂျင် ၃၃ လုံးအနက် ၃၁ လုံးကို စက်နှိုးစမ်းသပ်မှု အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် Starship ဒုံးယာဉ်ကိုလွှတ်တင်ရန် ပြီးခဲ့သည့်နှစ်နှစ်အတွင်း အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း အထမြောက်ခဲ့ခြင်း မရှိကြောင်း သိရသည်။

Starship ဒုံးယာဉ်သည် လကမ္ဘာနှင့်အင်္ဂါဂြိုဟ်ဆီသို့ လူသားများပို့ဆောင်ရေးအတွက် ရည်ရွယ်တည်ဆောက်ထားသည့် ဒုံးယာဉ်ဖြစ်ကြောင်း သိရသည်။ KKO


## သိပ္ပံပညာရှင်များ၏အဆိုအရ နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက်ဆီသို့ ဓာတ်ငွေ့တိမ်တိုက်တစ်ခု တိုးဝင်နေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ မဟာအာကာသတွင်းနက်ဆီသို့ ဓာတ်ငွေ့တိမ်တိုက်တစ်ခု တိုးဝင်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ Phys.org သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၂ ရက်က ရေးသားတင်ပြထားသည်။

မဟာအာကာသတွင်းနက်ဆီသို့ တိုးဝင်နေချိန်တွင် တွင်းနက်၏ ဒြပ်ဆွဲအားသက်ရောက်မှုကြောင့် X-7 ဟူ၍ အမည်ပေးထားသော အဆိုပါ ဓာတ်ငွေ့တိမ်တိုက်မှာ အလျား ဆန့်ထွက်လာကြောင်း အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

X-7 ဓာတ်ငွေ့တိမ်တိုက်၏ အလျားမှာ ကမ္ဘာနှင့်နေကြား အကွာအဝေးထက် အဆပေါင်း ၃၀၀၀ ထိ ရှိလာကြောင်း သိရသည်။



အဆိုပါတိမ်တိုက်ကို အမေရိကန် သိပ္ပံပညာရှင်များက ဒဝလျှ အမ်ရက်စ်ရေဒီယိုတယ်လီစကုပ်ဖြင့် လေ့လာစောင့်ကြည့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ X-7 ဓာတ်ငွေ့တိမ်တိုက်သည် ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်နှင့် အနီးဆုံးမှတ်သို့ ၂၀၃၆ ခုနှစ်တွင် ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

X-7 ဓာတ်ငွေ့တိမ်တိုက်သည် ဒြပ်ထုအားဖြင့် ကမ္ဘာမြေဒြပ်ထုထက် အဆ ၅၀ ပိုကြီးမားပြီး ဆာဂျီတေးရီးယပ်စ် အေစတား အာကာသတွင်းနက်ကို နှစ် ၁၇၀ လျှင် တစ်ပတ်ကျလှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

KKO

## နာဆာ၏ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အရွယ်အစားအလွန်ကြီးမားသည့် ရှေးဦးကြယ်စုကြီးခြောက်စု ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အရွယ်အစားအလွန်ကြီးမားသည့် ရှေးဦးကြယ်စုကြီး ခြောက်စုကို ရှာဖွေတွေ့ရှိထားကြောင်း The Daily Mailသတင်းစာက ဖေဖော်ဝါရီ ၂၂ ရက်က ရေးသားတင်ပြထားသည်။

သို့ရာတွင် အဆိုပါကြယ်စုကြီးများ၏ သက်တမ်းမှာ ရှေးကျလှသည်ဖြစ်ရာ စကြဝဠာဖွဲ့စည်းပုံသီအိုရီများအရ မရှိသင့်သည့် ကြယ်စုကြီးများ ဖြစ်နေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏တွေ့ရှိချက်အရ အဆိုပါကြယ်စုကြီးခြောက်စုသည် စကြဝဠာ၏ သက်တမ်း နှစ်သန်း ၅၀၀ နှင့် သန်း ၇၀၀ ကြားရှိချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကြယ်စုကြီးခြောက်စုကြောင့် စကြဝဠာပေါ်ထွက်လာပုံဆိုင်ရာ အမြင်များပြောင်းလဲသွားနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားထားသည်။

ထို့ပြင် အဆိုပါကြယ်စုကြီးခြောက်စု၏ အရွယ်အစားမှာလည်း မျှော်လင့်ထားသည်ထက် ပို၍ကြီးမားရာ ၎င်းကြယ်စုများမှာ စကြဝဠာစတင်ပေါ်ထွက်စ အချိန်မှာပင် အရွယ်အစားလျင်မြန်စွာ ကြီးထွားလာခဲ့ကြသည့် သဘောရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

နာဆာ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ စတင်ပေါ်ထွက်ပြီး နှစ်နှစ်သန်းခန့်အကြာကာလထိ စူးစမ်းလေ့လာနိုင်သော ရေဒီယိုတယ်လီစကုပ်ဖြစ်သည်။ KKO

# HEALTH

## TNX-1900 နှာခေါင်းဖျန်းဆေးက ခေါင်းကိုက်ရောဂါကို ကုစားပေးနိုင်ဖွယ်ရှိ

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

တစ်ရက်လျှင်တစ်ကြိမ်သုံးရန် သာလိုအပ်သည့် TNX-1900 ဟူ၍ အမည်ပေးထားသည့်နှာခေါင်းဖျန်းဆေးတစ်မျိုးသည် ခေါင်းကိုက်ရောဂါကို ကုစားပေးနိုင်ဖွယ်ရှိကြောင်း The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၂၂ ရက်က ရေးသားတင်ပြထားသည်။

လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ လူနာရာပေါင်းများစွာဖြင့် စမ်းသပ်နေသော TNX-1900 နှာခေါင်းဖျန်းဆေးသည် အောက်ဆီတိုဂျင် (Oxytocin) ခေါ်ဟော်မုန်းတစ်မျိုးဖြင့် ဖန်တီးထားသောဆေးဖြစ်ကြောင်း သိရသည်။

အောက်ဆီတိုဂျင်ကို မိခင်လောင်းများ မီးဖွားရာတွင် ညှစ်အားပေါ်ထွက်လာမှုနှင့် ဆက်စပ်မှုရှိသည့် ဟော်မုန်းအဖြစ် ဆေးပညာရှင်များက သတ်မှတ်ထားသော်လည်း အဆိုပါဟော်မုန်းသည် နာကျင်ကိုက်ခဲမှုတိုက်ဖျက်ရေး ဂုဏ်သတ္တိလည်းရှိကြောင်း သိရသည်။

TNX-1900 အောက်ဆီတိုဂျင် နှာခေါင်းဖျန်းဆေးသည် အာရုံနာ့ဗ်ဆဲလ်များမှတစ်ဆင့် နာကျင်မှုအချက်ပြလှိုင်းများ ဖြတ်သန်းမှုကို တားဆီးပေးခြင်း၊ နာကျင်ကိုက်ခဲမှုနှင့် ရောင်ရမ်းမှုတို့ကို လှုံ့ဆော်ပေးသော CGRP ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး အာရုံနာ့ဗ်ဆဲလ်မှပေါ်ထွက်မှုကို တားဆီးပေးခြင်းတို့ဖြင့် ခေါင်းကိုက်ဝေဒနာကို ကာကွယ်ပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ယခင်ပြုလုပ်ခဲ့ဖူးသည့် လေ့လာချက်များမှ ထွက်ပေါ်ခဲ့သော ရလဒ်များအရ အောက်ဆီတိုဂျင် ဟော်မုန်း ထွက်ပေါ်မှုကျဆင်းချိန်တွင် ခေါင်းပိုကိုက်တတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

KKO

## သက်လတ်ပိုင်းအရွယ်၌ အဝလွန်မှုက အယ်ဇိုင်းမားရောဂါမျိုးဗီဇများနှင့် ဆက်စပ်နေ

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

သက်လတ်ပိုင်းအရွယ်၌ အဝလွန်မှုသည် အယ်ဇိုင်းမားရောဂါ မျိုးဗီဇများနှင့်ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၂ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အယ်ဇိုင်းမားရောဂါ မျိုးဗီဇ ၂၁ မျိုးမှာ သက်လတ်ပိုင်းအရွယ်၌ အဝလွန်မှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အယ်ဇိုင်းမားရောဂါနှင့်ဆက်စပ်နေသော မျိုးဗီဇများ၏ သဘာဝကို ဖော်ထုတ်ရေးအတွက် လူဦးရေပေါင်း ၅၆၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက် ရလဒ်များအရ အယ်ဇိုင်းမားရောဂါ မျိုးဗီဇ ၁၃ မျိုးမှာ ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း (BMI) မြင့်မားမှုနှင့်ဆက်စပ်နေပြီး မျိုးဗီဇရှစ်မျိုးမှာ ခါး၊ တင်ပါးအဆီစုစည်းမှုအချိုးနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သက်လတ်ပိုင်းအရွယ်၌ အဝလွန်မှုသည် အယ်ဇိုင်းမားရောဂါ ဖြစ်ပွားရခြင်း၏ အကြောင်းတရားတစ်ရပ်ဖြစ်နေနိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

သို့ဖြစ်ရာ အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေကို လျှော့ချရေးအတွက် သက်လတ်ပိုင်းများအနေဖြင့် အဝလွန်မှုပြဿနာကို ဖြေရှင်းရန်အရေးကြီးကြောင်း သုတေသန ပညာရှင်များက အကြံပြုထားသည်။

KKO



နိုင်ငံတကာ
# အားကစားသတင်းများ

## အီတလီစီးရီးအေ ပွဲစဉ် (၂၄) ပွဲကြိုသုံးသပ်ချက်

ML

**လက်ချီ Vs ဆက်ဆူအိုလို**

**ကစားမည့်ရက်/အချိန် ၂၆-၂-၂၀၂၃ (နံနက် ၀၂:၁၅နာရီ)**

**ပထမအကျော့ရလဒ်**

**ဆက်ဆူအိုလို ၁ - ၀ လက်ချီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လက်ချီ** | – | **ဝေး(နိုင်)** | **အိမ်(သရေ)** | **ဝေး(နိုင်)** |
| **ဆက်ဆူအိုလို** | – | **အိမ်(နိုင်)** | **ဝေး(သရေ)** | **အိမ်(ရှုံး)** |

ပြီးခဲ့တဲ့အဝေးကွင်းပွဲမှာ တိုက်စစ်ထက်မြက်တဲ့ အတ္တလန်တာကို နိုင်ထားတဲ့ လက်ချီဟာ အိမ်ကွင်းကစားပုံဆိုးရွားနေတာကြောင့် ပြီးခဲ့တဲ့ အိမ်ကွင်းနှစ်ပွဲစလုံးနိုင်ပွဲမရခဲ့ပါဘူး။ ဆက်ဆူအိုလိုက လက်ချီလို ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းနဲ့တွေ့ချိန်မှာတော့တိုက်စစ်မြှင့်ကစားပြီး နိုင်ပွဲရှာဖွေလာမှာပါ။ ဒါကြောင့် ဆက်ဆူအိုလိုအသင်းပဲ နိုင်ပွဲရသွားမှာပါ။

**အင်တာနက်ခန့်မှန်း - လက်ချီ ၁ - ၂ ဆက်ဆူအိုလို**

## ပရီးမီးယားလိဂ် ပွဲစဉ် (၂၅) ပွဲကြိုသုံးသပ်ချက်များ

ML

**အဲဗာတန် Vs အေဗီလာ**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၃ (နံနက် ၀၉:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**အေဗီလာ ၂ - ၁ အဲဗာတန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အဲဗာတန်** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |
| **အေဗီလာ** | – | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

နည်းပြသစ်လက်ထက်မှာ အိမ်ကွင်းခြေစွမ်းကောင်းနေတဲ့ အဲဗာတန်ဟာ အခုပွဲစဉ်မှာလဲ တန်းဆင်းဇုန်ဖိအားကလွတ်ဖို့ ရမှတ်ရှာဖွေလာမှာ သေချာပါတယ်။ အေဗီလာကတော့ တိုက်စစ်ပိုင်းထက်မြက်လာပေမဲ့ ခံစစ်ပိုင်းအားနည်းချက်တွေကြောင့် နောက်ဆုံးသုံးပွဲမှာ ပေးဂိုး ၁၁ ဂိုးထိရှိခဲ့ပြီး ရုန်းကန်နေရပါတယ်။ ဒါကြောင့် အဲဗာတန်ကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - အဲဗာတန် ၂ - ၁ အေဗီလာ**

**လက်စတာ Vs အာဆင်နယ်**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၃ (ည ၀၉:၃၀နာရီ)**

**ပထမအကျော့ရလဒ်**

**အာဆင်နယ် ၄ - ၂ လက်စတာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လက်စတာ** | – | **ဝေး(နိုင်)** | **အိမ်(နိုင်)** | **ဝေး(ရှုံး)** |
| **အာဆင်နယ်** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |

လက်စတာအသင်းဟာ တိုက်စစ်ပိုင်းထက်မြက်လာတာကြောင့် နောက်ဆုံးအိမ်ကွင်းနှစ်ပွဲမှာ ခြောက်ဂိုးထိ ရရှိခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအနေနဲ့ပြီးခဲ့တဲ့ပွဲမှာ အေဗီလာကို ဂိုးပြတ်သွင်းယူနိုင်ပေမဲ့ အဝေးကွင်းခံစစ်ပိုင်းက အားနည်းချက်တွေရှိနေလို့ အခုပွဲမှာ အပြန်အလှန်သွင်းဂိုးတွေနဲ့ ရမှတ်ခွဲယူသွားနိုင်ပါတယ်။ ဒါကြောင့် တိုက်စစ်ပိုင်းကောင်းတဲ့ နှစ်သင်းတွေ့ဆုံချိန်မှာ သွင်းဂိုးတွေများနိုင်ပေမဲ့ သရေရလဒ်သာ ဖြစ်သွားမှာပါ။

**အင်တာနက်ခန့်မှန်း - လက်စတာ ၂ - ၂ အာဆင်နယ်**

## အားကစားသတင်း အတိုအထွာများ

- ❑ အဲဗာတန်အသင်းက ၂၀၂၄ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ဂိုးသမားပစ်ဖို့ဒ်ကို စာချုပ်သက်တမ်းတိုးရန် ကြိုးပမ်းမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။
- ❑ အာဆင်နယ်အသင်းက အေစီမီလန်၊ အင်တာမီလန်၊ မာဆေးနှင့် ဗီလာရီးရဲလ်အသင်းတို့က စိတ်ဝင်စားနေသည့် ကွင်းလယ်ကစားသမား ဘာလိုဂန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းအလိုရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- ❑ အင်္ဂလန်ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်မှုများပြုလုပ်ပေးရန် စီစဉ်ထားကြောင်း ဗြိတိန်အစိုးရက ထုတ်ပြန်ကြေညာခဲ့သည်။ ML

# ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် လက်ကျန်သုံးနေရာမှ နှစ်နေရာကို ပေါ်တူဂီအသင်းနှင့် ဟေတီအသင်းတို့ ပထမဆုံးအကြိမ်ဝင်ခွင့်ရရှိ




**လစ္စဘွန်း ဖေဖော်ဝါရီ ၂၃**

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်လက်ကျန် သုံးနေရာအတွက် ရှုံးထွက်အဆင့်ပွဲစဉ်များကို ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီအမျိုးသမီးအသင်းနှင့် ဟေတီအမျိုးသမီးအသင်းတို့ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိခဲ့ကြပြီး ပထမဆုံးအကြိမ်အဖြစ် ဝင်ခွင့်ရရှိခဲ့ကြောင်းTelegraph သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် လက်ကျန်သုံးနေရာအတွက် ရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ဟေတီအမျိုးသမီးအသင်းနှင့် ချီလီအမျိုးသမီးအသင်းတို့ကစားခဲ့ရာတွင် ဟေတီအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် အသင်းသမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် ဝင်ခွင့်ရရှိခဲ့ပြီး ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အမျိုးသမီးအသင်း၊ ဒိန်းမတ်အမျိုးသမီးအသင်းနှင့်အာရှထိပ်သီးတရုတ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်မည်ဖြစ်သည်။

အလားတူ အခြားရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ပေါ်တူဂီအမျိုးသမီးအသင်းနှင့် ကင်မရွန်းအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပေါ်တူဂီအမျိုးသမီးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်အတွက် အသင်းသမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အမေရိကန် အမျိုးသမီးအသင်း၊ နယ်သာလန်အမျိုးသမီးအသင်းနှင့် ဗီယက်နမ်အမျိုးသမီးအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်မည်ဖြစ်သည်။

နောက်ဆုံးလက်ကျန်တစ်နေရာအတွက် ပါရာဂွေးအမျိုးသမီးအသင်းနှင့် ပနားမားအမျိုးသမီးအသင်းတို့ ကစားရမည်ဖြစ်ပြီး အနိုင်ရရှိသည့် အသင်းအနေဖြင့် ပြင်သစ်အသင်း၊ ဘရာဇီးအသင်းနှင့် ဂျမေကာအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်မည်ဖြစ်ကြောင်း သိရသည်။

STA

# အာဆင်နယ်အသင်းက ကွင်းလယ်ကစားသမား ရှာကာကို စာချုပ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိ




**လန်ဒန် ဖေဖော်ဝါရီ ၂၃**

အာဆင်နယ် အသင်းသည် ကွင်းလယ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် ရှာကာကို ၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း လာမည့် ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွင်းလယ်ကစားသမား ရှာကာသည် ယခုနှစ်ဘောလုံးရာသီ အာဆင်နယ်အသင်းနှင့် အတူ ပြိုင်ပွဲစုံတွင် ၃၁ ပွဲထိ ပွဲထွက်ခွင့်ရရှိခဲ့ကာ သွင်းဂိုး လေးဂိုးနှင့် ဂိုးဖန်တီးမှုငါးကြိမ်ထိ ပြုလုပ်ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် နည်းပြ အာတီတာ၏ ယုံကြည်မှုကိုရရှိခဲ့သူဖြစ်ပြီး လာမည့် ၂၀၂၄ ခုနှစ်မှ သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းအနေဖြင့် တစ်နှစ်သက်တမ်းတိုးရန် စီစဉ်ခဲ့သည်။

အာဆင်နယ်အသင်းနှင့်ရှာကာတို့၏သဘောတူစာချုပ်တွင် ၂၀၂၄ ခုနှစ်ထိ သက်တမ်းတိုးခဲ့သော်လည်း စာချုပ်ကုန်ဆုံးပါက တစ်နှစ်သက်တမ်းတိုးခွင့် ပါရှိနေသောကြောင့် အသင်းအနေဖြင့် ကစားသမား၏ စွမ်းဆောင်ရည်ကို သဘောကျသောကြောင့် တစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ရာ ကစားသမားအနေဖြင့်လည်း သဘောတူညီခဲ့ကြောင်း သိရသည်။

အသက် ၃၀ ရှိ ကွင်းလယ်ကစားသမား ရှာကာသည် ၂၀၁၆ ခုနှစ်က ဂလာဘတ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကာ အသင်းနှင့်ဘောလုံးရာသီ ခုနစ်ရာသီဖြတ်သန်းခဲ့ရာ ပြိုင်ပွဲစုံ ၂၈၁ ပွဲတွင် သွင်းဂိုး ၁၈ ဂိုးထိ သွင်းယူနိုင်ခဲ့ပြီး ကွင်းလယ်ပိုင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်နေသောကြောင့် လူငယ်ကစားသမားများနှင့် တည်ဆောက်နေသည့် အာဆင်နယ်အသင်းအနေဖြင့် အသက်အရွယ်ရလာသည့် ရှာကာကို စာချုပ်သက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် အသင်းသည် ကွင်းလယ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် ဝက်စ်ဟမ်းအသင်းကစားသမား ဒီကလန်ရိုက်နှင့် ဘရိုက်တန်ကစားသမား ကာစီဒိုတို့ကို ခေါ်ယူရန် ကြိုးပမ်းနေသော်လည်း ကွင်းလယ်ကစားသမား အယ်နန်နီကို သက်တမ်းတိုးခဲ့သည့်အပြင် ရှာကာကိုလည်း သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ML

# ဖီနာဘာချီဂိုးသမား ဘာရင်ဒီယာ စပါးအသင်းသို့ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိ

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

စပါးအသင်းသည် တူရကီကလပ် ဖီနာဘာချီအသင်းနှင့် လက်စွမ်းပြကစားနေသည့်ဂိုးသမား ဘာရင်ဒီယာကို လာမည့် နွေရာသီတွင် ခေါ်ယူနိုင်ရန် သဘောတူညီမှုရရှိခဲ့ကြောင်း Tbrfootball.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီနာဘာချီအသင်း ဂိုးသမား ဘာရင်ဒီယာသည် ယခုနှစ်ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် Clean Sheet ရှစ်ကြိမ်နှင့် ပင်နယ်တီ တစ်ကြိမ်ကာကွယ်မှု ပြုလုပ်နိုင်ခဲ့ကာ အသင်းအား အမှတ်ပေးဇယား အဆင့် (၂) သို့ ရောက်ရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သောကြောင့် စပါးအသင်း တာဝန်ရှိသူများက ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

စပါးအသင်း၏ ဝါရင့်ဂိုးသမား လိုရစ်သည် အသင်းနှင့်ဘောလုံးရာသီ ရှစ်ရာသီကျော်ဖြတ်ခဲ့ရာတွင် အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်နိုင်ခဲ့သော်လည်း လက်ရှိတွင် အသက်အရွယ်အရအကျပိုင်းရောက်လာသောကြောင့် မကြာခဏအမှားများ ကျူးလွန်နေသည့်အပြင် ဒဏ်ရာပြဿနာမကြာခဏရရှိနေသောကြောင့် အသင်းအနေဖြင့် ဦးစားပေးဂိုးသမားနေရာအတွက် အေတီကိုဂိုးသမား အိုဘလက်၊ ဆီဗီလာဂိုးသမား ဘိုနိုတို့ အပါအဝင် နာပိုလီဂိုးသမား မီရက်တို့ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းခဲ့ရာ အောင်မြင်မှု မရခဲ့သောကြောင့် ဖီနာဘာချီအသင်းကို အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူနေသည့် ဂိုးသမား ဘာရင်ဒီယာကို ကမ်းလှမ်းခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သည်။

ဂိုးသမား ဘာရင်ဒီယာအနေဖြင့် စပါးအသင်းနှင့် သဘောတူညီချက်တွင် တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် တစ်သန်းနီးပါးရရှိမည်ဖြစ်ပြီး လာမည့်နွေရာသီအပြောင်းအရွှေ့တွင် စပါးအသင်းနှင့် ပူးပေါင်းမည်ဖြစ်ကြောင်း သိရသည်။

ML

# ၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) တွင် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးပြတ်အနိုင်ရ



**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) အဖြစ် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့်ဂျီအက်ဖ်အေ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက် အသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေး ကစားနိုင်ခဲ့ပြီး ဂျီအက်ဖ်အေ အသင်းအနေဖြင့် ရန်ကုန်ယူနိုက်တက်တိုက်စစ်ဆင်မှုများကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် ၂၁မိနစ်၊ မိနစ် ၃၀ နှင့် ၄၅ မိနစ်တို့တွင် ဝင်းနိုင်ထွန်းက ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်း ပြန်လည် စတင်ချိန်တွင်လည်း ရန်ကုန်ယူနိုက်တက်အသင်းကပင် ဆက်လက်တိုက်စစ်ဆင်ဖိအားပေး ကစားနိုင်ခဲ့ကာ ဂျီအက်ဖ်အေ အသင်းက ရန်ကုန်ယူနိုက်တက် အသင်း တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့သော်လည်း ပွဲချိန်မိနစ် ၅၀ တွင် ကောင်းထက်စိုးက လည်းကောင်း၊ ပွဲချိန် ၈၆မိနစ်တွင် ဥက္ကာနိုင်က လည်းကောင်း ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးများ ဆက်လက်သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အသင်းက ဂျီအက်ဖ်အေအသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

၂၀၂၃ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) အခြားပွဲစဉ်အဖြစ် မြဝတီအက်ဖ်စီအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင် တစ်ဂိုးစီသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။

STA

# ဗြိတိန်အစိုးရက ပရီးမီးယားလိဂ်အသင်းများကို လောင်းကစားကုမ္ပဏီရင်ဘတ်စာတန်းအသုံးပြုမှုပိတ်ပင်မည်

**လန်ဒန် ဖေဖော်ဝါရီ ၂၃**

ဗြိတိန်အစိုးရက လာမည့် ဘောလုံးရာသီမှစတင်ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲဝင်အသင်းကို ဂျာစီရင်ဘတ်တွင် လောင်းကစားကုမ္ပဏီအမည်အသုံးပြုမှုကို စတင်ပိတ်ပင်သွားမည်ဟုThe Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဗြိတိန်အစိုးရက လောင်းကစားကုမ္ပဏီများ၏နာမည်ကို ရင်ဘတ်တွင် ထည့်သွင်းအသုံးပြုမှုအား အစောပိုင်းကတည်းက ပိတ်ပင်ရန် စီစဉ်နေပြီး မကြာမီလောင်းကစားကုမ္ပဏီများကို ပိတ်ပင်မည့် စည်းမျဉ်းဥပဒေအား ပြဋ္ဌာန်းသွားမည်ဖြစ်သည့်အတွက် ပရီးမီးယားလိဂ်မှ အသင်းများအနေဖြင့် လာမည့်ဘောလုံးရာသီမှ စတင်ကာ ၎င်းတို့နှင့် ဂျာစီရင်ဘတ်စပွန်ဆာ စာချုပ်ချုပ်ဆိုထားသည့် လောင်းကစားကုမ္ပဏီများ၏ အမည်ကို အသုံးပြုခွင့် ပိတ်ပင်ခံရမည် ဖြစ်သည်။

ဗြိတိန်အစိုးရက လောင်းကစားကုမ္ပဏီများကို ပိတ်ပင်ခြင်းမဟုတ်သော်လည်း ပရီးမီးယားလိဂ်ကလပ်အသင်းများမှလောင်းကစားကုမ္ပဏီအမည်များ အသုံးပြုနေခြင်းကို ပိတ်ပင်မည်ဖြစ်ပြီး လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် လောင်းကစားကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပြီး ၎င်းတို့အသင်းဂျာစီတွင် စပွန်ဆာ လောင်းကစားကုမ္ပဏီများ၏အမည် အသုံးပြုနေသည့် အသင်းများအဖြစ် ဘုန်းမောက်အသင်း၊ ဘရန့်ဖို့ဒ်အသင်း၊ ဝက်စ်ဟမ်းအသင်း၊ အဲဗာတန်အသင်း၊ ဖူလ်ဟမ်အသင်း၊ လိဒ်အသင်း၊ နယူးကာဆယ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့က အသုံးပြုနေခြင်းဖြစ်သည်။

နောက်ပိုင်းကာလများတွင် ကမ္ဘာတစ်ဝန်းမှ လောင်းကစားကုမ္ပဏီကြီးများအနေဖြင့် ၎င်းတို့ကုမ္ပဏီကို လူအများအပြား စိတ်ဝင်စားမှုရရှိလာစေရန်အတွက် ပရိသတ်အများစုအားပေးနေသည့် ပရီးမီးယားလိဂ်မှ ကလပ်အသင်းများကို ဂျာစီရင်ဘတ်စပွန်ဆာ စာချုပ်များ ချုပ်ဆိုထားကြောင်း သိရသည်။

STA

# LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့်ကစားသမားများအား 2023 PGA Championship တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ အခြေစိုက် PGA Tour အဖွဲ့ချုပ်သည် ဆော်ဒီနိုင်ငံမှ ငွေကြေးထောက်ပံ့ပေးနေသည့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကစားသမားများအား PGA Tour ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ထားသော်လည်း လာမည့် မေ ၁၈ ရက်တွင် အမေရိကန်နိုင်ငံ နယူးယောက်၌ ကျင်းပသွားမည့် 2023 PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ထုတ်ပြန်သွားခဲ့သည်ဟု Golf Digest သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

PGA Tour ၏ အခြားသောပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြု၊ မပြုကိုမူ ဆုံးဖြတ်ရခြင်းမရှိသေးဘဲ 2023 PGA Championship တွင် ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားရန် ဆုံးဖြတ်လိုက်ကြောင်း PGA Tour ၏ အမှုဆောင်ချုပ်ဖြစ်သူ ဆက်သ်ဝေါက်ကပြောကြားခဲ့သည်။

LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကစားသမားများသည် ဂေါက်သီးရိုက်လောက၏ ဝေဖန်မှုများဖြင့် ရင်ဆိုင်နေရသော်လည်း ပြိုင်ပွဲကျင်းပပုံစနစ်ကောင်းမွန်ပြီး ဆုကြေးငွေမြင့်မားသည့်အတွက် ဝေဖန်မှုများကို တုံ့ပြန်ခြင်းမရှိဘဲ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဆုံးဖြတ်ခဲ့ကြသည်။




PGA Tour အဖွဲ့ချုပ်၏ အမှုဆောင်ချုပ်ဖြစ်သူ ဆက်သ်ဝေါက်က "PGA Tour ရဲ့ ရည်ရွယ်ချက်က ဂေါက်သီးရိုက်ပြိုင်ပွဲရဲ့အနာဂတ်ပိုပြီးတော့ ကောင်းမွန်လာစေရေး အချက်ပေါ် အခြေခံပြီးမှ ဆောင်ရွက်နေပါတယ်။ PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲကိုလဲ ဂေါက်သီးရိုက်လောကအတွက် အကောင်းဆုံးပြိုင်ပွဲတစ်ရပ်ဖြစ်လာစေချင်တယ်။ PGA Tour နဲ့ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲဆိုပြီး နှစ်ခြမ်းကွဲနေတဲ့ ကိစ္စဟာ ဂေါက်သီးရိုက်လောကအတွက်သာမက အားကစားလောကအတွက် အလားအလာမကောင်းပါဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီးထိရောက်တဲ့ အဖြေတစ်ခုရှာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ လာမဲ့ မေလမှာ ကျင်းပသွားမဲ့ 2023 PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာတော့ LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်နေတဲ့ ကစားသမားတွေကို ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# Dubai Tennis Championships ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ စစီယာတက်ခ်တက်ရောက်

**ဒူဘိုင်း ဖေဖော်ဝါရီ ၂၃**

ဒူဘိုင်းတွင် ကျင်းပနေသည့် Dubai Tennis Championships တင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပိုလန်တင်းနစ်မယ် စစီယာတက်ခ်နှင့်ချက်တင်းနစ်မယ် ပလစ်ချ်ကိုဗာတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သော်လည်း ပွဲမစတင်မီ ပလစ်ချ်ကိုဗာသည် ဒဏ်ရာပြဿနာရှိနေသည့်အတွက် စစီယာတက်ခ်နှင့်ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းမရှိဘဲ ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ရကြောင်း Tennis-X သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့် (၁) တင်းနစ်မယ် စစီယာတက်ခ်သည် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရလဒ်မကောင်းခဲ့သော်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲနောက်ပိုင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲများတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူနိုင်ခဲ့သည်။

Dubai Tennis Championships တင်းနစ်ပြိုင်ပွဲတွင်လည်း ကွာတားဖိုင်နယ်အဆင့်ထိ ယှဉ်ပြိုင်ကစားခဲ့သည့် အဆင့်များတွင် ပွဲငယ်တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပြီး ကျန်သည့် ပွဲငယ်တိုင်းကို အနိုင်ရရှိခဲ့သည်။

စစီယာတက်ခ်အနေဖြင့် လက်ရှိ အမျိုးသမီး တင်းနစ်လောကတွင် ပြိုင်ဘက်ကင်းသည့် တင်းနစ်မယ်တစ်ဦးအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်းလည်း ကမ္ဘာ့အဆင့် (၁) တင်းနစ်ကစားသမားဟောင်း တစ်ဦးဖြစ်သူ ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးက ချီးကျူးခဲ့သည်။

အင်ဒီမာရေးက "အမျိုးသမီး တင်းနစ်လောကမှာ စစီယာတက်ခ်ဟာ ထူးခြားတဲ့ တင်းနစ်မယ်တစ်ဦးဖြစ်သလိုလက်ရှိမှာတော့ ပြိုင်ဘက်ကင်းတစ်ယောက်ပါ" ဟု ချီးကျူးခဲ့သည်။

ပလစ်ချ်ကိုဗာက "လွန်ခဲ့တဲ့ နှစ်အနည်းငယ်လောက်က ဒီပြိုင်ပွဲမှာ ဗိုလ်လုပွဲစဉ်ထိတက်ရောက်နိုင်ခဲ့ဖူးတယ်။ ဒီပြိုင်ပွဲမှာ အမှတ်တရကောင်းတွေအများကြီးရှိခဲ့ပါတယ်။ ဒီနှစ်မှာလဲ အကောင်းဆုံး ကစားနိုင်ခဲ့တယ်။ ဒါပေမဲ့လဲ ကွာတားဖိုင်နယ်အဆင့်မှာ ဒဏ်ရာပြဿနာကြောင့် ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်း မရှိပါဘူး။ တော်တော်လေးစိတ်ပျက်မိပါတယ်။ ဒီပြိုင်ပွဲအတွက် အများကြီးပြင်ဆင်ထားပြီးမှ ဒဏ်ရာကြောင့် ပြိုင်ပွဲကနေ နုတ်ထွက်ခဲ့ရတယ်။ နောက်နှစ်တွေမှာ ပြန်လည်ဆုံတွေ့ချင်ပါတယ်"ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

AZL

## ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၂၂) ပွဲကြိုသုံးသပ်ချက်

STA

**လိုက်ပ်ဇစ်** Vs **ဖရန့်ဖတ်**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၃ (ည ၀၉း၀၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဖရန့်ဖတ် ၄ – ၀ လိုက်ပ်ဇစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **လိုက်ပ်ဇစ်** | – | **အိမ်(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(သရေ)** |
| **ဖရန့်ဖတ်** | – | **ဝေး(ရှုံး)** | **အိမ်(နိုင်)** | **အိမ်(ရှုံး)** |

လက်ရှိ ခြေစွမ်းပိုင်းကောင်းမွန်နေတဲ့ လိုက်ပ်ဇစ်အသင်းဟာ အိမ်ကွင်းမှာ ဖရန့်ဖတ်အသင်းကိုဖိအားပေးကစားနိုင်မှာပါ။ ဖရန့်ဖတ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းကလဲ တည်ငြိမ်မှုမရှိလို့ အခု အဝေးကွင်းပွဲစဉ်မှာလဲ ရှုန်းကန်ရမှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ လိုက်ပ်ဇစ်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း – လိုက်ပ်ဇစ် ၂ – ၁ ဖရန့်ဖတ်**

## စပိန်လာလီဂါ ပွဲစဉ် (၂၃) ပွဲကြိုသုံးသပ်ချက်

STA

**အက်စ်ပန်ညို** Vs **မာယော့ကာ**

**ကစားမည့်ရက်/အချိန် ၂၅-၂-၂၀၂၃ (ည ၀၇း၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**မာယော့ကာ ၁ – ၁ အက်စ်ပန်ညို**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **အက်စ်ပန်ညို** | – | **အိမ်(သရေ)** | **အိမ်(ရှုံး)** | **ဝေး(နိုင်)** |
| **မာယော့ကာ** | – | **အိမ်(နိုင်)** | **ဝေး(ရှုံး)** | **အိမ်(နိုင်)** |

မာယော့ကာအသင်းဟာ အသင်းလိုက်ကစားပုံကောင်းမွန်တယ်ဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိပါဘူး။ အက်စ်ပန်ညိုအသင်းကလဲ အသင်းလိုက်ကစားပုံတည်ငြိမ်မှုရှိလို့ ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းကွာခြားမှုမရှိလို့ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးလာမဲ့ အက်စ်ပန်ညိုအသင်းပဲအနိုင်ရယူသွားမှာပါ။

**အင်တာနက်ခန့်မှန်း – အက်စ်ပန်ညို ၁ – ၀ မာယော့ကာ**

# ကုန်သွယ်မှုလိုငွေပြနေသော်လည်း စစ်ဘက်ဆိုင်ရာအဆင့်မြှင့်တင်နေသော ထိုင်းနိုင်ငံ




ထိုင်းနိုင်ငံ၏စီးပွားရေးသည် ကမ္ဘာလုံးဆိုင်ရာ နိုင်ငံရေးအခြေအနေများကြောင့် အကျပ်အတည်းများ ရှိနေသည့်တိုင်အောင် ၂၀၂၂ ခုနှစ်အတွင်း မျှော်မှန်းထားသည်ထက် ပိုမိုတိုးတက်လာခဲ့သည်။ ထိုင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသွားဦးရေ ၁၁ ဒသမ ၈၁ သန်းကျော်ကိုဆွဲဆောင်နိုင်ခဲ့သဖြင့် အစိုးရ၏မျှော်မှန်းထားမှု ကမ္ဘာလှည့်ခရီးသွားဦးရေ ၁၀ သန်းကိုကျော်လွန်ခဲ့သည်။ ထို့ပြင် လျှပ်စစ်ကား (EV)ထုတ်လုပ်ရေး မျှော်မှန်းချက်မှာလည်း အလားအလာကောင်းမွန်သောကြောင့် အရှေ့တောင်အာရှတွင် EV ထုတ်လုပ်ရေးစင်တာ ဖြစ်တည်ရေးဆိုသည့် တိုင်းပြည်၏မျှော်မှန်းချက်သည် ပိုမိုခိုင်မာအားကောင်းလာပြီဖြစ်သည်။ ၂၀၂၂ ခုနှစ် ပထမလေးလတာကာလအတွင်း ပြည်ပပို့ကုန်တန်ဖိုးကျဆင်းခဲ့သည်ဟုဆိုသော်လည်း ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ် ပြည်ပပို့ကုန်တန်ဖိုးသည် ၄ ရာခိုင်နှုန်းကျော်ခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၂၈၇ ဘီလီယံထိ ရှိခဲ့သည်။

မည်သို့ပင်ဆိုစေ ၂၀၂၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ သွင်းကုန်တန်ဖိုးသည် ၁၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၃၀၃ ဘီလီယံခန့်ရှိခဲ့သဖြင့် ငါးနှစ်အတွင်း ပို့ကုန်တန်ဖိုးထက် ပထမဆုံးအကြိမ် ကျော်လွန်မှုပင်ဖြစ်သည်။ ထို့ကြောင့် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁ ဘီလီယံ ရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ကုန်သွယ်မှုပိုငွေသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၇ ဘီလီယံထိ စံချိန်တင်ခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း ကုန်သွယ်မှုလိုငွေဖြစ်ရသည့် အဓိကအကြောင်းရင်းမှာ အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၇ ဘီလီယံတန်ဖိုးရှိသော သဘာဝဓာတ်ငွေ့ တင်သွင်းခဲ့ရသောကြောင့်ဖြစ်ပြီး ၎င်းပမာဏသည် ၂၀၂၁ ခုနှစ်ကထက် ၁၁၅ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ကမ္ဘာတစ်ဝန်း သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုနှင့် ကုန်ထုတ်လုပ်မှုစရိတ်များကြီးမြင့်နေသည့်အချိန်တွင် သဘာဝဓာတ်ငွေ့နှင့် စက်သုံးဆီကို အဓိကတင်သွင်းရလျက်ရှိသည့် ထိုင်းနိုင်ငံအနေဖြင့် ကုန်သွယ်မှုလိုငွေ ပိုမိုပြလာခဲ့သည်။

ထိုင်းနိုင်ငံ၏ ကာကွယ်ရေးပစ္စည်းများ ဝယ်ယူမှုကလည်း ကုန်သွယ်လိုငွေပိုမိုပြလာခဲ့သည်။ ၂၀၂၂ ခုနှစ်အတွင်း ကာကွယ်ရေးပစ္စည်းများ တင်သွင်းမှုသည် ၁၀၃၉ ရာခိုင်နှုန်းထိရှိခဲ့သောကြောင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၄ ဘီလီယံထိရှိခဲ့ရာ သာမန်ထိုင်းပြည်သူများကို ခေါင်းခြောက်စေခဲ့သည်။ တစ်ချိန်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် ယူကရိန်းအရေးအပြင် အမေရိကန်နှင့်တရုတ်တို့ကြား အင်အားပြိုင်ဆိုင်မှုများကြောင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများရှိလာသည့်အတွက် ထိုင်းအစိုးရ အသိုက်အဝန်းသည် တပ်မတော်ကို ချက်ချင်းအဆင့်မြှင့်တင်သွားရန် လိုအပ်သည်ဟု ရှုမြင်လျက်ရှိကြသည်။ ထိုင်းနိုင်ငံအနေဖြင့် ချက်ချင်းတိုက်ခိုက်ခံရမည့်အန္တရာယ်မရှိသော်လည်း ဒေသတွင်းရှိ အင်အားကြီးနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့်ဂျပန်တို့အပြင် အရှေ့တောင်အာရှရှိ အင်အားနည်းနိုင်ငံများသည်ပင်လျှင် ကာကွယ်ရေးစွမ်းဆောင်ရည်ကို အလျင်အမြန် တည်ဆောက်လျက်ရှိသောကြောင့် ထိုင်းခေါင်းဆောင်များအနေဖြင့်လည်း တပ်မတော် အဆင့်မြှင့်တင်မှုလုပ်ငန်းများ လုပ်ဆောင်ရလျက်ရှိသည်။ ထို့သို့ တပ်မတော်အတွက် ကာကွယ်ရေးပစ္စည်းများ အရေးပေါ်ဝယ်ယူရခြင်း၏ အခြားအကြောင်းရင်းတစ်ရပ်မှာ တပ်မတော်က ကျောထောက်နောက်ခံပေးထားသော ပရာယွတ်ချန်အိုချာအစိုးရသည် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး တပ်မတော်နှင့်ကွဲလွဲမှုရှိသည့် Pheu Thai နှင့် Move Forward ပါတီတို့သည် ထိုင်းအစိုးရသစ် ဖြစ်လာဖွယ်ရာရှိသောကြောင့်ပင်ဖြစ်သည်။

အထူးသဖြင့် Pheu Thai ပါတီသည် ရွေးကောက်ပွဲစစ်တမ်းများအရ ထောက်ခံမှုအများဆုံးရရှိလျက်ရှိသည်။ သို့သော် အဆိုပါ Pheu Thai ပါတီအနေဖြင့် ယခုနှစ်ရွေးကောက်ပွဲ၌ အမှန်တကယ်အနိုင်ရရှိနိုင်မလားဆိုသောမေးခွန်းလည်း ထွက်ပေါ်လျက်ရှိသည်။ နိုင်ငံရေးတွင် တပ်မတော်၏ပါဝင်နေမှုနှင့် ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်ရွေးချယ်ရာတွင် ဆီးနိတ်ကို ဆက်လက်လွှမ်းမိုးချုပ်ကိုင်ထားနိုင်မှုတို့သည် Pheu Thai ပါတီ၏ ရွေးကောက်ပွဲအောင်နိုင်ရေးအပေါ် လုံးလုံးလျားလျားပိတ်ဆို့နိုင်ခြင်းမရှိသည့်တိုင်အောင် အင်အားချည့်နဲ့မှုဖြစ်ပေါ်စေမည်ဖြစ်သည်။ ထို့ပြင် Pheu Thai ပါတီသည် လုံးဝတပ်မတော်ဆန့်ကျင်သောပါတီမဟုတ်ဘဲ ထိုင်းနိုင်ငံ၏လုံခြုံရေးရာကိစ္စများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိသည့် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဟောင်း ဗိုလ်ချုပ်ကြီး ပရာဝပ်ဝုန်ဆူဝုန် ဦးဆောင်သော Palang Pracharath ပါတီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့စည်းသွားရန် လမ်းဖွင့်ထားရှိသည်။

၂၀၂၂ ခုနှစ်အတွင်း ထိုင်းဘုရင့်တပ်မတော်က လက်မှတ်ရေးထိုးခဲ့သော ကာကွယ်ရေးပစ္စည်းဝယ်ယူရေး ကန်ထရိုက်စာချုပ်များတွင် အပေါ့စားတိုက်ခိုက်ရေးနှင့် လက်နက်တပ်ဆင်နိုင်သော ကင်းထောက် AH-6 ရဟတ်ယာဉ်များဝယ်ယူရန် အမေရိကန်နှင့်စာချုပ်လက်မှတ်ရေးထိုးခဲ့သည့်အပြင် ပင်လယ်ရေကြောင်းစစ်ဆင်ရေးများတွင် အထောက်အကူပြုမည့် Hermes 900 ဒရုန်းများဝယ်ယူရန် အစ္စရေးနိုင်ငံနှင့် စာချုပ်လက်မှတ်ရေးထိုးခဲ့သည်။ ကန်ထရိုက်စာချုပ်နှစ်ခုစလုံးသည် ၂၀၂၅ ခုနှစ်ထိ အသက်ဝင်မည်ဖြစ်သည်။

ထိုင်းနိုင်ငံအနေဖြင့် အမေရိကန်ထံမှ F-35 တိုက်လေယာဉ်များဝယ်ယူရန် ကြိုးပမ်းလျက်ရှိသော်လည်း တရုတ်နှင့်ထိုင်းနိုင်ငံတို့၏ နီးကပ်သောဆက်ဆံရေးကြောင့် အဆိုပါဝယ်ယူရေးအစီအစဉ် ရပ်လုံးပေါ်လာရန်သည် အခွင့်အလမ်းနည်းပါးလျက်ရှိသည်။ ထိုင်းအာကာသပိုင်များအနေဖြင့်လည်း အဆိုပါအခက်အခဲကို သိရှိသဘောပေါက်ထားသဖြင့် Gripen ဂျက်တိုက်လေယာဉ်များ ထပ်မံဝယ်ယူရေးအတွက် ဆွီဒင်၏ Saab AB နှင့် ဆွေးနွေးလျက်ရှိသည်။

ထိုင်းနိုင်ငံ၏ စစ်ရေးဆိုင်ရာအရေးပေါ် တည်ဆောက်မှုများသည် ရေတပ်ဆိုင်ရာနယ်ပယ်များတွင် ပိုမိုတွေ့မြင်လာရသည်။ ထိုင်းဘုရင့်ရေတပ် (RTN) သည် တရုတ်နိုင်ငံနှင့်ချုပ်ဆိုထားသော ရေငုပ်သင်္ဘောတည်ဆောက်ရေးကိစ္စကို တိုးတက်အောင်လုပ်ဆောင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် FK-3 အမျိုးအစားလေကြောင်းရန်ကာကွယ်ရေးစနစ်ကို ပြည်သူလူထုသို့ ထုတ်ဖော်ပြသခဲ့သည်။ ထို့ပြင် RTN သည် ဖရီဂိတ်စီမံကိန်းအတွက် အစိုးရအဖွဲ့ထံမှ အမေရိကန်ဒေါ်လာ ၄၄၉ သန်းတောင်းခံထားရှိပြီးဖြစ်သည်။ အဆိုပါ ဖရီဂိတ်စီမံကိန်းကို ပြည်ပနည်းပညာအကူအညီဖြင့် ၂၀၂၇ ခုနှစ်တွင် ပြည်တွင်း၌ အပြီးသတ်တည်ဆောက်သွားမည်ဖြစ်သည်။ ထို့ကြောင့် လက်ရှိအချိန်တွင် ထိုင်းနိုင်ငံသည် ကာကွယ်ရေးဆိုင်ရာပစ္စည်းများ တင်သွင်းမှုမြင့်တက်နေသည့်တိုင်အောင် ပြည်ပစစ်လက်နက်ပစ္စည်းများ တင်သွင်းမှုအပေါ် မှီခိုနေရမှုကို လျှော့ချလျက်ရှိသည့်အပြင် ပြည်တွင်း၌ပင် ကာကွယ်ရေးပစ္စည်းများ ထုတ်လုပ်သွားရန် ကြိုးပမ်းလျက်ရှိသည်။

သို့သော် လက်ရှိအချိန်တွင် ထိုင်းသာမန်ပြည်သူများသည် အဆိုပါအခြေအနေများကိုလက်ခံရန် ခက်ခဲလျက်ရှိသည်။ ပြည်သူများသည် လက်နက်ဝယ်ယူရာတွင် ငွေကြေးလေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်မှုကို မေးခွန်းထုတ်လျက်ရှိသည်။ အထူးသဖြင့် လွန်ခဲ့သောနှစ်အတွင်း ထိုင်းပင်လယ်ကွေ့အတွင်း HTMS Sukhothai နစ်မြုပ်မှုဖြစ်ပွားခဲ့မှုနှင့်စပ်လျဉ်း၍ ဘေးကင်းလုံခြုံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စစ်လက်နက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းမှုစွမ်းဆောင်ရည်များအပေါ် သံသယဝင်လာလျက်ရှိသည်။ ၎င်းကိစ္စအပေါ် စုံစမ်းစစ်ဆေးမှုကို ပွင့်လင်းမြင်သာစွာထုတ်ပြန်ခဲ့ခြင်းမရှိသဖြင့် တပ်မတော်အပေါ် ပြည်သူများ၏ယုံကြည်မှု ကျဆင်းလာခဲ့သည်။ ထိုင်းဘုရင့်တပ်မတော်အနေဖြင့် ပြည်သူများနှင့်ချိတ်ဆက်ဆောင်ရွက်မှုနှင့် ပွင့်လင်းမြင်သာမှုမရှိလျှင် စစ်ဘက်အဆင့်မြှင့်တင်ရေးဆိုင်ရာ ထိုင်းနိုင်ငံ၏ လမ်းပြမြေပုံသည် စစ်ဆေးမေးမြန်းမှုများနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။

ဆိုရလျှင် ထိုင်းအစိုးရသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားစဉ်ကာလ၌ပင်လျှင် ထိုင်းဘုရင့်တပ်မတော်အတွက် စစ်လက်နက်ပစ္စည်းများဝယ်ယူရန် ကာကွယ်ရေးအသုံးစရိတ်ကို ပုံမှန်အတိုင်းခွင့်ပြုပေးခဲ့သည်။ လက်ရှိအချိန်တွင်လည်း ကုန်သွယ်မှုလိုငွေပြလျက်ရှိသော်လည်း စစ်လက်နက်ပစ္စည်းများကို စံချိန်တင်ဝယ်ယူလျက်ရှိသည်။ စင်စစ်အားဖြင့် ကမ္ဘာ့အခင်းအကျင်းသည် ပြောင်းလဲလာပြီဖြစ်သည့်အတွက်နိုင်ငံငယ်များအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ဘဏ္ဍာရေးအကျပ်အတည်းများရှိနေသည့်ကြားမှပင်လျှင် အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေလုံခြုံရေးအတွက် တပ်မတော်များကို ခေတ်မီအောင် တည်ဆောက်နိုင်ရေးအတွက် ကာကွယ်ရေးအသုံးစရိတ်များ တိုးမြှင့်သုံးစွဲသွားသင့်ပေသည်။

**ကိုးကား**

- **Thailand's Military Modernization Again in the Spotlight Following Trade Deflicit.**

**ဝင်းဇင်(သုတေသန)**


# မင်းပြားမြို့နယ် မြင်းကပ်ဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မင်းပြား ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြင်းကပ်ဆိပ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုကို ဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ မြင်းကပ်ဆိပ်ကျေးရွာ ကုန်ထုတ်လမ်းအပိုင်း(၂) ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မင်းပြားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ကုန်ထုတ်လမ်း ရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့် ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထားထိန်းသိမ်းရန် ဆွေးနွေးမှာကြားခဲ့သည်။

မင်းပြားမြို့နယ် မြင်းကပ်ဆိပ်ကျေးရွာ၌ အရှည် ၁ ဒသမ ၅ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေဖြုန်းကျောက်လမ်း ခင်းခြင်းလုပ်ငန်းနှင့် ၎င်းလမ်းပေါ်၌ Box Curvert ခြောက်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၁ ဒသမ ၉၈ သန်းဖြင့် ရွှေထူးကြီးကုမ္ပဏီက ၂၀၂၂ ခုနှစ် ဇွန် ၃ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိအိမ်ခြေ ၂၃၃ အိမ်၊ လူ ၁၀၈၆ ဦးတို့၏ စိုက်ပျိုးမြေများမှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များ ဈေးကွက်အတွင်းသို့ ရာသီမရွေး အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သိန်းက ပြောပြ၍ သိရသည်။



**ကိုသန်း**

# ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၏ ပုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်



**ဇလွန် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီး၏ ပုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း အဆိုပါဘုရားကြီး ဂေါပကအဖွဲ့ဝင် ဘဏ္ဍာတော်ထိန်း ဦးခင်မောင်ဦးက ပြောပြ၍ သိရသည်။

မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီး၏ ပုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၆ ရက် (တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်) ထိ ပုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာပူဇာ အစီအစဉ်များအပြင် ပျော်ပွဲရွှင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

"မာရ်အောင်မြင် ပြည်တော်ပြန်ဘုရားကြီးရဲ့ ပုဒ္ဓပူဇနီယပွဲတော်ကာလကတော့ တပေါင်းလဆန်း ၉ ရက်ကနေ တပေါင်းလပြည့်ကျော် ၁ ရက်ထိ ဖြစ်ပါတယ်။ ပွဲတော်ကာလမှာ ဓမ္မပူဇာအနေနဲ့ အကြိုတရားပွဲတွေ ကျင်းပပါမယ်။ ပုဒ္ဓပူဇာအနေနဲ့ ပြည်တော်ပြန်ဘုရားကြီးကို လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူတာ၊ ရွှေသားမျက်နှာကြက်ကပ်လှူတာ၊ ဆွမ်းဦးကပ်လှူပူဇော်တာတွေ ဆောင်ရွက်ပါမယ်။ သံဃာပူဇာအနေနဲ့လဲ ဆွမ်းဆန်စိမ်း လောင်းလှူပါမယ်။ ဒါ့ပြင် ပျော်ပွဲရွှင်ပွဲတွေ၊ ပွဲဈေးတွေ ထည့်သွင်း သွားမှာဖြစ်ပါတယ်။ ဘုရားပွဲတော်မှာ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေကိုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးကြပ်စီမံမှုနဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု ဦးခင်မောင်ဦးက ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ရှိ မာရ်အောင်မြင်ပြည်တော်ပြန်ဘုရားကြီးသည် မုနိလေးဆူဝင် ရုပ်ရှင်တော်မြတ်များတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး မဟာမုနိရုပ်ရှင်တော်သည် မန္တလေးမြို့တွင်လည်းကောင်း၊ ရှင်ကျော်မုနိသည် ကျောက်တော်မြို့တွင်လည်းကောင်း၊ ရွှေဘုံသာမုနိသည် ပန်းတောင်းမြို့နယ် ရွှေဘုံသာ စေတီတော်မြတ်ကြီး၏ ဌာပနာတိုက်တွင်လည်းကောင်း၊ မာရ်အောင်မြင်မုနိသည် ပြည်တော် ပြန်ဘုရားကြီးအဖြစ် ဇလွန်မြို့တွင်လည်းကောင်း အသီးသီး ကိန်းဝပ်စံပယ်လျက်ရှိကြောင်း သိရသည်။

ASH

# Lilo and Stitch ဇာတ်ကားတွင် မင်းသား ဇက်ဂါလီဖီယာနာကစ် ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Lilo and Stitch အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် မင်းသား ဇက်ဂါလီဖီယာနာကစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း The Hollywood Reporter သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကား၌ မင်းသား ဇက်ဂါလီဖီယာနာကစ် ပါဝင်ရမည့် ဇာတ်ကောင်နေရာကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Lilo and Stitch ဇာတ်ကားသည် ကမ္ဘာကျော် ကာတွန်းရုပ်ရှင်ဖြစ်သော Lilo and Stitch ကို ပြန်လည် ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဒစ္စနီးရုပ်ရှင်ကုမ္ပဏီသည် Lilo and Stitch ဇာတ်ကားအတွက် အခြားသရုပ်ဆောင်များကို ရှာဖွေနေဆဲဖြစ်ကြောင်း သိရသည်။

Lilo and Stitch ဇာတ်ကားကို ဒါရိုက်တာ ဂျွန်အမ်ချူးက ရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် အဆိုပါဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့်ပြသမည့်ရက်တို့ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ လာဘ်ဖွင့်ငါးပန်းပုရုပ်များ တင်ပို့မည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ပြည်ပရှိ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များသို့ မြန်မာပန်းပုလက်ရာ လာဘ်ဖွင့်ငါးပန်းပုရုပ်များ တင်ပို့ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာမဏ္ဍိုင်အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းစင်တာမှ မန်နေးဂျင်းဒါရိုက်တာ ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။

ပြည်ပတွင် မြန်မာနိုင်ငံသားများ ဖွင့်လှစ်ထားသည့် မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များရှိပြီး အဆိုပါအရောင်းဆိုင်များက မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်းများကို မှာယူလေ့ရှိကြောင်း၊ ယခု ဖေဖော်ဝါရီလစတုတ္ထပတ်တွင် လာဘ်ဖွင့်ငါးပန်းပုရုပ်များကို မှာယူသည့်အတွက် ရခိုင်ပြည်နယ်ရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ တင်ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။



"ပြည်ပမှာ မြန်မာနိုင်ငံသားတွေ ဖွင့်လှစ်ထားတဲ့ မြန်မာအမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက အခုရက်ပိုင်းမှာ လာဘ်ဖွင့်ငါးပန်းပုရုပ်လေးတွေကို အဓိကမှာယူနေပါတယ်။ အလျား ၈ ဒသမ ၅ လက်မ၊ အမြင့် လေးလက်မရှိတဲ့ လာဘ်ဖွင့်ငါးပန်းပုရုပ်တွေဖြစ်ပါတယ်။ အသားကတော့ ပိတောက်သားဖြစ်ပါတယ်။ မတ်လကုန်လောက်မှာ လာဘ်ဖွင့်ငါးပန်းပုရုပ် ၁၀၀ တင်ပို့ရမှာဖြစ်ပါတယ်။ အရုပ်တွေကိုတော့ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မဇင်းရပ်ကွက်ကနေ မှာယူမှာဖြစ်ပါတယ်။ ပြည်တွင်းရောင်းဈေးကတော့ပန်းပုရုပ်တစ်ရုပ်ကို ငွေကျပ် ၉၀၀၀၀ ကျသင့်မှာဖြစ်ပါတယ်"ဟု ဦးမောင်မောင်အေးက ပြောပြ၍ သိရသည်။ ASH

# Sleeping Dog မှုခင်းဇာတ်ကား၌ မင်းသမီး ကာရင်ဂျီလန် သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၂၃**

Sleeping Dog အမည်ရှိ လျှို့ဝှက်သည်းဖို မှုခင်းဇာတ်ကား၌ မင်းသမီး ကာရင်ဂျီလန် ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသမီး ကာရင်ဂျီလန်သည် မင်းသားကြီး ရပ်ဆဲခရိုးနှင့် အတူသရုပ်ဆောင်ရမည်ဖြစ်သည်။

Sleeping Dog ဇာတ်ကားသည် စာရေးဆရာ အီးအိုချိုရှိဗီစီ၏ The Book of Mirrors အမည်ရှိ ဝတ္ထုကို အခြေခံရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ အဒမ်ကူးပါးက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ဘီကောလက်နှင့်ပူးတွဲရေးသားထားသည်။

Sleeping Dog ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကို ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်း ဩစတြေးလျနိုင်ငံ၌ စတင်ရိုက်ကူးရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား၏တင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။


KKO



# ဝိညာဉ်ကူညီသူ အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

ဝိညာဉ်ကူညီသူအမည်ရှိ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဖေဖော်ဝါရီလ တတိယပတ်ကစ၍ ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာရိုက်ကူးလျက်ရှိကြောင်း အဆိုပါဇာတ်လမ်းတွဲကိုထုတ်လုပ်သူ သရုပ်ဆောင် နေထူးနိုင်က ပြောပြ၍ သိရသည်။




ဝိညာဉ်ကူညီသူ ရုပ်သံဇာတ်လမ်းတွဲကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် လွင်မိုးလဲက ရေးသားရိုက်ကူးလျက်ရှိရာ အပိုင်း (၁၅) ပိုင်း ပါဝင်မည်ဖြစ်ပြီး YTV Channel နှင့် ကြယ်တံခွန် You-Tube Channel နှင့် NHN Application တို့ ပူးပေါင်းထုတ်လုပ်သည့် ဇာတ်လမ်းတွဲဖြစ်သည်။

"လူငယ်လေးတွေ အကြိုက် အချစ်၊ အလွမ်း၊ ဒရာမာနဲ့ စိတ်ချောက်ချားစရာကို တွဲစပ်ထားတဲ့ ဇာတ်လမ်းတွဲဖြစ်ပါတယ်။ ကျွန်တော်ရဲ့ ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန် Entertain-ment You Tube Channel နဲ့ NHN Application တို့အပြင် YTV Channel ရုပ်သံလိုင်းကလဲ ထုတ်လွှင့်ပေးသွားမှာပါ"ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် နေထူးနိုင်၊ နေထက်နိုင်၊ သော်တာအောင်၊ တီအေဝိုင်း၊ လွန်းမြတ်သီရိနှင့် ဝါရင့်ဇာတ်ပို့ သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses SAC meeting 2/2023


Senior General Min Aung Hlaing addresses SAC meeting 2/2023.

**Nay Pyi Taw February 23**

State Administration Council held the meeting 2/2023 at the meeting hall of SAC Chairman's Office in Nay Pyi Taw this afternoon, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC Secretary Lt-Gen Aung Lin Dway, Joint Secretary Lt-Gen Ye Win Oo, SAC members and officials.

**Efforts for success of adopted Roadmap and Objectives**

In his address, the Senior General said it is the first meeting of SAC reformed after a 6-month state of emergency period was extended. The meeting will discuss the political, economic and social progress during the coming six months. SAC adopts national level policies. It will strive for the success of the newly adopted Roadmap and Objectives. The emergency period was extended another six months as the country has not achieved cent per cent peace yet, and there are tasks to look into the requirements of the election from the basic level. The assurance of freeness and fairness in the coming election and the voting rights for every eligible person, and the holding of the election in the entire country are also tasks to be done. No country in the world can conduct a cent per cent perfect election. Voting is an individual right of a citizen, while the onus is on the government to guarantee freedom in casting votes. The election must be free from threats, compulsions and pressures. There must be national peace and stability to ensure freedom of voting. Efforts must be made to ensure peace and stability as it has not been fully restored in every part of the country due to the terrorist attacks of EAOs and PDF terrorists.

**Preparations for success of coming election**

The number of elected representatives was small despite a large number of parties taking part in the previous election. This indicates the weakness of parties in realizing the local needs and the low public credibility in them. So the parties must be the ones that can realize the aspirations of the region and people and that truly represent the people. Parties that took part in the election will be able to answer the voice of the people and realize the national aspirations only if their candidates win the parliamentary seats. In this regard, the Political Parties Registration Law was amended. Party leaders must be provided with the opportunities to understand the public aspirations and needs. The PR system will be more appropriate to increase the number of ethnic MPs. Political parties and EAOs accepted the PR system at the meetings with them. A certain extent of time is required for the people to study the political parties and their leaders.

Voter list is based on population and census. Voter lists are prepared by the Ministry of Immigration and Population, Union Election Commission and General Administration Department. As the census conducted by MoIP is the base, its voter list will have greater degree of accuracy and correctness. It's an international practice and a must to conduct a census every ten years. The last census of the country was in 2014.

A report on estimated population was released in 2019. As the population count was conducted in 2014, there is almost a ten-year gap. So, the work of reconfirming some of the data must be taken into account. There can be weakness in the accuracy of figures because of transport difficulty and loss of lives caused by Covid-19 infection in 2020, 2021 and 2022, terrorism triggered by political instability, and political conflicts. Hence a national census is required for the correctness of statistics and data and voter list. At the National Defence and Security Council meeting, the government presented the need to extend another six months to the Pro Tem President as more time is needed for cent per cent readiness. At the meeting, the Pro Tem President requested to prioritize national peace and stability. Hence, martial law was issued on certain towns to restore peace and stability.

**Measures being taken for stability and the rule of law**

From the time of the formation of the SAC, future tasks and objectives were adopted for economic development of the country and socioeconomic development of the people and measures are being taken systematically to achieve them. At present, new future tasks and objectives have been adopted and first of all, martial law has been declared in some townships for stability and priority has been given to stability. Imposing martial law is not to restrict the people but to effectively control the activities of terrorists who are trying to undermine the interests of the people. Emphasis must be placed on stability in areas where priority should be given to security, stability and the rule of law.

**Measures being taken for socioeconomic develop of the majority of the people**

As the second future task, people-centered development tasks will be carried out for prosperity of the country and sufficiency of food, water and basic needs with the aim of achieving socioeconomic development. It should be aware that the future task for prosperity is directly linked to the first future task for stability. For sufficiency of food, water and basic needs, manufacturing based on agriculture and livestock breeding, which are main sectors of the country, is being encouraged and implemented. Almost all people in rural areas carry out agriculture and livestock breeding as a livelihood. When manufacturing based on agriculture and livestock breeding can be implemented, socioeconomic development of people in rural areas can be achieved. The country faced economic crises in 2021 and 2022. Despite rising commodity prices, there have been no shortages of foodstuffs. Promoting the socioeconomic lives of the grassroots will contribute to the prosperity of the country. As the SAC is promoting not the interests of a small group of people but the interests of the majority of people, members of the SAC are required to place emphasis on the tasks. Promoting agriculture and livestock breeding can contribute a lot to development of remote areas in states.

Although some regions and states can harvest more paddy than their consumption, other states and regions cannot enjoy self-sufficiency of rice. The rate of self-sufficiency of rice for the entire country hits 142 percent. Boosting per-acre yields in areas, which cannot enjoy self-sufficiency of rice, will contribute to local self-sufficiency of rice. In the same way, boosting per-acre yields in areas, which have already been enjoying self-sufficiency of rice, can increase the exports of rice products and foreign exchange earnings, contributing to the development of the socioeconomic lives of farmers. In carrying out agriculture tasks. It is important to meet the targeted yields. Agricultural land must be expanded in some areas if necessary. Boosting per-acre yields by five baskets will be of great benefit for the entire country. For instance, there are 15 million acres of monsoon paddy in the country. Although the targeted yield is set at 100 baskets per acre, the average yield for the entire country stands at 75 baskets per acre.

*See Page 13*

*From Page 12*

So, boosting per-acre yields by 5 baskets will increase the total paddy output of the country by 75 million baskets, resulting in the growing demand of farmers and revenues of the country. The rise of incomes of individual farmers through development of agriculture will help increase the incomes of residents and money circulation of respective areas, contributing to socioeconomic lives. Therefore, I have been promoting the agriculture sector.

**Measures being taken for enhancement of human resources and education quality**

Carrying out agriculture and livestock breeding tasks requires a high quality of human resources. To make human resources necessary for agriculture and livestock breeding tasks available, a high quality of education for students has been encouraged. In connection with the education for students, schools have been reopened but some students have not been able to return to schools due to security and economic reasons. Responsible officials are required to take necessary measures to urge all students to return to school in the upcoming academic year. As the government has reopened schools despite COVID-19 and political issues, it is necessary to encourage all school-aged children to go to school. As Myanmar is an agriculture and livestock breeding country, it needs skilled workers in the sectors. During the term of the SAC, new agriculture and livestock breeding institutes have been opened and agriculture, livestock breeding and engineering technologies will be taught at schools in 50 districts. Efforts are being made to enable all citizens to study up to the KG+9 level. On completion of basic education, outstanding students can continue to study respective academic disciplines at colleges and universities. High quality human resource development of the country can contribute a lot to national development.

**A Union being built based on democracy and federalism**

Thirdly, measures will continue to promote a genuine, disciplined multi-party democratic system and build a Union based on democracy and federalism. In the political sector, multi-party democracy will be exercised and in the executive sector, a Union system will be adopted based on democracy and federalism. Suitable executive power must be shared without fail in all the regions and states. Federal rule means power sharing. As such, requirements must be reviewed and discussed while measures to be taken by the Union, regions and states need to be discussed for resolutions. When it comes to federal rights, it can be found that the laws, rules and procedures to be adopted by the Union level, region and state levels and self-administered zone level stated in the tables (1, 2, 3 and 5) of the constitution have not been complete yet. During our tenure, we will do our best for democracy and federal power sharing. As for the exercise of multi-party democracy, we must be able to take the road to a fair and effective system. Tatmadaw is trying to promote multi-party democracy as aspired by the people. So, strong parties must be formed.

**Measures being taken to ensure nationwide peace**

In the fourth point, emphasis will be placed on the NCA to achieve nationwide peace. The constitution (2008) was enacted through national referendum and it is a pledge for the people. The NCA is also a pledge between the government and EAOs and international organizations. This is why peacekeeping efforts are being made based on the constitution and NCA. In holding peace talks with the ethnic armed organizations, there have been positive results. Efforts will continue to achieve peace nationwide.

**Votes must be free from threat or force**

It is important to ensure peace and stability to implement the last point of the roadmap: upon accomplishing the provisions of the state of emergency, free and fair multiparty democratic elections will be held in line with the 2008 Constitution, and further work will be undertaken to hand over State duties to the winning party in accordance with democratic standards. Only when peace and stability prevail and votes are cast without force, will a free and fair election emerge. Vote results changed in the 2015 general election as there were threats in some regions. Without such threats and force, we will see correct voting results. Therefore, we are holding peace talks based on the NCA. In discussing with the EAOs, the Tatmadaw is doing its best to have a balance between their needs and desires and what the State should deserve. In democracy, Hluttaw is the highest political stage. Ethnic groups for their part must represent the Hluttaw on a larger scale in the political stage. Therefore, a certain enough time is needed for political parties.

**Measures being taken for public response and desire regarding the extension of emergency period**

There were some criticisms, responses and desires when the state of emergency period was extended for next six months after the SAC's two-year duty report had been presented to the acting President. According to the findings, there are three major points: to hold elections again, to ensure peace and stability and to stabilize commodity prices. For peace and stability, martial law was imposed in some townships. According to the past experiences, the Tatmadaw is acting in accord with the law. Currently, Tatmadaw is taking measures to ensure genuine democracy and promote democracy. However, those on the pretext of democracy and human rights chose violence without taking legal action to solve the problem of incorrect voter lists. It was an incorrect way. It is necessary to prevent it from happening again. Election is the dignity of a country. So, efforts must be made to ensure an honorable election. It is still necessary to take time to make correct voter lists.

Regarding the commodities prices, the rise in the prices is because of the trade deficit in the past due to the imbalance in import and export and global shortage of commodities and services in supply chain in the pandemic period. Product prices are rising because of the rise in price of inputs such as fertilizer and fuel oil as well as lack of labor. As our country is a nation having no adequate electricity, the electricity rates went up when the fuel prices rose. Despite the rise in commodities prices in our country, there has been no lack of basic commodities. Encouragement is being given to domestic commodity production to ensure increase in the nation's earnings. Doing so will help commodity prices down. We are striving to ensure a decrease in the prices.

**Working on having good international relations**

With regard to international relations, we are member of ASEAN, BIMSTEC and UN and must have a good relationship with the neighbouring countries and friendly ones. In the area of international relations, we are giving special consideration to friendship relations with other nations and international organizations by upholding our nation's sovereignty and national interest. The current situation in the country is only our internal affairs. The forthcoming election is just our nation's election, not a world election. It is just necessary to ensure that the election will be free and fair for our citizens.

Every country in the world is constantly making efforts for its own development and our nation will be making efforts to move on going forward. As the saying "Keep moving forward to achieve our goal" says, we will move on ensuring development of the nation. I have presented the five-point roadmap and my vision on development of the nation and urge members of the Council to submit your suggestions on development of the nation.

Then, members of the Council presented their suggestions on ensuring stability and peace in some regions as much as possible, matters on teachers appointed in regions of ethnic peoples to teach languages of ethnic peoples, scrutinizing people who run online loan services through using applications, and matters on education, health and human resources.

Regarding the discussion and suggestions, the Senior General gave necessary instructions on peace and stability of the nation, the teachers appointed in regions of ethnic peoples, education , and online loan services.

Afterwards, the Vice-Senior General welcomed the new members of the Council saying that members of the Council need to extensively make efforts for the interests of the nation as well as their regions as they are the members of the organization representing the State. In doing so, based on the five-point roadmap, the 12 objectives, national and political objectives, priority are to be given to the State's interests in submitting their suggestions and reports, and some are needed to be submitted from time to time to ensure that ways could be found in solving them without any delay.

Then, the Senior General gave concluding remarks saying appointing members of the Council is based on experience of politics and administration and duties to be discharged. Members of the Council have been appointed to represent all the ethnic peoples as much as possible.

The Council members are to make efforts looking forward to the interests of the State. As the Council is the highest level organization of the State, each Council member is to act in accordance with the status of the Council. Each member is to represent the Council. As a priority, they are to focus on ensuring that peace and stability of the nation will be preserved and that the people could live safely and happily. Besides, they are to make efforts to achieve improvement of the socioeconomic life of the people. In doing so, job opportunities must be created for the people to promote the economy. Doing so will help improve the nation's economy and its GDP. As what we are doing is taking the responsibilities as a milestone, our endeavours could be tested. Therefore, all members of the Council need to work being far sighted for everything. 100

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အီတလီနိုင်ငံက ယူကရိန်းသို့ တိုက်လေယာဉ်များ ပေးပို့သွားနိုင်ရန် နည်းလမ်းရှာဖွေနေ



အီတလီအစိုးရသည် ယူကရိန်းသို့ တိုက်လေယာဉ်များပေးပို့နိုင်ရန် နည်းလမ်းရှာဖွေနေကြောင်း အီတလီနိုင်ငံထုတ် La Repubblica သတင်းစာက ဖေဖော်ဝါရီ ၁၉ ရက်တွင် ဖော်ပြခဲ့သည်။

အခြားအနောက်နိုင်ငံများက ၎င်းအချက်ကို ဦးစွာလုပ်ဆောင်ပါက အီတလီနိုင်ငံအနေဖြင့် ယူကရိန်းကို တိုက်လေယာဉ်များ ပံ့ပိုးပေးသွားမည်ဟု သတင်းရရှိသည်။

ယူကရိန်းမြို့တော်သို့ အီတလီဝန်ကြီးချုပ် Giorgia Meloni လာရောက်လည်ပတ်မည့်ခရီးစဉ်အတွင်း တိုက်လေယာဉ်ငါးစင်းထိပါဝင်သော သဘောတူညီချက်ကို လက်မှတ်ရေးထိုးနိုင်မည်ဟု La Repubblica သတင်းစာက ရေးသားဖော်ပြထားသည်။

ထိုသို့ပေးပို့မည့် AMX A-11 Ghibli တိုက်လေယာဉ်များတွင် မြေပြင်တိုက်ခိုက်ရေး လေယာဉ်ဟောင်းများနှင့် Tornado ဂျက်လေယာဉ်များ ပါဝင်နိုင်ကြောင်း La Repubblica သတင်းစာက ဖေဖော်ဝါရီ ၂၀ ရက်က ထုတ်ပြန်သည့် အခြားဆောင်းပါးတစ်ခုတွင် ရေးသားခဲ့သည်။ သို့သော် ထိုကဲ့သို့သော ဂျက်လေယာဉ်အနည်းစုသည် ယူကရိန်းနိုင်ငံကောင်းကင်ယံ၌ အခြေအနေပြောင်းလဲနိုင်ဖွယ်မရှိကြောင်း ဆောင်းပါးတွင် ရေးသားဖော်ပြထားသည်မှာ အဆိုပါ ကြိုးပမ်းမှုနှင့်ပတ်သက်၍ သံသယဖြစ်စရာဖြစ်နေသည်။

မီဒီယာများ၏ ဖော်ပြချက်အရ AMX A-11 Ghibli တိုက်လေယာဉ်များကို အီတလီလေတပ်မှ ယခုနှစ်ကုန်တွင် အငြိမ်းအပိုင် အနားပေးရန် စီစဉ်ထားကြောင်း သိရသည်။

အီတလီနိုင်ငံသည် ယူကရိန်းနိုင်ငံကို အနောက်နိုင်ငံထုတ် တိုက်လေယာဉ်များ ပံ့ပိုးပေးသည့် ပထမဆုံးနိုင်ငံဖြစ်လာရန် မလိုလားကြောင်း La Repubblica သတင်းစာက ရေးသားခဲ့သည်။ အခြားနိုင်ငံများက ထိုကဲ့သို့ ပထမဆုံးလုပ်ဆောင်မှသာ တိုက်လေယာဉ်များကို ပို့ဆောင်ရန် သဘောတူညီမည်ဖြစ်ပြီး အီတလီနိုင်ငံသည် ဗြိတိန်ကဲ့သို့ အခြားသောမဟာမိတ်နိုင်ငံတချို့ကို စွဲထည့်ရန်လိုလားကြောင်း ဖော်ပြထားသည်။

အီတလီနိုင်ငံသည် ယူကရိန်းသို့ တိုင်ဖွန်းတိုက်လေယာဉ်များ ပေးပို့ခြင်းမှ တားဆီးမည်မဟုတ်ကြောင်း ထိုကဲ့သို့ လုပ်ဆောင်မှုသည် တိုက်လေယာဉ်များ ထုတ်လုပ်မှုတွင်ပါဝင်သည့် နိုင်ငံအားလုံး၏ သဘောတူညီချက် လိုအပ်မည်ဖြစ်ကြောင်း အဆိုပါ သတင်းစာက ဖော်ပြခဲ့သည်။

ဗြိတိန်နိုင်ငံက ယူကရိန်းကို စစ်လေယာဉ်များပံ့ပိုးပေးရန် အလျင်စလိုလုပ်မည်မဟုတ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ တိုက်လေယာဉ်များ ပေးပို့ဦးမည်မဟုတ်ကြောင်း ဖေဖော်ဝါရီလအစောပိုင်းက ဗြိတိန်ကာကွယ်ရေးဝန်ကြီး Ben Wallace က Sky News သတင်းဌာနသို့ ပြောကြားခဲ့သည်။

တော်ဝင်လေတပ်မှ အမှုထမ်း ၂၀၀ ခန့်သည် လေယာဉ်များနှင့်အတူ လိုက်ပါသွားရမည်ဖြစ်ကြောင်း Wallace က ထောက်ပြပြောဆိုခဲ့သည်။ ၎င်းတိုက်လေယာဉ်များအစား ဗြိတိန်နိုင်ငံနှင့် အခြားအနောက်နိုင်ငံများသည် မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ သို့မဟုတ် ဒရုန်းများကဲ့သို့ အခြားနည်းလမ်းများမှတစ်ဆင့် ယူကရိန်း၏ ရေရှည်ခုခံကာကွယ်နိုင်စွမ်းရှိရေးကို သေချာစေရန် အာရုံစိုက်နေကြောင်း Wallace ၏ ပြောကြားချက်အရ သိရသည်။

ပြီးခဲ့သည့် သီတင်းပတ်က Financial Times သတင်းဌာနက အမေရိကန်သည် ယူကရိန်းနိုင်ငံသို့ F-16 တိုက်လေယာဉ်များ ပေးပို့သွားရန် သို့မဟုတ် အခြားနိုင်ငံမှ ၎င်းတို့၏ ပြန်လည်တင်ပို့မှုကို ခွင့်ပြုရန် စဉ်းစားနေကြောင်း သိရသည်။ ယူကရိန်းသည် စစ်လေယာဉ်များနှင့် တိုက်လေယာဉ်များကဲ့သို့ အကြီးစား၊ အဆင့်မြင့် နည်းပညာသုံးစစ်လက်နက်များရရှိရန် ၎င်း၏ အနောက်တိုင်း ကျောထောက်နောက်ခံနိုင်ငံများကို အကြိမ်ကြိမ်တောင်းဆိုခဲ့သည်။ ယူကရိန်းတာဝန်ရှိသူများသည် ထိုကိစ္စနှင့်ပတ်သက်၍ တုံ့ဆိုင်းမနေကြရန်လည်း ထုတ်ဖော်ပြောကြားထားသည်။ အနောက်နိုင်ငံမှ လက်နက်များပေးပို့ခြင်းသည် ပဋိပက္ခကိုရှည်ကြာစေပြီး နိုင်ငံသူ၊ နိုင်ငံသားများအပေါ် အခက်အခဲများ ဖြစ်စေသည့်အပြင် ရုရှားနှင့် NATO အဖွဲ့တို့ကြား တိုက်ရိုက်ထိပ်တိုက်တွေ့နိုင်မည့် အန္တရာယ်လည်း ရှိနေကြောင်း ရုရှားက သတိပေးထားသည်။

**Italy considers sending warplanes to Ukraine – La Repubblica ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီက F-35 ဂျက်လေယာဉ်အတွက် အစိတ်အပိုင်းများထုတ်လုပ်ရန် စီစဉ်

ဂျာမန်နိုင်ငံ Rheinmetall ကုမ္ပဏီက F-35 ဂျက်လေယာဉ်အတွက် အစိတ်အပိုင်းများ ထုတ်လုပ်ပေးရန် အမေရိကန်လက်နက်ကုမ္ပဏီ Lockheed Martin နှင့် သဘောတူညီမှုရရှိခဲ့ပြီး ၎င်းသည် ဂျာမနီနိုင်ငံမှ ခေတ်မမီတော့သည့် Tornado တိုက်လေယာဉ်အုပ်နေရာတွင် အစားထိုးမည့် F-35 ဂျက်လေယာဉ်အတွက် အစိတ်အပိုင်းများ ထုတ်လုပ်ပေးရန် ဖေဖော်ဝါရီ ၁၇ ရက်က Rheinmetall ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ကုမ္ပဏီနှစ်ခုသည် Rheinmetall မှ လေယာဉ်ကိုယ်ထည် အစိတ်အပိုင်းများ ထုတ်လုပ်ရန် ရည်ရွယ်ချက်ပါစာတစ်စောင်ကို သဘောတူညီ လက်မှတ်ရေးထိုးခဲ့ကြောင်း Rheinmetall ကုမ္ပဏီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လေယာဉ်ကိုယ်ထည်သည် လေယာဉ်၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး ပုံမှန်အားဖြင့် ခရီးသည်များနှင့် လေယာဉ်အမှုထမ်းများကို သယ်ဆောင်ပေးရသည့်အစိတ်အပိုင်းလည်းဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် ကုမ္ပဏီနှစ်ခုကြား ပထမဆုံးသောပူးပေါင်းဆောင်ရွက်မှုကို ကိုယ်စားပြုမည်ဖြစ်သည်။ ဂျာမနီတွင် F-35 ဂျက်လေယာဉ်ကိုယ်ထည်ထုတ်လုပ်မှုသည် ၎င်းလေယာဉ်များအတွက် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားကို ဖြည့်ဆည်းရန် အရေးကြီးပေလိမ့်မည်ဟု Lockheed Martin ကုမ္ပဏီမှ F-35 ဖောက်သည်နိုင်ငံဆိုင်ရာ ပရိုဂရမ်များ ရေးဆွဲသူ ဒုတိယဉက္ကဋ္ဌ Mike Shoemaker က ပြောကြားခဲ့သည်။

F-35 သည် ကမ္ဘာ့အဆင့်မြင့်ဆုံးပဉ္စမမျိုးဆက် ကိုယ်ပျောက်တိုက်လေယာဉ်ဖြစ်ပြီး ပုံသဏ္ဍာန်နှင့် မြင်နိုင်စွမ်းနည်းပါးသော အပေါ်ယံသုတ်ဆေးအလွှာ Low-Observability Coating ပါရှိသည့်အတွက် ရန်သူ့ရေဒါမှ ထောက်လှမ်းရန် အလွန်ခက်ခဲစေမည်ဖြစ်သည်။

အဆိုပါဂျက်လေယာဉ်သည် NATO နှင့် ဥရောပနိုင်ငံတို့တွင် ပိုမိုရေပန်းစားလာခဲ့ပြီး ဗြိတိန်၊ အီတလီ၊ နယ်သာလန်၊ နော်ဝေနှင့် ပိုလန်နိုင်ငံတို့သည် မကြာသေးမီနှစ်များအတွင်း အမှာစာများ အသီးသီးပေးပို့ထားခဲ့ပြီးလည်းဖြစ်သည်။

ရုရှားက ယူကရိန်းကို စစ်ဆင်ရေးပြီးနောက် စစ်ပြင်ဆင်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်း၏ Tornado တိုက်လေယာဉ်အုပ်ကို အစားထိုးရန်အတွက် ဂျာမနီမှ ဂျက်လေယာဉ် ၃၅ စင်း ဝယ်ယူရန် ယခင်နှစ်က လက်မှတ်ရေးထိုးခဲ့သည်။



သို့သော်လည်း F-35 ၏ အောင်မြင်မှုသည် ပြင်သစ်ထုတ် Rafale နှင့် Airbus ထုတ် Eurofighter တို့ထက်ကျော်လွန်သွားခဲ့သည့်အပြင် Future Combat Air System (FCAS) ဟု လူသိများသော ဂျာမနီ-ပြင်သစ်-စပိန် သုံးနိုင်ငံပူးပေါင်းထုတ်လုပ်ကြမည့် မျိုးဆက်သစ်တိုက်လေယာဉ်ကိုတီထွင်ရန် အစီအစဉ်အပေါ် သံသယရှိနေကြသည့်အတွက် ဝယ်လိုအား ပိုများလာခြင်းလည်းဖြစ်နိုင်သည်။

ပြင်သစ်နိုင်ငံမှ Dassault ကုမ္ပဏီနှင့် ဗြိုင်ဘက် Airbus ကုမ္ပဏီတို့ကြား သဘောထားကွဲလွဲမှုများကြောင့် ၂၀၄၀ ပြည့်နှစ်တွင် လက်ရှိပြင်သစ်ထုတ် Rafales နှင့် ဂျာမနီ၊ စပိန်တို့ရှိ Eurofighters တိုက်လေယာဉ်များနေရာတွင် အစားထိုးရန်စီစဉ်ထားသော အဆိုပါစီမံကိန်းသည် ကနဦးရှေ့ပြေးအလုပ်များ၌ပင် အချိန်အတော်ကြာရပ်ဆိုင်းသွားခဲ့ရသည်။ သို့သော် ပြီးခဲ့သည့်နှစ်နှောင်းပိုင်းတွင် သဘောတူညီမှုတစ်ခုရရှိခဲ့ပြီး ဂျက်လေယာဉ်ထုတ်လုပ်ရန်အတွက် ထုတ်လုပ်သူများထံ စာချုပ်ပေးအပ်နိုင်ခဲ့ပြီလည်းဖြစ်သည်။

ဂျာမနီနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Christian Lindner က Rheinmetall ကုမ္ပဏီနှင့် သဘောတူညီချက်ကို အတ္တလန္တိတ်ဖြတ်ကျော် မိတ်ဖက်ဆက်ဆံရေးအတွက် ကောင်းသောလက္ခဏာအဖြစ် ဝမ်းပန်းတသာကြိုဆိုခဲ့သည်။

**Germany's Rheinmetall Set to Produce Parts for F-35 Jets ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ရွှေဘိုမြို့နယ်တွင် ပူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက် ဧက ၁၂၇၇၀ စိုက်ပျိုးပြီးစီး



**ရွှေဘို ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်ဧက ၁၂၇၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၄၅၇၃ ဧကနှင့် ဟင်းသီးဟင်းရွက် ၈၉၄၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပူးစားပြောင်း ဧက ၄၀၄၀ နှင့် ဟင်းသီးဟင်းရွက် ဧက ၈၇၃၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပူးစားပြောင်းနဲ့ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိပါတယ်။ ဒီနှစ် ဆောင်းကာလ ရွှေဘိုမြို့နယ်မှာ ပူးစားပြောင်းနဲ့ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၅၁၉ ဧက စိုက်ပျိုးဖို့လျာထားပြီး ဒီနေ့ထိ ဧက ၁၂၇၇၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် ပူးစားပြောင်းနှင့် ဟင်းသီးဟင်းရွက်သီးနှံစိုက်ပျိုးနိုင်မှုအနေဖြင့် ပူးစားပြောင်းဧက ၄၀၄၀ နှင့် ဟင်းသီးဟင်းရွက်သီးနှံဧက ၈၇၃၀ တို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ရွှေဘိုမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ပူးစားပြောင်း စိုက်ပျိုးတောင်သူများကို ဖောငမြှောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ချင်း၊ ငရုတ်ပိုးနှင်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာများပေးလျက်ရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကိုလည်း ဟင်းသီးဟင်းရွက်သီးနှံများတိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်များ ရရှိရေးနှင့် သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်တွင် ပူးစားပြောင်းသီးနှံ ၄၀၇၃ ဧကနှင့်ဟင်းသီးဟင်းရွက်သီးနှံ ၈၉၄၆ ဧကတို့ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မြဝတီ ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ပွင့်လင်းအေးမြိုင်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားသည်။



ပွင့်လင်းအေးမြိုင်ကျေးရွာတွင် အရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကျောက်ရောမြေနှစ်ပေနှင့် မြေနီကျောက်စရစ် ကိုးလက်မရှိ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၇၆၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရတနာငွေးကြွယ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးပါက ကျေးရွာနေဒေသခံတောင်သူများ၏ သွားလာရေး အဆင်ပြေချောမွေ့လာမည့်အပြင် လယ်ယာမြေဧက ၁၀၀ ကျော်မှ ထွက်ရှိလာမည့် လယ်ယာထွက်ကုန်ပစ္စည်းများကို ဈေးကွက်သို့လွယ်ကူလျင်မြန်စွာသယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဦး**

# ပဲခူးမြို့နယ် လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပဲခူး ဖေဖော်ဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်ပံခုန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ်မြောက် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ချေးငွေပြန်ဆပ်ရမည့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ၏ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ဖြစ်မှုနှင့်ဖြစ်ဒဏ်များကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၄၃ ဒသမ ၄၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် လက်ပံခုန်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း နဝမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၂၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၂၃ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၂ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၃ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၃-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၇၃၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| **(စွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဧးဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၀၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၉၅ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၆၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြို့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကလေးမြို့နယ်ရှိ နေကြာစိုက်ခင်းများ၊ စစ်ကိုင်းမြို့စက်မှုဇုန်ရှိ စက်ရုံများကြည့်ရှု




**ကလေး ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ကလေးမြို့နယ် အင်တိုင်းကြီးကျေးရွာအုပ်စု ဖောင်ကူးကျေးရွာတွင် တောင်သူများ စိုက်ပျိုးထားရှိသော နေကြာစိုက်ခင်းများကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် တောင်သူများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကာ တောင်သူများထံ ပိုးသတ်ဆေးဘူးများနှင့် နေကြာမျိုးစေ့များ ပေးအပ်သည်။

ဆက်လက်၍ ကလေးမြို့နယ် အင်တိုင်းကြီးကျေးရွာအုပ်စု ဖောင်ကူးကျေးရွာရှိ ဖောင်ဆိပ်ကုန်ထုတ်လမ်း ဖောက်လုပ်ထားရှိမှု အခြေအနေကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ ပတ္တမြားစက်မှုဇုန်ရှိ သုတသုခ ဓာတ်မြေဩဇာစက်ရုံသို့ရောက်ရှိကြပြီး ဇီဝမဏီတံဆိပ် ကွန်ပေါင်းဓာတ်မြေဩဇာ ထုတ်လုပ်ပုံအဆင့်ဆင့်ကို လှည့်လည်လေ့လာကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျန်းမာရေး၊ ပညာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများကို အားကစားပစ္စည်းများ၊ ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်၍ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ (၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ် တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားရုံး၊ ခရိုင်တရားရုံးများ၏ (၂၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးက တရားစီရင်ရာတွင် အဂတိတရားကင်းစင်စွာဖြင့် ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်အဆုံးအဖြတ်ပြုကြရန်နှင့် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်သည် တရားမမှုများ စစ်ဆေးစီရင်မှုကို အထောက်အကူပြုပြီး စွဲဆိုပြီးအမှုများမှာ အမှုသည်များကိုယ်တိုင် ဖြေရှင်းနိုင်ခွင့်ကို ရရှိစေသည့်အတွက် တရားရုံးများက တရားမမှုများ စေ့စပ်ဖြေရှင်းရေး ပိုမိုလွယ်ကူအပ်နိုင်ရန်နှင့် နှစ်ဖက်အမှုသည်များ လာရောက်နိုင်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုနှင့် သက်ဆိုင်သည့်ပြစ်မှုများ စစ်ဆေးစီရင်ရာတွင်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ နိုင်ငံတော်၏ လုပ်ငန်းစဉ်များကို တရားရုံးများက အလေးထားလိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေးတွင် ခေတ်နှင့်အညီ နည်းပညာအသုံးပြုမှု ဆောင်ရွက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နည်းပညာကို လက်လှမ်းမီရန် အားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် စဉ်ဆက်မပြတ်လေ့လာဆည်းပူးကြရန်လည်းလိုအပ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ပါတီနိုင်ငံရေးကင်းရှင်းကြရမည်ဖြစ်ပြီး လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း စာရွက်စာတမ်းလုံခြုံရေး၊ သတင်းလုံခြုံရေး ကျိုးပေါက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇)၏ ပထမနှစ် လုပ်ငန်းအစီအစဉ် (၂၀၂၃ ခုနှစ်) ရည်မှန်းချက်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းနှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။




ဆက်လက်၍ မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ရာဇဝတ်အမှုပေါင်း ၁၀၇၆ မှု လက်ခံရရှိပြီး ၉၃၆ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၈၄၄ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၅၃ မှု အပါအဝင် ၁၉၉၇ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ် တရားလွှတ်တော်များမှာ ရာဇဝတ်အမှုပေါင်း ၄၅၀၅ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၁၅၇ မှု အပါအဝင် ၄၆၆၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၄၃၅၅ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၆၇၇ မှု အပါအဝင် ၅၀၃၂ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံးများနှင့် ခရိုင်တရားရုံးများမှာ ရာဇဝတ်အမှုပေါင်း ၂၈၂၇၂ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၁၀၄၉ မှု အပါအဝင် ၂၉၃၂၁ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၂၇၄၂၈ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၄၃၈ မှု အပါအဝင် ၂၇၈၆၆ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ မြို့နယ်တရားရုံးများမှာ ရာဇဝတ်အမှုပေါင်း ၁၆၉၄၂၁ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၂၀၄၈၉ မှု အပါအဝင် ၁၈၉၉၁၀ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ တရားမအမှုပေါင်း ၁၉၅၁၄ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန်အမှု ၆၂၀၀ အပါအဝင် ၂၅၇၁၄ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ ဥပဒေအရတည်ထောင်သော အခြားတရားရုံးများဖြစ်သည့် ကလေးသူငယ်တရားရုံး ရန်ကုန်နှင့် မန္တလေးမှာ ကလေးသူငယ်ဥပဒေအရ စွဲဆိုတင်ပို့သည့် အမှုပေါင်း ၃၈၅ မှု လက်ခံရရှိပြီး ယခင်နှစ်အမှုလက်ကျန် ၁၀ မှု အပါအဝင် ၃၉၅ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ စည်ပင်သာယာတရားရုံး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှာ စည်ပင်သာယာဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၅၉၄၂ မှု လက်ခံရရှိပြီး ယခင်နှစ် အမှုလက်ကျန် ၂၃၃ မှု အပါအဝင် ၆၁၇၅ မှု စစ်ဆေးပြီးပြတ်ကြောင်း၊ မော်တော်ယာဉ်တရားရုံး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့မှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဖောက်ဖျက်၍ မော်တော်ယာဉ်ဥပဒေအရ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၄၅၅၄၇ မှုကို စစ်ဆေးစီရင်ခဲ့ကြောင်း၊ ဆက်လက်၍ မှုခင်းများကို ကြန့်ကြာမှုမရှိစေဘဲ မှန်ကန်မြန်ဆန်စွာ စစ်ဆေးပြီးပြတ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း တရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရားသူကြီး၊ ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။ အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက်မှ ၂၅ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် မြိတ်တပ်နယ် အတွင်းရှိ အသားတိုးဝက် မွေးမြူရေးခြံကို ကြည့်ရှု စစ်ဆေးစဉ်။

## a'ow Gf pd fysKd?ar Gr La&;ESifu bfk wf v kfefrsm; &mEbfjyn hf aqmi&G Ebd a&; pd fysKd?ar Gr La&;v kfefrsm;u kdMu nh&ppfaq;

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ရောဂါကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်နှင့် တာဝန်ရှိသူများက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တပ်နယ်အတွင်းရှိ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

➤ ➤ ➤

## w kfa'o Bu D o W[ w fjyn é, t pk&t zGJ0if OeBu Drsm; ceh ywf m0ea&y;

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၂၅/၂၀၂၃**

၁၃၈၄ ခုနှစ် တပေါင်းလဆန်း ၅ ရက်
(၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်)

w kfa'o Bu D o W[ w fjyn é, t pk&t zGJ0if OeBu Drsm; ceh ywf m0ea&y;jcif

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးရွှေဇင် | မန္တလေးတိုင်းဒေသကြီး |
| (ခ) | ဒေါက်တာအောင်မြတ်ကျော်စိန် | မွန်ပြည်နယ် |

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**



အနောက်တောင် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်နေမှုကို ကြည့်ရှု အားပေးစဉ်။

## {&m0w D kfa'o Bu Dt w Gf&SNrdKe, f26 NrdKe, fSNrdKe, bpfrkxrfa[ mif t v kfrbaq mif zGJ0if sm;?ppfrkxrfa[ mif t zGJ0if sm;ESifrd m;p0if sm;u kd aw Gq Mu sef rma&;apmihf a&SMu f v kfefrsm; aqmi&G f

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်က တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့ပြင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များကို နယ်မြေခံဆေးကုသရေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။




အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် ဧရာဝတီတိုင်းဒေသကြီး မြို့နယ် ၂၆ မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးအပ်စဉ်။

## rau GNr KdE, fu kd pfau s;&Gt w Gf&Sd o HC maw mf sm;ESifa'o cHjy n bf l sm;u kd u sef rma&;apmihf a&SMu f v kfefrsm; aqmi&G f

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကံသစ်ကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၀၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊မျက်စိရောဂါ၊သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က မကွေးမြို့နယ် ကံသစ်ကျေးရွာအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

### jyn bf l sm;u sef rmapzdk q Dm;o kHr av QmcspdK

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေးမပြည့်မီသည့် ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများစွာခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာထိခိုက်မှုများကိုပါတွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ




**မန္တလေး ဖေဖော်ဝါရီ ၂၃**

မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် (Myanmar Institute of Information Technology -MIIT) ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကို ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါတက္ကသိုလ်တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ (MIIT)ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းအေးက မောင်မယ်သစ်လွင် ကြိုဆိုပွဲအခမ်းအနားကျင်းပရခြင်းရည်ရွယ်ချက်များ၊ တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြကာ ကျောင်းသား၊ ကျောင်းသူများက ကျေးဇူးတင်စကားများ ပြောကြားကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကများ၊ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သီဆိုကပြဖျော်ဖြေကြသူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်သည့် ငွေပြုငွေများကို ပေးအပ်ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# (၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ စတုတ္ထနေ့ ဆက်လက်ကျင်းပ




(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ စတုတ္ထနေ့ ဆက်လက်ကျင်းပစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၃**

(၅၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံစတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆေးသုတေသနဦးစီးဌာန၌ ဆက်လက်ကျင်းပသည်။

ညီလာခံစတုတ္ထနေ့တွင် မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် အရည်အသွေးပြည့်မီသော လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် အောင်မြင်ရေးအတွက် အခြေခံကျသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်အပေါ် လက်ရှိအခြေအနေအား သုံးသပ်ခြင်း၊ မဟာဗျူဟာများဖော်ထုတ်ခြင်းနှင့် ကတိကဝတ်များဆိုင်ရာဆွေးနွေးခြင်းကို "Myanmar Health Workforce for the SDG and 2030 UHC Targets: Situational Analysis, Strategies and Commitments" ခေါင်းစဉ်ဖြင့် နှီးနှောဖလှယ် ဆွေးနွေးကြသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ပါမောက္ခဒေါက်တာဖေသက်ခင်နှင့် မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာခင်မောင်အေးတို့က သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ၏ အရေးပါမှုနှင့်ပတ်သက်၍ အမှာစကားပြောကြားကြသည်။

ယင်းနောက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံတကာအဖွဲ့အစည်းများနှင့်ကတိကဝတ်များ၊တက္ကသိုလ်၊ ကျောင်းများတွင် အရည်အသွေးအာမခံမှုစနစ်အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်အခန်းကဏ္ဍများကို ဆွေးနွေးပြောကြားပြီး ပါမောက္ခများ၊ ပညာရှင်များနှင့် တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းခြင်း၊ ပြန်လည်ဖြေကြားခြင်းနှင့် အကြံပြုဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

မွန်းလွဲပိုင်းတွင် စာတမ်းဖတ်ပွဲကို ကျင်းပရာ စာတမ်းရှင်များက သုတေသနစာတမ်းစုစုပေါင်း ၁၁ စောင်ကို ဖတ်ကြားတင်သွင်းကြပြီး ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သုတေသီများနှင့် တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နိုင်ငံရေးပါတီများ ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ဇန်နဝါရီ ၂၆ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၁၅/၂၀၂၃)ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၁၀/၂၀၂၃)ဖြင့်လည်းကောင်း၊ နိုင်ငံရေးပါတီတည်ထောင်ခွင့်၊ ဆက်လက်တည်ထောင်ခွင့်နှင့်မှတ်ပုံတင်ခွင့်တို့နှင့်စပ်လျဉ်း၍ ကြေညာချက် အမှတ်(၂/၂၀၂၃)၊ (၃/၂၀၂၃)တို့ဖြင့်လည်းကောင်း ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **အမျိုးသားဒီမိုကရေစီပါတီသစ်**(NEW NATIONAL DEMOCRACY PARTY)သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ယနေ့တွင် လာရောက်လျှောက်ထားခဲ့သဖြင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖေဖော်ဝါရီ ၂၃ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၉၀၅ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၇၅ ဦး |

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ဖေဖော်ဝါရီ ၂၂ ရက်ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၀၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်နှစ်ဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

☆ **ကျောဖုံးမှအဆက်**

အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်းငါးခုစီနှင့် နောက်ခြေသည်းလေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ခုနစ်လသားအရွယ်တွင် အရပ်အမြင့် သုံးပေ ၂ ဒသမ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ငါးပေ၊ ကိုယ်အလေးချိန် ၃၈၅ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။

# အကြမ်းဖက် CRPH၊ NUG၊ PDF များ၏ပစ်မှတ်ဖြစ်နေသော အရွယ်မရောက်သေးသည့်ကလေးသူငယ်များ

ဖေဖော်ဝါရီ ၁၅ ရက်က စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်အတွင်းမှာ ကျောင်းကားတစ်စီးကို အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH၊ NUG တို့ရဲ့လက်ဝေခံ PDFအမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ရီမို မိုင်းနဲ့ ဖောက်ခွဲတိုက်ခိုက်ခဲ့လို့ စာမေးပွဲဖြေဆိုပြီး ပြန်လာတဲ့ ကျောင်းသူတစ်ဦးသေဆုံးပြီး ၁၀ ဦး ဒဏ်ရာရရှိသွားတဲ့သတင်းကို ထိတ်လန့်တုန်လှုပ်ဖွယ်ရာ ကြားသိခဲ့ရပါတယ်။

ကျောင်းဖွင့်ရက်တွေမှာ နေ့စဉ် ဒီအချိန်၊ ဒီလမ်းကြောင်းကနေ ပုံမှန်သွားလာနေတဲ့ ကျောင်းကားကို ရီမိုမိုင်းနဲ့၊ ဖောက်ခွဲတိုက်ခိုက်ခဲ့တာဖြစ်လို့ ကျောင်းသား၊ ကျောင်းသူတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ ရက်ရက်စက်စက်အကြမ်းဖက် တိုက်ခိုက်တယ်ဆိုတာ ငြင်းလို့မရပါဘူး။ ကျောင်းဝတ်စုံအဖြူအစိမ်း ဝတ်ဆင်ထားတဲ့ အပြစ်မဲ့ကလေးငယ် ကျောင်းသား၊ ကျောင်းသူလေးများ ထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများကို မြင်တွေ့ရတဲ့သူတိုင်းလည်း စိတ်မကောင်းဖြစ်ကြရပါတယ်။ သားသမီးရှိတဲ့ မိဘတိုင်းလည်း ကိုယ်ချင်းစာစိတ်နဲ့ ခံစားကြည့်ရင် ဒီလိုဆိုးရွားရက်စက်ယုတ်မာလွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရွံရှာစက်ဆုပ်ကြပါတယ်။

**ဒီလိုဖြစ်စဉ်ကိုကြည့်ရင် နိုင်ငံတော်ရဲ့အနာဂတ်၊ မိဘများရဲ့မျှော်လင့်ချက်ဖြစ်တဲ့ သားသမီးများရဲ့ ပညာသင်ကြားရေးကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခဲ့ခြင်းဖြစ်သလို နိုင်ငံရေးနဲ့မသက်ဆိုင်တဲ့ ကလေးသူငယ်များကို ပစ်မှတ်ထားပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ် ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒီလိုအကြမ်းဖက်လုပ်ရပ်မျိုးတွေကို နိုင်ငံတကာက ဘယ်လိုသဘောထားကြပါသလဲ။ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ ဒီလိုဆိုးရွားရက်စက်လွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ ကြိုးကိုင်စီစဉ်ဆောင်ရွက်နေတဲ့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH၊ NUG အဖွဲ့နဲ့ မြေပြင်မှာ လက်ရဲဇက်ရဲကျူးလွန်နေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို အားပေးထောက်ခံသင့်ပါသလား စဉ်းစားချင့်ချိန်ကြစေချင်ပါတယ်။**

ကလေးသူငယ်တွေဆိုတာ နိုင်ငံတစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုရဲ့အနာဂတ်ဖြစ်သလို အဖိုးတန်ရတနာတွေလည်းဖြစ်ပါတယ်။ ကလေးသူငယ်တွေဟာ အရွယ်ရောက်ပြီးသူတွေနဲ့ နှိုင်းယှဉ်ရင် မိမိကိုယ်ကို စောင့်ရှောက်ကာကွယ်နိုင်တဲ့ အသက်အရွယ်၊ အတွေ့အကြုံနဲ့ ရုပ်ပိုင်း/စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွေမရှိသေးတာကြောင့် မိဘ၊ ဆွေမျိုးများ၊ အစိုးရနဲ့ သက်ဆိုင်ရာလူ့အဖွဲ့အစည်းများရဲ့ အရိပ်အာဝါသအောက်မှာ အထူးအကာအကွယ်ပေးထားရသူတွေဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတိုင်းမှာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေရရှိသင့်တဲ့ အခွင့်အရေးတွေနဲ့၊ သူတို့အပေါ် ကျရောက်နိုင်တဲ့ ဘေးအန္တရာယ်တွေကို ဥပဒေတွေနဲ့ ထိန်းကျောင်းကာကွယ်ထားရခြင်းဖြစ်ပါတယ်။

နိုင်ငံတကာဥပဒေတွေအရတော့ တိုက်ခိုက်ရေးစစ်သည်မဟုတ်တဲ့ အရပ်သား (Non-Combatants) တွေကို အကာအကွယ်ပေးထားတဲ့ဥပဒေတိုင်းဟာ ကလေးသူငယ်များအတွက် "General Protection"အရ အကျုံးဝင်ပြီးဖြစ်ပါတယ်။ ဒါ့အပြင် ၁၉၂၄ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ Geneva Declaration of the Rights of the Child၊ ၁၉၅၉ ခုနှစ် နိုဝင်ဘာလမှာထုတ်ပြန်တဲ့ Declaration of the Rights of the Child အပါအဝင် အခြားသော အခွင့်အရေးဆိုင်ရာဥပဒေများမှာ ကလေးသူငယ်များရဲ့အခွင့်အရေးကို ကာကွယ်ပေးထားပါတယ်။

သာမန်အခြေအနေတွေမှာ ကလေးသူငယ်တွေရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးထားသလို သာမန်မဟုတ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေ အတွင်းမှာလည်း အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေအပေါ် အထူးကာကွယ်ပေးထားတဲ့ ဥပဒေတွေရှိပါတယ်။ Geneva Convention တွေရဲ့နောက်ဆက်တွဲတွေဖြစ်တဲ့ ၁၉၇၇ ခုနှစ်မှာ ပြဋ္ဌာန်းတဲ့ Additional Protocol I၊ Article 77 မှာ "Children shall be the object of special respect and shall be protected against any form of indecent assault. The Parties to the conflict shall provide them with the care and aid they require, whether because of their age or for any other reason" ကလေးသူငယ်တွေကို အထူးလေးစားရမယ်၊ သူတို့အပေါ် ကျရောက်မယ့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ကာကွယ်ပေးရမယ်။ အသက်ငယ်တာအပြင် ဘယ်လိုအကြောင်းပြချက်နဲ့ဖြစ်ဖြစ် ပဋိပက္ခထဲမှာ ပါဝင်တဲ့အုပ်စုတွေအနေနဲ့ ကလေးငယ်တွေကို ကူညီထောက်ပံ့စောင့်ရှောက်မှုတွေပေးရမယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ပြည်တွင်းပဋိပက္ခကိုရည်ညွှန်းတဲ့ AP II မှာ အဲဒီထက်အသေးစိတ်ကျတဲ့ ပြဋ္ဌာန်းချက်တွေပါဝင်ပါတယ်။

ဒီလိုဖြစ်စဉ်ကိုကြည့်ရင် နိုင်ငံတော်ရဲ့အနာဂတ်၊ မိဘများရဲ့မျှော်လင့်ချက်ဖြစ်တဲ့ သားသမီးများရဲ့ပညာသင်ကြားရေးကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ခဲ့ခြင်းဖြစ်သလို နိုင်ငံရေးနဲ့မသက်ဆိုင်တဲ့ ကလေးသူငယ်များကိုပစ်မှတ်ထားပြီး လုပ်ကြံသတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်ဖြစ်တယ်ဆိုတာ ထင်ရှားလှပါတယ်။ ဒီလိုအကြမ်းဖက်လုပ်ရပ်မျိုးတွေကို နိုင်ငံတကာက ဘယ်လိုသဘောထားကြပါသလဲ။ ငြင်းလို့မရတဲ့ သက်သေအထောက်အထားတွေအရ ဒီလိုဆိုးရွားရက်စက်လွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ ကြိုးကိုင်စီစဉ်ဆောင်ရွက်နေတဲ့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH၊ NUG အဖွဲ့နဲ့ မြေပြင်မှာ လက်ရဲဇက်ရဲကျူးလွန်နေတဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေကို အားပေးထောက်ခံသင့်ပါသလား စဉ်းစားချင့်ချိန်ကြစေချင်ပါတယ်။



PDF အမည်ခံအကြမ်းဖက်များ၏ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အရွယ်မရောက်သေးသော ကလေးသူငယ်များ။

မြန်မာနိုင်ငံမှာလည်း ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်က "ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေ" ကိုပြဋ္ဌာန်းထားရှိပြီးဖြစ်ပါတယ်။ ဒီဥပဒေရဲ့ အခန်း (၁၆) မှာ "ကလေးသူငယ်အပေါ် အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ခြင်း" ပါဝင်ပြီး ကလေးသူငယ်တွေကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနဲ့၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကနေ အကာအကွယ်ပေးထားပါတယ်။ အခန်း (၁၇) ဖြစ်တဲ့ "ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခ" ဆိုတဲ့အခန်းမှာလည်း လက်နက်ကိုင်ပဋိပက္ခတွေအတွင်းမှာ ကလေးသူငယ်တွေကို အထူးကိစ္စရပ်တစ်ခုအနေနဲ့ အကာအကွယ်ပေးဖို့၊ စောင့်ရှောက်ဖို့ ပါဝင်ပြီးဖြစ်ပါတယ်။

**ဒီလို ပြည်တွင်းနဲ့ နိုင်ငံတကာမှာ ကလေးသူငယ်တွေကို အလေးထားကာကွယ်စောင့်ရှောက်ဖို့၊ ပဋိပက္ခတွေမှာမပါဝင်စေဖို့၊ ကြားမညပ်စေဖို့ ဥပဒေတွေနဲ့ တားမြစ်ထားပေမယ့်လည်း မြန်မာနိုင်ငံမှာတော့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH၊ NUG တို့ရဲ့လက်ဝေခံ PDFအမည်ခံ အကြမ်းဖက်သမားများက နိုင်ငံရေးအရ အမြင်မတူလို့၊ သူတို့ကိုထောက်ပံ့ခြင်းမပြုလို့ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မိသားစုတစ်စုလုံးကို ကလေးသူငယ်ပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်နေကြသလို ကလေးသူငယ်တွေကိုလည်း အကြမ်းဖက်ဖောက်ခွဲမှုကျူးလွန်တဲ့နေရာမှာ ဓားစာခံအဖြစ်အသုံးချနေကြတာကို စိတ်မကောင်းဖွယ်ရာ၊ စိုးရိမ်ထိတ်လန့်ဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်။**

မြန်မာနိုင်ငံမှာ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG တွေနဲ့ ၎င်းတို့ရဲ့လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမား တို့ရဲ့ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ရတဲ့ ကလေးသူငယ်အရေအတွက် ၁၄၃ ဦးရှိပြီဖြစ်ပြီး ဒဏ်ရာရရှိခဲ့တဲ့အရေအတွက် ၃၉၂ ဦးရှိပြီးဖြစ်ပါတယ်။ စာရင်းဇယားတွေအရ စစ်ကိုင်းတိုင်းဒေသကြီးဟာ ကလေးသူငယ်တွေ အကြမ်းဖက်ခံရမှုကြောင့် သေဆုံးသူအများဆုံးဖြစ်ပြီး မကွေးတိုင်းဒေသကြီးက ဒုတိယအများဆုံးဖြစ်ပါတယ်။ သေဆုံးခဲ့ကြရတဲ့ ကလေးငယ်အများစုဟာ နိုင်ငံရေးအရောင်အသွေးမတူတဲ့အတွက် ဒလန်မိသားစုဆိုပြီး စွပ်စွဲသတ်ဖြတ်လို့၊ အကြမ်းဖက်သမားတွေ ထောင်ထားတဲ့ လက်လုပ်မိုင်းတွေပေါက်ကွဲလို့ PDF အမည်ခံအကြမ်းဖက်တွေလက်နက်စမ်းသပ်ရင်း ကျေးရွာတွေထဲကို ရမ်းသန်းပစ်ခတ်လို့၊ ကျေးရွာမီးရှို့လို့၊ ဒရုန်းတွေမှာ ဗုံးသီးတွေချိတ်ပြီး ထိချင်ရာထိ ပစ်ချလို့ သေဆုံးခဲ့ကြရတာအများစုဖြစ်ပြီး PDFတွေ အကြမ်းဖက်မှုဆောင်ရွက်ဖို့ အရွယ်မရောက်သေးတဲ့ကလေးသူငယ်တွေကို ဓားစာခံအဖြစ် အသုံးချတဲ့အတွက် သေဆုံးခဲ့ကြရတဲ့ဖြစ်စဉ်များလည်း ပါဝင်နေပါတယ်။

ဒီလို ပြည်တွင်းနဲ့ နိုင်ငံတကာမှာ ကလေးသူငယ်တွေကို အလေးထားကာကွယ်စောင့်ရှောက်ဖို့၊ ပဋိပက္ခတွေမှာမပါဝင်စေဖို့၊ ကြားမညပ်စေဖို့ ဥပဒေတွေနဲ့ တားမြစ်ထားပေမယ့်လည်း မြန်မာနိုင်ငံမှာတော့ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPH၊ NUG တို့ရဲ့လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက နိုင်ငံရေးအရ အမြင်မတူလို့၊ သူတို့ကို ထောက်ပံ့ခြင်းမပြုလို့ဆိုတဲ့ ခေါင်းစဉ်အောက်မှာ မိသားစုတစ်စုလုံးကို ကလေးသူငယ်ပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်နေကြသလို ကလေးသူငယ်တွေကိုလည်း အကြမ်းဖက်ဖောက်ခွဲမှု ကျူးလွန်တဲ့နေရာမှာ ဓားစာခံအဖြစ်အသုံးချနေကြတာကို စိတ်မကောင်းဖွယ်ရာ၊ စိုးရိမ်ထိတ်လန့်ဖွယ်ရာ မြင်တွေ့ကြားသိနေရပါတယ်။

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှအဆက်

**၁-၂-၂၀၂၁ ရက်မှ ၁၁-၂-၂၀၂၃ ရက်ထိ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် ကလေးသူငယ်များသေဆုံးမှုစာရင်း**

| စဉ် | တိုင်း/ပြည်နယ် | သေဆုံးသည့် ကလေးသူငယ် | | ပေါင်း | ဒဏ်ရာရရှိသည့် ကလေးသူငယ် | | ပေါင်း |
|---|---|---|---|---|---|---|---|
| | | ကျား | မ | | ကျား | မ | |
| ၁ | နေပြည်တော် | | | | ၂ | | ၂ |
| ၂ | ကချင်ပြည်နယ် | ၄ | | ၄ | ၁၂ | ၅ | ၁၇ |
| ၃ | ကယားပြည်နယ် | | | | ၂ | ၅ | ၇ |
| ၄ | ကရင်ပြည်နယ် | | ၁ | ၁ | ၁၂ | ၇ | ၁၉ |
| ၅ | ချင်းပြည်နယ် | ၁ | | ၁ | ၃ | ၃ | ၆ |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၄၂ | ၂၄ | ၆၆ | ၆၉ | ၄၉ | ၁၁၈ |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၃ | ၃ | ၆ | ၁၃ | ၃ | ၁၆ |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၃ | ၇ | ၁၀ | ၂၂ | ၁၂ | ၃၄ |
| ၉ | မကွေးတိုင်းဒေသကြီး | ၁၅ | ၆ | ၂၁ | ၁၅ | ၁၄ | ၂၉ |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၈ | ၉ | ၁၇ | ၃၈ | ၁၁ | ၄၉ |
| ၁၁ | မွန်ပြည်နယ် | ၂ | ၂ | ၄ | ၈ | ၁၁ | ၁၉ |
| ၁၂ | ရခိုင်ပြည်နယ် | | ၂ | ၂ | ၂ | | ၂ |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၃ | ၄ | ၇ | ၂၄ | ၁၇ | ၄၁ |
| ၁၄ | ရှမ်းပြည်နယ် | ၂ | | ၂ | ၁၈ | ၁၃ | ၃၁ |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | | ၂ | ၂ | ၁ | ၁ | ၂ |
| | စုစုပေါင်း | ၈၃ | ၆၀ | ၁၄၃ | ၂၄၁ | ၁၅၁ | ၃၉၂ |

ဒီဖြစ်စဉ်တွေထဲကမှ ပြည်သူလူထုနဲ့ နိုင်ငံတကာက သိရှိနိုင်အောင် ထူးခြားဖြစ်စဉ်တချို့ကို အကျဉ်းမျှ ဖော်ပြပေးလိုပါတယ်။ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ပလောက်မြို့ ညောင်ရှင်ကုန်းကျေးရွာမှာ ရစဖမှူး ဦးမြင့်အောင်၏ ဇနီး၊ သမီးနဲ့ မြေးများဖြစ်တဲ့ မိသားစုဝင် (၇) ဦးစလုံးကို PDFအမည်ခံအကြမ်းဖက်တွေ သတ်ဖြတ်သွားကြပါတယ်။ ဒီလို ရက်ရက်စက်စက်အသတ်ခံရတဲ့ မိသားစုတွေထဲမှာ မြေးဖြစ်တဲ့ အသက် ၁၇ နှစ်အရွယ် မောင်နေထက်သိန်း၊ အသက် ၁၆ နှစ်အရွယ် မောင်ဇေယျာအောင်၊ အသက် ၁၃ နှစ်အရွယ် မောင်စိုးမင်းပိုင်၊ အသက် ၉ နှစ်အရွယ် မမေဇင်ဖြူနွမည်တောင် သေချာမပေးရသေးတဲ့ တစ်နှစ်အရွယ် မောင်သားသားတို့ဟာ အရွယ်မရောက်သေးတဲ့ ကလေးငယ်များဖြစ်ကြပါတယ်။ အဘိုးဖြစ်သူက ကျေးရွာအုပ်ချုပ်ရေးမှူးဖြစ်တာနဲ့ မိသားစုတစ်စုလုံးကို ရင်ခွင်ပိုက် တစ်နှစ်အရွယ်ကလေးပါမကျန် လူမဆန်စွာ သတ်ဖြတ်သွားခဲ့ကြတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၄ ရက် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ငါးမြောင်ကျေးရွာမှာ PDF အမည်ခံအကြမ်းဖက်တွေက ဦးကျော်လှိုင် (၆၅) နှစ် (ငါး/မျှော ရောင်းဝယ်ရေး) အပါအဝင် မိသားစု (၈) ယောက်စလုံးကို ရက်ရက်စက်စက် သတ်ဖြတ်သွားကြပါတယ်။ ဒီလိုသတ်ဖြတ်ခံရတဲ့ အထဲမှာ ဦးကျော်လှိုင်ရဲ့ မြေးတွေဖြစ်တဲ့ မောင်ခန့်ဇေယျာမျိုး(၆)နှစ်၊ မသိမ့်ရွှေဘုံစံ (၁၁) နှစ်၊ မစုမြတ်စံ (၁၅)နှစ်တို့ဟာ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေ ဖြစ်ကြပါတယ်။ ထူးခြားတာက ဦးကျော်လှိုင်တို့ မိသားစုဟာ NLD ပါတီကို ထောက်ခံအားပေးသူတွေဖြစ်ပြီး ငါး/မျှောရောင်းဝယ်ရေးနဲ့ စီးပွားဖြစ်နေကြပေမယ့် PDF အမည်ခံအကြမ်းဖက်တွေကို ထောက်ပံ့ကြေးမပေးတော့လို့ဆိုတဲ့ အကြောင်းပြချက်နဲ့ သတ်ဖြတ်သွားကြတာဖြစ်ပါတယ်။ အရင်က ပေးနေပြီး နောက်ပိုင်းမှာ PDF အမည်ခံအကြမ်းဖက်တွေရဲ့အကြမ်းဖက်လမ်းစဉ်ကို မယုံကြည်တော့လို့ ဆက်လက်မထောက်ပံ့တော့တာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH၊ NUG တို့ရဲ့ လက်ဝေခံ PDFအမည်ခံ အကြမ်းဖက်သမားများက သူတို့ကို မထောက်ခံတာနဲ့၊ ငွေကြေးမပေးတာနဲ့ နိုင်ငံရေးအရောင်မခွဲ ကလေးပါမကျန် ရက်စက်စွာ သတ်ဖြတ်ကြတယ်ဆိုတာ သိသာထင်ရှားစေတဲ့ အထောက်အထားတစ်ခုဖြစ်ပါတယ်။




**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၊ ငါးမြောင်ကျေးရွာရှိ အရွယ်မရောက်သေးသော ကလေးသူငယ်များအပါအဝင် မိသားစုတစ်စုလုံးအားသတ်ဖြတ်ခဲ့မှု။**

၂၀၂၁ ခုနှစ် မေ ၁၉ ရက် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာမှာ ရစဖမှူး ဦးစိုးညွန့်အိမ်ကို PDF အမည်ခံအကြမ်းဖက်သမားတွေရောက်လာပြီး ဇနီး မတင်မာစိုးအပါအဝင် သားဖြစ်သူ အသက် ၃ နှစ်အရွယ် မောင်စွမ်းထက်အောင်ကိုပါ ရက်ရက်စက်စက် သတ်ဖြတ်သွားကြပါတယ်။ ဒီလိုမျိုး အုပ်ချုပ်ရေးမှူးမိသားစုတွေကို ကလေးငယ်တွေပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်တဲ့ဖြစ်စဉ်တွေ အများကြီးရှိခဲ့ပါတယ်။ ဖခင်သို့မဟုတ် အဘိုးဖြစ်သူက ကျေးရွာအုပ်ချုပ်ရေးမှူး ဖြစ်နေတာနဲ့ သူတို့ရဲ့ မိသားစုတွေကို ရင်ခွင်ပိုက် ကလေးပါမကျန်သတ်ဖြတ်နေကြတာက လုံလောက်တဲ့အကြောင်းပြချက်ဟုတ်ပါရဲ့လား၊ ဖြစ်သင့်ဖြစ်ထိုက်ပါသလား စဉ်းစားကြည့်ကြဖို့လိုပါတယ်။

၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၃ ရက်က တန့်ဆည်မြို့နယ် ကျီကုန်း(တ)ကျေးရွာက ဦးရဲမြင့် (၅၇) နှစ်အပါအဝင် မိသားစုဝင် (၆) ဦးစလုံးကို PDF အမည်ခံအကြမ်းဖက်တွေက ရဲတပ်ဖွဲ့ဝင်တစ်ဦးရဲ့မိသားစု ဖြစ်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ သတ်ဖြတ်ခဲ့ကြတာဖြစ်ပြီး ဦးရဲမြင့်ရဲ့ မြေးဖြစ်သူ မနုနုခိုင်နဲ့ မချောစုလှိုင်တို့ဟာ အသက် ၁၈ နှစ်ဝန်းကျင်သာရှိတဲ့ ဆယ်ကျော်သက်တွေဖြစ်ပြီး အငယ်ဆုံး မကျော့မှူးကေသွယ်ဟာ အသက် ၄ နှစ်သာရှိပါသေးတယ်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးရဲ့ မိသားစုဖြစ်တာနဲ့ အရွယ်မရောက်သေးတဲ့ အမျိုးသမီးငယ်လေးတွေပါမကျန် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတာဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၈ ရက် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပျဉ်းမလမ်းယာဘက်က မြို့နယ်ဘောလုံးကွင်းဝင်ပေါက်မှာ လက်လုပ်မိုင်း (၁) လုံးပေါက်ကွဲပြီး မောင်မိုးရန်ကို (၇) နှစ်နဲ့ မောင်ဝင်းနိုင်မင်း (၁၁)နှစ်တို့ ရုပ်ပျက်ဆင်းပျက် သေဆုံးခဲ့ကြရပါတယ်။ မျက်မြင်တွေ့ရှိချက်တွေအရ ကလေးငယ် (၂) ဦး ကိုင်ဆောင်လာတဲ့ ကြွပ်ကြွပ်အိတ်ထဲက မိုင်းပေါက်ကွဲခဲ့တာလို့ သိရပါတယ်။ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားတဲ့ CRPH၊ NUG တွေနဲ့ ၎င်းတို့ရဲ့လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လူသူအများအပြားလာရောက်ကြည့်ရှုတဲ့ အားကစားကွင်းထဲမှာ မိုင်းခွဲဖို့ အရွယ်မရောက်သေးတဲ့ ကလေးသူငယ်တွေကို ငွေကြေးပေးပြီး ခိုင်းစေအသုံးချခဲ့တာဖြစ်ပါတယ်။ အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ NUG က ဇော်ဝေစိုး ထုတ်ဖော်ပြောဆိုခဲ့တဲ့ "အိတ်သေးသေးလေးတွေလည်း ဖွင့်မကြည့်နဲ့ ကိစ္စတုံးသွားမယ်"ဆိုတဲ့ ခြိမ်းခြောက်မှုနဲ့ တထေရာတည်းတူညီနေတာကို တွေ့ရပါတယ်။

ဒီဖြစ်စဉ်တွေကို လေ့လာကြည့်မယ်ဆိုရင် PDF အမည်ခံအကြမ်းဖက်တွေအနေနဲ့ နိုင်ငံရေးအရောင်အသွေးမတူလို့၊ ဝန်ထမ်းဖြစ်လို့ဆိုတဲ့ အကြောင်းပြချက်သာမကတော့ဘဲ သူတို့ကို အားပေးထောက်ခံခြင်းမပြုတော့တဲ့ နိုင်ငံရေးအရောင်အသွေးတူသူတွေကို သတ်ဖြတ်တဲ့နေရာမှာ ဘာမှမဆိုင်တဲ့ ကလေးသူငယ်တွေကိုပါ ရက်ရက်စက်စက် သတ်ဖြတ်နေကြကြောင်း မီးမောင်းထိုးပြနေတာပဲဖြစ်ပါတယ်။ **ဒီလိုဖြစ်စဉ်တွေ ဖြစ်လာရတဲ့ ဇာစ်မြစ်က အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ NUG အဖွဲ့ရဲ့ စေခိုင်းစီမံမှုတွေနဲ့ လှုံ့ဆော်မှုတွေအရ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက မြေပြင်မှာ ကျူးလွန်နေကြတာဖြစ်ပါတယ်။ ငြင်းလို့မရနိုင်တဲ့ အထောက်အထားတွေ၊ ခိုင်မာတဲ့မှတ်တမ်းတွေ အားလုံးရှိနေပြီး ကမ္ဘာသိအောင် သတင်းများထုတ်ပြန်ပေးနေသလို သက်ဆိုင်ရာ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး နိုင်ငံတကာအဖွဲ့အစည်းများနဲ့ နိုင်ငံတကာ ရဲတပ်ဖွဲ့များကိုလည်း ထပ်ခါတလဲလဲ အသိပေးထားပြီး ဖြစ်ပါတယ်။**


စိတ်မကောင်းစရာက နိုင်ငံတချို့ကတော့ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG တွေနဲ့ ၎င်းတို့ရဲ့လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက အကြမ်းဖက်လူသတ်နေကြတဲ့ဖြစ်စဉ်တွေကို ကမ္ဘာ့မီဒီယာတွေပေါ်မှာ တက်မလာအောင် နည်းမျိုးစုံနဲ့ ထိန်းချုပ်ထားပြီး အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ CRPHနဲ့ NUG အကြမ်းဖက်အဖွဲ့နဲ့ ထိတွေ့ဆက်ဆံကာ အကြမ်းဖက်အားပေးလုပ်နေကြတာကို တွေ့ရပါတယ်။ ဒီလိုမျိုးထိတွေ့ဆက်ဆံနေမှုတွေဟာ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG တွေနဲ့ ၎င်းတို့ရဲ့ လက်ဝေခံ PDFအမည်ခံအကြမ်းဖက်အဖွဲ့တွေကို အားပေးရာရောက်နေသလို မြန်မာနိုင်ငံအတွင်းမှာ ဖြစ်ပွားနေတဲ့ အကြမ်းဖက်တိုက်ခိုက်မှု၊ လုပ်ကြံသတ်ဖြတ်မှုများကို ပိုဆိုးလာအောင် မီးထိုးပေးနေတဲ့ လုပ်ရပ်များပဲ ဖြစ်ပါတယ်။

> ဒီလိုဖြစ်စဉ်တွေ ဖြစ်လာရတဲ့ဇာစ်မြစ်က အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားတဲ့ NUG အဖွဲ့ရဲ့ စေခိုင်းစီမံမှုတွေနဲ့ လှုံ့ဆော်မှုတွေအရ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေက မြေပြင်မှာ ကျူးလွန်နေကြတာဖြစ်ပါတယ်။ ငြင်းလို့မရနိုင်တဲ့ အထောက်အထားတွေ၊ ခိုင်မာတဲ့မှတ်တမ်းတွေ အားလုံးရှိနေပြီး ကမ္ဘာသိအောင် သတင်းများထုတ်ပြန်ပေးနေသလို သက်ဆိုင်ရာ အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး နိုင်ငံတကာအဖွဲ့အစည်းများနဲ့ နိုင်ငံတကာရဲတပ်ဖွဲ့များကိုလည်း ထပ်ခါတလဲလဲ အသိပေးထားပြီးဖြစ်ပါတယ်။

**စာမျက်နှာ ၂၄ သို့**

# ကျိုက်ထိုမြို့နယ် တဂေးချောင်းဖျားကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကို PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

**PDF** အမည်ခံ အကြမ်းဖက်သမားများ မူလတန်းကျောင်းအုပ်ဆရာမတစ်ဦးကို ဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ခံရသည့် နေရာပြပုံ။




**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် တဂေး ချောင်းဖျားကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း (တဂေးချောင်းဖျား)မှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျိုက်ထိုမြို့နယ် တဂေး ချောင်းဖျားကျေးရွာ အခြေခံပညာ မူလတန်းကျောင်း (တဂေးချောင်းဖျား)တွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းအုပ် ဆရာမကြီးဖြစ်သူ ဒေါ်နွယ်နွယ်ဦးသည် ဆရာမခြောက်ဦးနှင့်အတူ ကျောင်း၌ ရှိနေစဉ် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက် သမားများက လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်၍ မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး ကျောင်းအုပ်ဆရာမကြီး ဖြစ်သူ ဒေါ်နွယ်နွယ်ဦးအား အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်၍ အဆိုပါကျေးရွာ အနီးရှိ တဂေးချောင်းဖျား-ငှက်ပျောတော ကားလမ်းဘေး၌ လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ကျောင်းအုပ်ဆရာမကြီးအား ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် အကြမ်းဖက် သမားများကို ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်းနှင့် သက်ဆိုင်ရာ တည်ဆဲ ဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာ ထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူ လူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက် ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေ ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်း နိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင် ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီ ရပ်ကွက်နေ သဲစုလှိုင်သည် ၎င်းအသုံး ပြုသည့် "Thae Su Hlaing" Facebook အကောင့်ဖြင့် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော် ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင် ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ် များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး ကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေး ကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ် ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူ များကို ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။

# ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများမှ ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်းကို ဖြေလျှော့ခြင်းနှင့်ပတ်သက်၍ အသိပေးတိုက်တွန်းချက်အား ထုတ်ပြန်ကြေညာ

(၂၃-၂-၂၀၂၃)

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါအား ကူးစက်မြန်ရောဂါအဖြစ် စတင်သတ်မှတ်သည့်အချိန်မှစ၍ ရောဂါကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေအပေါ် မူတည်၍ ပြောင်းလဲဆောင်ရွက် လျက်ရှိပါသည်။

၂။ ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ဆေးထိုးလွှမ်းခြုံမှု မြင့်မားလာခြင်းနှင့် ပြည်သူလူထုမှ ရောဂါကာကွယ်ရေးစည်းမျဉ်း စည်းကမ်းများအား ပူးပေါင်းလိုက်နာဆောင်ရွက်ခြင်းတို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှာ သိသိသာသာကျဆင်းလျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် နေ့စဉ်ပုံမှန်ဘဝ၌ လိုက်နာကျင့်သုံး ဆောင်ရွက်နေရသော ကိုဗစ်-၁၉ ရောဂါ တစ်ကိုယ်ရေကာကွယ်ရေး စည်းမျဉ်း စည်းကမ်းများအနက် အောက်ဖော်ပြပါ အခြေအနေများတွင် ပါးစပ်နှင့်နှာခေါင်းစည်း အား တပ်ဆင်သင့်ပါကြောင်း အသိပေးတိုက်တွန်းအပ်ပါသည်-

(က) လူထူထပ်သောနေရာ၊ အလုံပိတ်နေရာ၊ လေဝင်၊ လေထွက်မကောင်းသော နေရာများတွင်ရှိနေချိန် (လူတစ်ဦးနှင့်တစ်ဦး သုံးပေခြား၍ နေထိုင်ရန် မဖြစ်နိုင်သော အခြေအနေ)၊

(ခ) အများပြည်သူအသုံးပြုသော မော်တော်ယာဉ်၊ မီးရထား၊ သင်္ဘော၊ လေယာဉ် စသည့်ယာဉ်များဖြင့် ခရီးသွားလာခြင်း၊

(ဂ) ဆေးရုံ၊ ကျန်းမာရေးဌာနများနှင့် ဘိုးဘွားရိပ်သာများသို့သွားရောက်ခြင်း၊

(ဃ) ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် သေဆုံး နိုင်ခြေမြင့်မားသူများ၊ (အသက်အရွယ်ကြီးသူများ၊ သွေးတိုးရောဂါ၊ နှလုံး ရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါ၊ ဦးနှောက်သွေးကြောဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါရှိသူများ၊ ကိုယ်ခံအား နည်းသူများ၊ အဝလွန်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားခြင်း မရှိသူများ၊ အထွေထွေ ကျန်းမာရေးမကောင်းသူများ)

(င) ကိုဗစ်-၁၉ ရောဂါနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများ ဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်း နာခြင်းစသည့် လက္ခဏာများရှိသူ။

**ကျန်းမာရေးဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံးပေါက်ကွဲခဲ့၍ သံဃာတော် တစ်ပါးနှင့် အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံး ပေါက်ကွဲခဲ့၍ သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့ အရပ်သားပြည်သူနှစ်ဦး ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်း ဒေသကြီး ဗန်းမောက်မြို့ မြို့မရပ်ကွက် ဗိုလ်ချုပ်လမ်း မြို့နယ်လျှပ်စစ်ရုံးအနီး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် လက်လုပ် မိုင်းတစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲ မှုကြောင့် အချင်းဖြစ်နေရာအနီး ဖြတ်သန်းသွားလာလျက်ရှိသည့် စီးမော် ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးပဏ္ဍိတ သက်တော် ၄၃ နှစ် ဝါတော် ၂၃ ဝါ၊ ကသာမြို့ အမှတ်(၄) ရပ်ကွက်နေ ဦးဇော်နိုင်ဝင်း ၃၁ နှစ်နှင့် မသော်ရီဆွေ ၂၃ နှစ်တို့တွင် မိုင်းစထိမှန် ဒဏ်ရာများရရှိခဲ့၍ ဆေးကုသနိုင်ရေး ဗန်းမောက်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထိုသို့ အများပြည်သူသွားလာအသုံးပြု လျက်ရှိသည့်လမ်းအား မိုင်းထောင်ဖောက်ခွဲ ပြီး သံဃာတော်တစ်ပါးနှင့် အပြစ်မဲ့ အရပ်သားပြည်သူ နှစ်ဦးတို့ကို ထိခိုက် ဒဏ်ရာများရရှိစေခဲ့သည့် အကြမ်းဖက် သမားများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

ခရီးသွားဆောင်းပါး

# လောက်ကိုင် သို့မဟုတ် နတ်ဝှက်ထားသည့်မြို့

သက်နိုင်(မြင်ဦးလွင်)

ချင်းရွှေဟော်မြို့ကနေထွက်လာပြီး လောက်ကိုင်မြို့အသွားခရီးမှာ နေဝင်မိုးချုပ်သွားခဲ့ပါပြီ။ တောတွေ၊ တောင်တွေ၊ လျှိုမြောင်တွေကိုဖြတ်ကျော်အပြီး လောက်ကိုင်မြို့နဲ့ နီးကပ်လာချိန်မှာ ကားရှေ့မီးကြီးကို ဖွင့်မောင်းနေရတယ်။ လောက်ကိုင်မြို့ကို ဝင်ရောက်ချိန်နီးလာသလို ယာဉ်အသွားအလာတွေ ပိုမိုများပြားလာပြီး လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှာ လျှပ်စစ်မီးတွေထိန်ထိန်လင်းနေတဲ့ အိမ်တွေ၊ အဆောက်အအုံတန်းတွေ၊ ဆိုင်တွေကိုမြင်တွေ့လာရတယ်။ အများအားဖြင့် တရုတ်စာတွေရေးထိုးချိတ်ဆွဲထားတဲ့ အလုပ်သမားတန်းလျားတွေမျိုးပါ။ စတင်တည်ဆောက်စ၊ တည်ဆောက်နေဆဲ အလုပ်ခွင်နေရာတွေကို စက်ယန္တရားကြီးတွေနဲ့အတူ တွေ့မြင်လာရတာနဲ့အမျှ ကားတစ်စီးဖြတ်သန်းမောင်းနှင်သွားတဲ့အခါတိုင်း လမ်းပေါ်မှာ ဖုန်တွေထောင်းထောင်းထကျန်ရစ်နေတော့တယ်။

လောက်ကိုင်မြို့နဲ့ နီးကပ်လာတာနဲ့အမျှ အခက်အခဲဖြစ်ရတာတစ်ခုက လောက်ကိုင်မှာရှိတဲ့ ကျောင်းသားမိဘတွေနဲ့ ဖုန်းအဆက်အသွယ်မရတော့တာပါ။ ချင်းရွှေဟော်ကနေ ထွက်လာခဲ့ပြီဖြစ်ကြောင်း နောက်ဆုံးအကြိမ် အဆက်အသွယ်ရပြီးကတည်းက နောက်ထပ်ဆက်သွယ်လို့မရတော့ပါဘူး။ မိမိဘက်က အကြိမ်ကြိမ်ခေါ်ဆိုတာလဲမရ။ သူတို့ဘက်ကလဲ ဝင်မလာနဲ့ အဆက်အသွယ်လုံးဝပြတ်တောက်သွားတဲ့သဘောဖြစ်နေတယ်။ လားရှိုးမြို့မှာတုန်းက အစ်ကိုဝမ်းကွဲဖြစ်တဲ့သူက လောက်ကိုင်ရောက်ရင် မြန်မာဖုန်းတွေ သုံးလို့ရတော့မှာမဟုတ်ဘူး။ တရုတ်ဖုန်းကတ်တွေနဲ့ လဲသွားလို့ သတိပေးပြောဆိုခဲ့ပေမဲ့ မြန်မာကျပ်ငွေနဲ့ တရုတ်ယွမ်ငွေကိုသာ လဲလှယ်လာခဲ့ကြပြီး တရုတ်ဖုန်းကတ်တွေကို မလဲလှယ်မိခဲ့ကြဘူး။

ကျောင်းသားမိဘတွေနဲ့ အဆက်အသွယ်မရတော့လို့ စိုးရိမ်စိတ်အနည်းငယ်ဖြစ်ပေါ်နေရပေမဲ့ လောက်ကိုင်ဆိုတာ မြန်မာနိုင်ငံထဲက မြို့တစ်မြို့ပဲ။ ငါတို့လက်ထဲမှာ မြန်မာကျပ်ငွေတွေရော၊ တရုတ်ယွမ်ငွေတွေရောရှိနေတယ်။ ဘယ်လိုဖြစ်ဖြစ် တည်းခိုနေထိုင်စားသောက်လို့ရတယ်ဆိုပြီး အားပြန်တင်းထားရတယ်။ စေ့စေ့စပ်စပ်သေသေချာချာ တွေးတောစဉ်းစားကြည့်ရင်လဲ စိုးရိမ်စရာမဟုတ်ပါဘူး။ စဉ်းစားတွေးတော မောင်းနှင်လာရင်းနဲ့ မကြာခင်မှာ လောက်ကိုင်မြို့အဝင်ကို ရောက်လာတယ်။ နာရီကြည့်လိုက်တော့ ည ၆ နာရီ မိနစ် ၃၀ တိတိပါ။ လားရှိုးမြို့ကနေ ၅ နာရီကြာအောင် မောင်းလာခဲ့ရတယ်။ မြို့အဝင်ဂိတ်ကိုဖြတ်ရင် ချင်းရွှေဟော်မှာတုန်းကလို တရုတ်ယွမ်ငွေ ၁၀ ပေးဆောင်ရမယ်ဆိုတဲ့အသိနဲ့ ယွမ်ငွေ ၁၀ ကို လက်ထဲမှာ အဆင်သင့်ကိုင်ဆောင်ထားခဲ့ပေမဲ့ ဂိတ်ကိုဖြတ်လာတဲ့အခါမှာ ဂိတ်ကြေးပေးဆောင်ရခြင်းမရှိ၊ အစစ်အဆေး၊ အမေးအမြန်းမရှိနဲ့ ချောချောမောမောဖြတ်သန်းမောင်းနှင်လာခဲ့ရတယ်။

မြို့အဝင်ဂိတ်ကို ဖြတ်ကျော်လာပြီးတာနဲ့ ကျောင်းသားမိဘတွေဆီကို ဖုန်းနဲ့ထပ်မံဆက်သွယ်ပေမဲ့ အဆက်အသွယ်လုံးဝမရတော့ပါဘူး။ ဆက်သွယ်လို့မရတော့တဲ့အတူတူ မြို့ထဲကိုရောက်မှ တစ်ခုခုစီစဉ်မီးစဉ်ကြည့်ကတော့မယ်ဆိုတဲ့ စိတ်ဆုံးဖြတ်ချက်နဲ့ လောက်ကိုင်မြို့တွင်းကို ကားမောင်းဝင်ရောက်လာခဲ့တယ်။ လောက်ကိုင်ဆိုတာ တရုတ်-မြန်မာ နယ်စပ်မြို့တစ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမြို့၊ ဗမာလူမျိုးတွေအလွန်နည်းပါးပြီး ကိုးကန့်တိုင်းရင်းသားတွေ၊ တရုတ်လူမျိုးတွေ အများအပြားနေထိုင်ကြတဲ့မြို့၊ အလွန်ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့မြို့ စသဖြင့် လေ့လာသိရှိထားတဲ့အတိုင်း လောက်ကိုင်မြို့တွင်းကို ရောက်ရှိလာတာနဲ့ အံ့သြဖွယ်တွေ့ရတော့တယ်။

တဖြည်းဖြည်းချင်း ဖြတ်သန်းမောင်းနှင်လာတဲ့ လမ်းဘေး ဝဲ၊ ယာတစ်လျှောက်မှာ အဆင့်မြင့်ခေတ်မီမိုးမျှော်တိုက်ကြီးတွေ၊ ဟိုတယ်၊ မိုတယ်ကြီးတွေ၊ နိုက်ကလပ် (Night Class) ကြီးတွေ၊ ဘောင်းဘီတို၊ စကပ်တိုတွေနဲ့ လှလှပပပြင်ဆင်ခြယ်သထားကြတဲ့ လူမျိုးစုံမိန်းမပျိုလေးတွေ အများအပြားသွားလာလှုပ်ရှားနေကြတဲ့ လူအများအပြားကို ရောင်စုံမီးတွေအောက်မှာ၊ ကြီးကျယ်ခမ်းနားတဲ့ အဆောက်အအုံတွေထဲမှာ၊ သန့်ရှင်းသပ်ရပ်တဲ့ လမ်းမကြီးတွေပေါ်မှာ စည်စည်ကားကား၊ လှုပ်လှုပ်ရှားရှားမြင်တွေ့နေရတယ်။ လောက်ကိုင်တစ်မြို့လုံးက မီးရောင်စုံတွေ၊ လူရောင်စုံတွေ၊ ကားရောင်စုံတွေ၊ အဆောက်အအုံစုံတွေ၊တရုတ်စာလုံးစာတန်း ရောင်စုံတွေနဲ့ ကြည့်မြင်သမျှ နေရာတိုင်းမှာ ပြည့်နှက်လို့နေတယ်။

တွေ့သမျှ၊ မြင်သမျှ အရာရာတိုင်း၊ နေရာတိုင်းက ခမ်းနားဝင့်ထည်လှပနေတာကြောင့်ရယ်၊ အဆင့်မြင့်မြင့် ဖန်တီးမွမ်းမံပြင်ဆင်ထားတာတွေကြောင့်ရယ်၊ ဟိုတယ်၊ မိုတယ်တွေမှာ တည်းခိုအိပ်စက်စားသောက်ကြမယ်ဆိုရင် မိမိတို့မှာပါလာတဲ့ငွေကြေးနဲ့ မလောက်မငဖြစ်မှာကို စိုးရိမ်ပူပန်မှုတွေကြောင့်ရယ် ပေါင်းစပ်ပြီး ကျောင်းသားမိဘတွေနဲ့ မဖြစ်မနေဆက်သွယ်ရတော့မယ်ဆိုတာကို စဉ်းစားတွေးတောမိလိုက်တဲ့အတိုင်း လမ်းဘေးတစ်နေရာမှာ ကားရပ်လိုက်ပြီး ဖုန်းခေါ်ဆက်သွယ်ရပြန်တယ်။ လောက်ကိုင်မြို့ကို ဝင်ခါနီးကတည်းက တစ်ချိန်လုံး ဆက်သွယ်ခေါ်ဆိုနေတဲ့ဖုန်းက မရရှိခဲ့သလို အခုတစ်ခါ ဆက်သွယ်ခေါ်ဆိုတော့လဲ မရပြန်ပါဘူး။ လောက်ကိုင်မြို့မှာ တခြားအသိအကျွမ်းလဲမရှိ။ ကျောင်းသားတွေရဲ့လိပ်စာလဲမသိ။ ဖုန်းနဲ့ဆက်သွယ်လို့လဲမရနဲ့ အခက်အခဲတွေ့ကြရတော့မှာပါ။ မတတ်နိုင်တဲ့အဆုံးမှာ ဟိုတယ်တစ်ခုခုကိုဝင်၊ ဈေးနှုန်းတွေမေးမြန်းစုံစမ်းပြီး တစ်ညတာတည်းခိုအိပ်စက်ရတော့မှာဖြစ်သလို ပါလာသမျှငွေအားလုံးကလဲ တစ်ညတည်းနဲ့ ကုန်သွားနိုင်ပါတယ်။ မြင်တွေ့နေရတဲ့အခြေအနေအတိုင်းအတာတွေအရ ဟိုတယ်ခနဲ့ စားသောက်စရိတ်တွေက နည်းနည်းနောနောမဟုတ်လောက်ပါဘူး။

ဒါပေမဲ့ ကားရပ်ပြီး ဖုန်းကိုအဆက်မပြတ်ခေါ်ဆိုနေတုန်း "ဆရာ အိမ်ကိုသွားရအောင်လေ"ဆိုတဲ့အသံနဲ့အတူ ကျောင်းသားမိဘတစ်ယောက်ကို ရုတ်တရက်တွေ့မြင်လိုက်ရလို့ အံ့သြဝမ်းသာသွားခဲ့ရတယ်။ ကျောင်းသားမိဘရဲ့ ပြောပြချက်အရ ဖုန်းတွေခေါ်ဆိုလို့မရတော့ကြောင်း၊ ဒါကြောင့် မြို့အဝင်ဂိတ်ကတည်းက လာရောက်စောင့်ဆိုင်းကြိုဆိုနေတာဖြစ်ကြောင်း၊ မိမိနဲ့ မိမိရဲ့ကားကိုမြင်တာနဲ့ နောက်ကနေ လိုက်ပါမောင်းနှင်လာခဲ့ကြောင်း၊ အိပ်ဖို့စားဖို့အတွက် အားလုံးပြင်ဆင်ထားပြီးဖြစ်ကြောင်း စတာတွေကိုလဲတစ်ဆက်တည်းပြောပြသွားခဲ့တယ်။ ကျောင်းသားမိဘနဲ့အတူ မိမိရဲ့တပည့်တစ်ယောက်လဲ ကားပေါ်မှာပါလာတာကို တွေ့မြင်လိုက်ရပြီး သူတို့က ရှေ့ကနေသွားပါမယ်။ နောက်ကနေလိုက်ခဲ့ပါဆိုတာနဲ့ သူတို့ရဲ့ကားနောက်ကနေလိုက်ပါမောင်းနှင်လာရင်း လောက်ကိုင်မြို့ရဲ့ လှပရှုမောဖွယ်မီးရောင်စုံညရှုခင်းတွေကို လေ့လာကြည့်ရှုခွင့်ရနေတယ်။

မိမိရဲ့တပည့်နှင့်အတူ မိဘကိုလဲတွေ့ရ၊ အိပ်ဖို့၊ စားဖို့လဲမပူပင်ရတော့တာကြောင့် စိတ်ထဲမှာ စိုးရိမ်သောကတွေ ချက်ချင်းလက်ငင်း ကင်းရှင်းပျောက်ကွယ်သွားခဲ့ရသလို လောက်ကိုင်မြို့ရဲ့ ညရှုခင်းတွေကလဲ ပိုမိုလှပထည်ဝါလာတယ်လို့ ထင်မှတ်လိုက်ရတယ်။ အမှန်တကယ်လဲ နိုင်ငံရပ်ခြားတိုင်းပြည်ကြီးတစ်ခုလို သာယာလှပတင့်တယ်နေတယ်။ ရောက်ဖူးရောက်စ မရှိသေးတဲ့သူတွေအတွက်၊ အကြောင်းမသိတဲ့သူတွေအတွက်ဆိုရင် တရုတ်နိုင်ငံထဲက မြို့ကြီးတစ်မြို့ကို ရောက်ရှိနေသလိုပါ။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဒေသတွေအနှံ့၊ မြို့တွေအနှံ့ရောက်ဖူးလည်ပတ်ဖူးနေတဲ့ မိမိကိုယ်တိုင်တောင် လောက်ကိုင်မြို့ရဲ့ သာယာလှပမှု၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှု၊ ကြီးကျယ်ခမ်းနားမှုတွေကို တွေ့မြင်လိုက်ရလို့ တအံ့တသြဖြစ်သွားခဲ့ရတယ်။ လောက်ကိုင်မြို့ကို ဒီလောက်ထိ ခေတ်မီလှပလိမ့်မယ်လို့ ထင်မထားခဲ့ပါဘူး။ ဒါကြောင့်မို့လဲ ရောက်ဖူးသူတိုင်းက လောက်ကိုင်မြို့ရဲ့ လှပသာယာဖွံ့ဖြိုးမှုတွေကို အံ့သြငေးမောရှုစားမိပြီး "နတ်ဝှက်ထားတဲ့မြို့"လို့ တင်စားခေါ်ဆိုနေကြတာပါ။



လောက်ကိုင်မြို့တွင်းကို တွေ့ရစဉ်။

ကျောင်းသားမိဘမောင်းနှင်သွားတဲ့ ကားနောက်ကနေ ဖြည်းဖြည်းမှန်မှန်လိုက်ပါမောင်းနှင်လာရင်း အဝိုင်းပတ်ကြီးတွေကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ကွေ့ပတ်မောင်းနှင်လာရတယ်။ လမ်းဘေးဝဲ၊ ယာတစ်လျှောက်မှာလဲ ခေတ်မီမိုးမျှော်အဆောက်အအုံကြီးတွေ တစ်ခုပြီးတစ်ခု အထပ်ထပ်၊ အဆင့်ဆင့်၊ အမြင့်မြင့်တွေပါ။ အဝိုင်းပတ်တွေတိုင်းမှာ၊ အဆောက်အအုံကြီးတွေတိုင်းမှာ၊ လမ်းတစ်လျှောက်လုံးမှာပါ မီးရောင်စုံတွေကို မီးလုံး၊ မီးဆိုင်း၊ မီးတန်း၊ မီးပန်း၊ မီးပုံးတွေနဲ့ ဝေဝေဆာဆာ တပ်ဆင်ခြယ်မှုန်းထားကြတယ်။ လောက်ကိုင်မြို့က များပြားလှတဲ့ ရောင်စုံမီးတွေကြောင့် ပိုမိုလှပခေတ်မီနေတော့တယ်။

လောက်ကိုင်မြို့တွင်းကို အချိန်အတန်ကြာ ဖြတ်သန်းမောင်းနှင်လာရပြီး တစ်ခုသောအဝိုင်းပတ်ကြီးအလွန်ရောက်တော့ လမ်းညွှန်ဆိုင်းဘုတ်ကြီးတစ်ခုနဲ့ လမ်းဆုံလမ်းခွတစ်ခုကို တွေ့လိုက်ရတယ်။ လမ်းညွှန်ဆိုင်းဘုတ်ပေါ်မှာ အနောက်ခြမ်းမြို့သစ်၊ ထင်ပါးကျိုင်းဆိုပြီး တရုတ်-မြန်မာ နှစ်ဘာသာနဲ့ ရေးထိုးထားတာကိုလဲ မီးအလင်းရောင်တွေကြောင့် တွေ့မြင်လိုက်ရတယ်။ ကျောင်းသားမိဘရဲ့ကားက အနောက်ခြမ်းမြို့သစ်ဆိုတဲ့ ဘယ်ဘက်လမ်းအတိုင်း ချိုးကွေ့သွားလို့ သူ့ရဲ့ကားသွားရာလမ်းအတိုင်း ချိုးကွေ့မောင်းနှင်လိုက်ရတယ်။ ညာဘက်လမ်းက ထင်ပါးကျိုင်းသွားရာလမ်းပါ။ လမ်းညွှန်ဆိုင်းဘုတ်အရ ဘယ်ဘက်လမ်းက အနောက်ခြမ်းမြို့သစ်ဆိုတာကို သိလိုက်ရပေမဲ့ ညာဘက်လမ်း ထင်ပါးကျိုင်းဆိုတာ ရပ်ကွက်လား၊ ရွာလား၊ အထင်ကရနေရာတစ်ခုခုလားဆိုတာကို တိတိကျကျ မသိရသေးပါဘူး။

အနောက်ခြမ်းမြို့သစ်အတွင်းကို ဝင်ရောက်လာကြပေမဲ့ တည်ဆောက်ဆဲမြို့သစ်တစ်ခုလိုမဟုတ်ဘဲ နေအိမ်တိုက်တာအဆောက်အအုံ ကြီးကြီးမားမားခံ့ခံ့ညားညားတွေနဲ့ စည်ကားနေတာကိုတွေ့မြင်လိုက်ရတယ်။ လမ်းတွေက လမ်းလယ်ကျွန်းနဲ့ ဓာတ်တိုင်တွေ၊ အလှသစ်ပင်ပန်းမန်တွေပါတဲ့ ခေတ်မီလေးလမ်းသွားကွန်ကရစ်လမ်းသစ်ကြီးပါ။ လမ်းသစ်ကြီးအတိုင်း မောင်းလာခဲ့ပြီး မကြာခင်မှာ ကျောင်းသားမိဘရဲ့ အိမ်ကိုရောက်လာကြတယ်။ အိမ်က အတွင်းဘက်လမ်းကြားတွေအထဲမှာမဟုတ်ဘဲ လမ်းမကြီးဘေးမှာ ဝင်းနဲ့ခြံတည်ရှိနေတယ်။ အိမ်ခြံဝင်းထဲကို ရောက်ရောက်ချင်း အသင့်စောင့်ကြိုနေတဲ့ ကျောင်းသား၊ ကျောင်းသူတွေ၊ မိဘဘိုးဘွားမောင်နှမတွေကို စုစုဝေးဝေး တွေ့လိုက်ရတယ်။ လောက်ကိုင်မြို့ထဲ စတင်ဝင်ရောက်လာချိန်မှာ ကျောင်းသားတွေ၊ ကျောင်းသားမိဘတွေနဲ့ ဖုန်းအဆက်အသွယ်မရ၊ လိပ်စာမသိနဲ့ ဒုက္ခရောက်အခက်အခဲတွေ့ပြီထင်ပြီးမှ အခုလို စုစုဝေးဝေး သိုက်သိုက်ဝန်းဝန်းနဲ့တွေ့လိုက်ရလို့ အတိုင်းမသိဝမ်းသာသွားခဲ့ရတယ်။

ကားပေါ်ကပစ္စည်းတွေချ၊ ခဏနား စကားစမြည်ပြောကြပြီးမှ ကျောင်းသားမိဘက ညစာထမင်းစားရအောင်ခေါ်တယ်။ ညစာထမင်းကို လမ်းတစ်ဖက်မျက်စောင်းထိုးလောက်မှာရှိတဲ့ ဆိုင်တစ်ဆိုင်မှာ လိုက်လံကျွေးမွေးဧည့်ခံပါတယ်။ ထမင်းစားသောက်ကြမှာက မိမိတို့ခရီးဖော်လေးယောက်တည်းဖြစ်နေတာကြောင့် ကြက်သားတစ်ပွဲ၊ ဝက်သားတစ်ပွဲ၊ အစိမ်းကြော်တစ်ပွဲသာ မှာလိုက်ပေမဲ့ဆိုင်ရှင်က သဘောကောင်းပြီး မုန်ညင်းဖြူနဲ့ ပဲပြားဟင်းရည်တစ်ပွဲကို လက်ဆောင်အဖြစ် ကျွေးမွေးပါတယ်။ ဟင်းတွေက မြန်မာဟင်းလဲမဟုတ်၊ တရုတ်ဟင်းလဲမဟုတ်၊ ကိုးကန့်ရိုးရာဟင်းတွေဖြစ်ကြောင်း ကျောင်းသားမိဘက ရှင်းပြတယ်။

ကြက်သား၊ ဝက်သား တောက်တောက်စဉ်းတွေကို ကိုးကန့်ရိုးရာဟင်းခပ်အမွှေးအကြိုင်တွေ၊ အချဉ်၊ အငန်၊ အစပ်တွေနဲ့ အရသာရှိရှိကြော်လှော်ချက်ပြုတ်ထားတာပါ။ ဟင်းတွေအားလုံးက ထူးကဲကောင်းမွန်နေသလို ဟင်းပန်းကန်ကြီးတွေထဲ အပြည့်အမောက်အများအပြားဖြစ်နေတာကြောင့် ထမင်းထက် ဟင်းတွေကုန်အောင် ဦးစားပေးစားနေကြရတယ်။ မနက် ၁၀ နာရီကျော် ၁၁ နာရီလောက်က သီပေါမြို့မှာ စားသောက်ထားတဲ့ နေ့လယ်စာထမင်းဟင်းတွေက ဗိုက်ထဲမှာမရှိတော့တာကြောင့်လဲ ညစာထမင်းကို ကိုးကန့်ရိုးရာဟင်းတွေနဲ့ ပိုမိုစားကောင်းနေတယ်။ စားသောက်ပြီးလို့ကျသင့်ငွေကို ကျောင်းသားမိဘက ရှင်းတဲ့အခါ ရေသန့်၊ အရက်၊ ဘီယာ၊ ဆေးလိပ်၊ ကွမ်းမပါ မသောက်မစားဟင်းသုံးပွဲနဲ့ ထမင်းလေးယောက်စားကို တရုတ်ယွမ်ငွေ နှစ်ရာကျော်ရှင်းလိုက်ရတယ်။ မြန်မာကျပ်ငွေနဲ့တွက်ရင် တစ်သိန်းလောက်ကုန်ကျနေတယ်။ လောက်ကိုင်မြို့ရဲ့ ကုန်ဈေးနှုန်းက ဒီလိုကြီးမြင့်နေကြောင်း လက်တွေ့သိလိုက်ရတယ်။

ထမင်းစားသောက်ပြီးတာနဲ့ ဆိုင်ကနေပြန်လာခဲ့ကြပြီး ကျောင်းသားမိဘမိသားစုဝင်တွေနဲ့ တစ်ခဏတာ ဝိုင်းဖွဲ့စကားပြောကြရတယ်။ ဒါပေမဲ့ မြန်မာစကားကို မိမိရဲ့တပည့်ကျောင်းသား၊ ကျောင်းသူတွေနဲ့ မိဘတစ်ယောက်သာ အနည်းငယ်ပြောတတ်၊ ဆိုတတ်ကြပြီး ကျန်တဲ့သူတွေက တစ်လုံးမှမတတ်ကြပါဘူး။ ကျန်တဲ့သူတွေကို ကိုးကန့်လိုဘာသာပြန်ပြီး ပြောဆိုပေးနေကြရတယ်။ သူတို့ရဲ့ပြောဆိုဧည့်ဝတ်ပြုမှုတွေအရ နောက်နေ့မှာ ဝက်နှစ်ကောင်ကင်ကျွေးပြီး လောက်ကိုင်မြို့အနှံ့ လိုက်လံပို့ဆောင်ပေးမယ်လို့ဆိုပါတယ်။ "နတ်ဝှက်ထားတဲ့မြို့"မှာ ကောင်းကောင်းစား၊ ကောင်းကောင်း လည်ပတ်ရပါတော့မယ်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# ပုသိမ်မြို့နယ်တွင် ပြောင်းဖူးပိသာချိန် ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀ ထိ ဈေးကောင်းရရှိနေ



**ပုသိမ် ဖေဖော်ဝါရီ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်တွင် ပြောင်းဖူးပိဿာချိန် ၃၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ပုသိမ်မြို့ရှိ မြင့်ရောလယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောပြ၍ သိရသည်။

ပုသိမ်မြို့နယ်တွင် ဇန်နဝါရီလက ပြောင်းဖူးပိဿာချိန် ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ သာရရှိခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်က ပြောင်းဖူးပိဿာချိန် ၃၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၃၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ ပြောင်းဖူးမျိုးစေ့များ ဈေးတက်လာသည့်အတွက် ပြောင်းဖူးများ ဈေးကောင်းရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

"ပြောင်းဖူးမျိုးစေ့တွေ ဈေးကောင်းလာလို့ ပြောင်းဖူးတွေ ဈေးကောင်းလာတာပါ။ အရင်ကထက် ငွေကျပ် ၇၀၀၀ ဈေးတက်လာပါတယ်။ လက်ရှိဒေသထွက် ပြောင်းဖူးတွေ ဝင်ရောက်နေဆဲဖြစ်ပါတယ်။ ပြောင်းဖူးတွေဈေးကောင်းရရှိလာတဲ့အတွက် ပြောင်းဖူးတွေ ထုပ်ပိုးရာမှာ အဓိကလိုအပ်တဲ့ လုပ်သားတွေ၊ ပြောင်းဖူးစိုက်တောင်သူတွေနဲ့ ကုန်သည်တွေ အဆင်ပြေလာပါတယ်။ အခု ဒေသထွက်ပြောင်းဖူးတွေကို အိတ်ပြတ်စနစ်နဲ့ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာပါ။ ပြောင်းဖူးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းတော့ ဈေးကောင်းရရှိနေပါတယ်"ဟု ပုသိမ်မြို့ရှိ မြင့်ရောလယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောပြသည်။

ပုသိမ်မြို့သို့ ကျိုက်လတ်၊ ဟင်္သာတ၊ ကျောင်းကုန်း၊ ပန်းတနော်၊ ဇလွန် စသည့်မြို့နယ်များက ပြောင်းဖူးများ ဝင်ရောက်နေကြောင်း၊ အဆိုပါပြောင်းဖူးများကို ပုသိမ်မှတစ်ဆင့် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ တစ်ရက်လျှင် ပြောင်းဖူးပိဿာချိန် ၃၀ ဝင် အိတ်ရေ ၁၅၀၀၀ မှ ၂၀၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း ပုသိမ်မြို့ရှိ မြင့်ရောလယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းရှင် ဦးမြင့်ဆွေထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ကျေးသီးမြို့နယ် နမ့်ဟူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျေးသီး ဖေဖော်ဝါရီ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးကျေးရွာနှင့် ကုန်းဝိန်းကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက ဝမ်ဝကျေးရွာအုပ်စု နမ့်ဟူးကျေးရွာစာသင်ကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၃ သိန်းလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက နမ့်ဟူးကျေးရွာနှင့် ကုန်းဝိန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသူ၊ အသင်းသား ၂၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ နမ့်ဟူးကျေးရွာနှင့် ကုန်းဝိန်းကျေးရွာမှ အသင်းသား၊ အသင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ရှိုသန်းဦး(ခွန်)**

# အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ Trident မီးတောင်ကို သတိပေးချက်အဆင့်မြှင့်တင်



**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ Trident မီးတောင်ကို တာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၂ ရက်တွင် သတိပေးချက်အဆင့်မြှင့်တင်ခဲ့ကြောင်း အလက်စကာမီးတောင်စောင့်ကြည့်လေ့လာရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်ဟု FOX Weather သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

အလက်စကာပြည်နယ်တွင် မီးတောင်အလုံးပေါင်း ၁၃၀ ကျော်ရှိပြီး နှစ်စဉ်ပျမ်းမျှ တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ်ပေါက်ကွဲလေ့ရှိကြောင်း၊ ယခုအခါလှုပ်ရှားမှုအရှိဆုံး မီးတောင်လေးလုံးကို အမေရိကန်ဘူမိဗေဒလေ့လာရေးအဖွဲ့က အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

အလက်စကာမီးတောင်စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ပြည်နယ်အတွင်းရှိ Anchorage မြို့၏ အနောက်တောင်ဘက် Katmai အမျိုးသားဥယျာဉ်အနီးရှိ Trident မီးတောင်ကို ဖေဖော်ဝါရီ ၂၂ ရက်က သတိပေးချက်အဆင့်မြှင့်တင်ခဲ့ပြီး မီးတောင်လှုပ်ရှားမှုသည် မီးတောင်အောက်ခြေပိုင်းရှိ ချော်ရည်များလှုပ်ရှားမှုနှင့်ဆက်နွယ်နိုင်ကြောင်း သတိပေးထားသည်။

Trident မီးတောင် အနီးတစ်ဝိုက်တွင် ငလျင်လှုပ်ခတ်မှုသည် ၂၀၂၂ ခုနှစ် ဩဂုတ်လမှ စတင်လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါလှုပ်ခတ်မှုအကြိမ်ရေ ပိုမိုများပြားလာသောကြောင့် မီးတောင်ဆိုင်ရာ အဝါရောင်အဆင့်သတိပေးချက်ကို ထုတ်ပြန်ထားကြောင်း အမေရိကန်ဘူမိဗေဒလေ့လာရေးအဖွဲ့မှ ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

မီးတောင်ဆိုင်ရာ သတိပေးချက်သည် အကြံပြုခြင်းအဆင့် သတိပေးချက်ဖြစ်ပြီး Trident မီးတောင်ကဲ့သို့ပင် အခြားမီးတောင်များလည်း ယခုကဲ့သို့လှုပ်ခတ်မှုများ ရှိခဲ့ပြီး ချက်ချင်းပေါက်ကွဲခဲ့ဖူးခြင်း မရှိသေးကြောင်း၊ အခြားလက္ခဏာများဖြစ်သည့် ဓာတ်ငွေ့ထုတ်လွှတ်ခြင်းနှင့်မြေမျက်နှာပြင် အပူချိန်မြင့်မားလာခြင်းမျိုးသာ ဖြစ်ပေါ်ခဲ့ဖူးပြီး မီးတောင်ပေါက်ကွဲမည်ဆိုပါက ထူးခြားသောအခြေအနေများ ဖြစ်ပေါ်လာနိုင်ကြောင်း အလက်စကာမီးတောင်စောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားထားသည်ဟု သိရသည်။

AZH

# ဆိုမာလီယာနိုင်ငံရှိ ခရိုင် ၂၉ ခုတွင် အရေးပေါ်ဆေးဝါးအကူအညီပေးရေးလုပ်ငန်း ဆောင်ရွက်နေ

**မိုဂါဒီရှူး ဖေဖော်ဝါရီ ၂၃**

ဆိုမာလီယာနိုင်ငံရှိ မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသော ခရိုင် ၂၉ ခုရှိ လူဦးရေ ၂ ဒသမ ၇ သန်းအတွက် အရေးပေါ်ဆေးဝါးအကူအညီပေးရေးလုပ်ငန်းများကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ဂျပန်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်နေပြီဖြစ်ကြောင်း ဆိုမာလီယာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရုံး၏ ဖေဖော်ဝါရီ ၂၂ ရက်က ထုတ်ပြန်ခဲ့သောသတင်းများအရသိရသည်ဟု Relief Web သတင်းဌာနက ဖေဖော်ဝါရီ ၂၂ တွင် ရေးသားဖော်ပြထားသည်။

ဆိုမာလီယာရှိ သွားလာရေးခက်ခဲသည့်ဒေသများတွင် မိုးခေါင်ရေရှားမှုဒဏ်ခံခဲ့ရသော ဒေသခံများအတွက် မရှိမဖြစ်လိုအပ်သော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေးတိုးချဲ့လုပ်ဆောင်ခြင်း စီမံကိန်းသည် အရေးကြီးသော အသက်ကယ် ကျန်းမာရေးနှင့် အာဟာရဝန်ဆောင်မှုများကို ရရှိစေရုံမျှမက အားလုံးပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရန် နိုင်ငံတွင်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုစနစ်ကိုလည်း ပိုမိုတိုးတက်ကောင်းမွန်စေမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆိုမာလီယာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် စားနပ်ရိက္ခာမဖူလုံရုံသာမက နိုင်ငံ၏ ငါးနှစ်အောက် ကလေးငယ်ထက်ဝက်ကျော်သည် အသက်အန္တရာယ်ဖြင့်ရင်ဆိုင်နေရချိန်တွင် ဂျပန်အစိုးရအနေဖြင့် ဆိုမာလီယာပြည်သူများကိုကူညီထောက်ပံ့ရန် သန္နိဋ္ဌာန်ချထားကြောင်း၊ ဂျပန်နိုင်ငံနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ဆိုမာလီယာနိုင်ငံ၏ ကျန်းမာရေးစနစ် အားကောင်းလာစေမည်ဖြစ်ပြီး ယခုအခြေအနေမှ ရုန်းထွက်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ဆိုမာလီယာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Ken Okaniwa က ပြောကြားခဲ့သည်ဟု သိရသည်။

AZH

# ပြင်သစ်နိုင်ငံတွင် သောက်သုံးရေမလုံလောက်မှုဖြင့် ရင်ဆိုင်ရနိုင်ပြီး မတ်လမှစတင်၍ အကန့်အသတ်ဖြင့် ရေဖြန့်ဝေမည်

**ပဲရစ် ဖေဖော်ဝါရီ ၂၃**

ပြင်သစ်နိုင်ငံတွင် ၆၄ နှစ်တာကာလအတွင်း အဆိုးရွားဆုံးခြောက်သွေ့ပူပြင်းသော ရာသီဥတုဖြင့် ရင်ဆိုင်နေရပြီး သောက်သုံးရေမလုံလောက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ပြင်သစ်အာဏာပိုင်အဖွဲ့အစည်းက မတ်လမှစ၍သောက်သုံးရေဖြန့်ဝေမှုကို အကန့်အသတ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု France24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေလှောင်တမံများတွင် ရေပမာဏ ကျဆင်းလာခြင်းကြောင့် သောက်သုံးရေရှားပါးသည့် အခြေအနေမျိုးရောက်မသွားရန် အကန့်အသတ်ဖြင့် ဖြန့်ဝေမည့်စနစ်ကို ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ခရစ္စတိုဖီက ပြောကြားခဲ့သည်။

“ပြင်သစ်နိုင်ငံကို ရေရှားပါးမှု အရေးပေါ် အခြေအနေအဖြစ်



သတ်မှတ်လိုက်ပါတယ်။ တောင်ဘက်ပိုင်းဒေသတွေမှာတော့ သောက်သုံးရေကိုအကန့်အသတ်နဲ့ဖြန့်ဝေတာ စတင်အကောင်အထည်ဖော်နေပါပြီ။ ကျန်တဲ့ဒေသတွေမှာလဲ မတ်လကနေစတင်ပြီးတော့ သောက်သုံးရေကိုအကန့်အသတ်နဲ့ ဖြန့်ဝေသွားမှာဖြစ်ပါတယ်”ဟု ခရစ္စတိုဖီက ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံတွင် ပြီးခဲ့သည့် ၃၂ ရက်တာကာလအတွင်း မိုးလုံးဝရွာသွန်းခဲ့ခြင်း မရှိသည့်အတွက် ရေလှောင်တမံများတွင် ရေပမာဏ သိသိသာသာကျဆင်းလာခဲ့ရခြင်းဖြစ်ကြောင်း၊ သောက်သုံးရေအကန့်အသတ်ဖြင့် ဖြန့်ဝေသွားမည့်အစီအစဉ်အား မည်သည့်ကာလထိ သတ်မှတ်သွားမည်ကို ခန့်မှန်း၍ မရသေးဘဲ မိုးလေဝသအခြေအနေပေါ်မူတည်၍ ကာလသတ်မှတ်သွားမည်ဖြစ်ကြောင်း ပြင်သစ်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးခရစ္စတိုဖီက ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# အမေရိကန်နိုင်ငံမြောက်ပိုင်းတွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီး ဆီးနှင်းများစံချိန်တင်ကျဆင်းနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၃**

အမေရိကန်နိုင်ငံ မြောက်ဘက်ပိုင်း ပြည်နယ်များတွင် ဖေဖော်ဝါရီ ၂၁ ရက်မှစ၍ နှင်းမုန်တိုင်းတိုက်ခတ်ခဲ့ပြီး လာမည့်ရက်ပိုင်းအတွင်း ဆီးနှင်းများစံချိန်တင်ကျဆင်းနိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသ ဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု US News သတင်းဌာနက ဖေဖော်ဝါရီ ၂၂ ရက်က ရေးသားဖော်ပြခဲ့သည်။

နှင်းမုန်တိုင်းကြောင့် အအေးဓာတ်လွှမ်းကဲနေပြီး လာမည့်ရက်ပိုင်းအတွင်း အအေးဓာတ်လွှမ်းကဲမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း၊ ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲနေပြီး လေကြောင်းခရီးစဉ်တချို့ကိုလည်း ယာယီဆိုင်းငံ့ခဲ့ရကြောင်း၊ နှင်းမုန်တိုင်းသည် အမေရိကန်နိုင်ငံ မြောက်ဘက်ပိုင်းမှတစ်ဆင့် အမေရိကန်နိုင်ငံအလယ်ပိုင်း၊ အနောက်ဘက်ပိုင်းတို့တွင်လည်း တိုက်ခတ်လာနိုင်ပြီး မြောက်ဘက်ပိုင်းပြည်နယ်များတွင် နှင်းမုန်တိုင်းကြောင့် နှင်းထုမှာ နှစ်ပေခန့်ထိ မြင့်တက်လျက်ရှိကြောင်း သိရသည်။

“ဆီးနှင်းတွေထူထပ်စွာကျဆင်းနေတဲ့အတွက် လမ်းမကြီးတွေမှာ ဆီးနှင်းတွေ ပိတ်ဖုံးနေပါတယ်။ ဆီးနှင်းထူထပ်စွာကျဆင်းမှုကြောင့် ယာဉ်မတော်တဆမှုတွေဖြစ်ပေါ်လာနိုင်တဲ့အတွက် ဆီးနှင်းထူထပ်စွာကျဆင်းနေတဲ့ ဧရိယာတွေမှာ မော်တော်ယာဉ် သုံးစွဲမှုတွေကို တားမြစ်ထားပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍကိုလဲ ယာယီရပ်ဆိုင်းထားပါတယ်”ဟု မင်နီဆိုတာပြည်နယ် သယ်ယူပို့ဆောင်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဆီးနှင်းများကျဆင်းမှုနှုန်းမှာ တစ်နာရီလျှင် နှစ်လက်မထိကျဆင်းနေပြီး ဆီးနှင်းများထူထပ်စွာကျဆင်းနေသည့်လမ်းမကြီးတွင် မော်တော်ယာဉ်များအသုံးပြုမှုကို တားမြစ်ထားကြောင်း သက်ဆိုင်ရာပြည်နယ်အလိုက်မှ အာဏာပိုင်အဖွဲ့အစည်းများက သတိပေးချက်များထုတ်ပြန်ခဲ့ကြသည်။

နှင်းမုန်တိုင်းတိုက်ခတ်မှုအခြေအနေမြင့်တက်လာနိုင်ပြီး အပူချိန်မှာလည်း အနုတ် ၁၆ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၂၇ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းလာဖွယ်ရှိနေကြောင်း၊ နှင်းမုန်တိုင်းသည်ရွေ့လျားတိုက်ခတ်မှုနှုန်းနှေးသည့်အတွက် နှင်းမုန်တိုင်းဝင်ရောက်သည့်ဧရိယာများတွင် ဆီးနှင်းကျဆင်းမှု ကာလရှည်ကြာနိုင်ပြီး ဆီးနှင်းများကျဆင်းမှုအပြီးတွင် မိုးရွာသွန်းလာဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# တာဂျစ်ကစ္စတန်နှင့် တရုတ်နိုင်ငံနယ်စပ်တွင် ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိ မြေငလျင်လှုပ်ခတ်

**ဒူရှန်ဘဲ ဖေဖော်ဝါရီ ၂၃**

တာဂျစ်ကစ္စတန်နိုင်ငံနှင့်တရုတ်နိုင်ငံနယ်စပ်တွင် ယနေ့အစောပိုင်းက ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိသည့်မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီး မြေငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်တချို့ ပျက်စီးခဲ့ကြောင်း တာဂျစ်ကစ္စတန်နိုင်ငံအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Pledge Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့သည့်ဧရိယာသည် တရုတ်နိုင်ငံနယ်စပ်နှင့် ၈၂ ကီလိုမီတာအကွာတွင်ဖြစ်ပြီး မြေအောက်အနက် ၁၁ ကီလိုမီတာအကွာမှ ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ မြေငလျင်လှိုင်းသည် တရုတ်နိုင်ငံ ရှင်ကျန်းနယ်မြေအနောက်ဘက်ပိုင်းရှိ ကက်ရှ်ဂါဒေသနှင့် အောတက်ဇ်ဒေသတို့ထိ ရောက်ရှိခဲ့ပြီး ဒေသခံတချို့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ကြရကြောင်း၊ မြေငလျင်လှိုင်းဒဏ်ကြောင့် လူနေအိမ်များပျက်စီးခဲ့ရသည့်ဧရိယာများမှာ တာဂျစ်ကစ္စတန်နိုင်ငံအတွင်းမှ တရုတ်နယ်စပ်နှင့်နီးကပ်သောဧရိယာများဖြစ်ပြီး ပျက်စီးခဲ့သည့် လူနေအိမ်အရေအတွက်ကို စိစစ်နေဆဲဖြစ်ကြောင်း၊ ထို့ပြင် ထိခိုက်ဒဏ်ရာရရှိသူနှင့်သေဆုံးသူရှိ၊မရှိကိုစိစစ်နေဆဲဖြစ်ကြောင်း တာဂျစ်ကစ္စတန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

“ဒီနေ့ မနက် ၈ နာရီ ၁၇ မိနစ်လောက်မှာ ပြင်းအား ၇ ဒသမ ၂ မဂ္ဂနီကျူရှိတဲ့မြေငလျင်ဟာ တာဂျစ်ကစ္စတန်နိုင်ငံ ဧရိယာအတွင်းမှာ လှုပ်ခတ်သွားခဲ့ပါတယ်။ မြေငလျင်ဗဟိုပြုလှုပ်ခတ်ခဲ့တဲ့နေရာက တရုတ်နယ်စပ်နဲ့ ၈၂ ကီလိုမီတာကွာဝေးပေမဲ့လဲ မြေငလျင်လှိုင်းဟာ ရှင်ကျန်းနယ်မြေထိရောက်ရှိခဲ့ပါတယ်။ မြေငလျင်ကြောင့် ဆူနာမီလှိုင်းဖြစ်ပေါ်လာဖွယ်တော့မရှိပါဘူး”ဟု တရုတ်မြေငလျင်ကွန်ရက်စင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

# စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက တိုက်စစ်ကစားပုံထက်မြက်ပြီး ရမှတ်လိုအပ်နေတဲ့ ဝက်စ်ဟမ်း၊ နာပိုလီ၊ ရီးရဲလ်မက်ဒရစ်အသင်းတို့ကို အားပေးရမှာပါ

M L




အခုတစ်ပတ် စနေနေ့ညမှာတော့ ခြေရည်တူအသင်းတွေနဲ့ အသင်းကြီးထိပ်တိုက်တွေ့ဆုံတဲ့ ပွဲစဉ်တွေရှိနေတာကြောင့် ပြိုင်ဆိုင်မှုအားကောင်းတဲ့ ပွဲစဉ်တွေကိုအားပေးရအုံးမှာဖြစ်ပါတယ်။ လက်ရှိမှာအမှတ်ပေးပွဲစဉ်တွေဟာ ရာသီပြီးဆုံးဖို့ တဖြည်းဖြည်းနီးကပ်လာတာကြောင့် အသင်းငယ်နဲ့ အသင်းကြီးတွေဆိုပြီး လျှော့တွက်လို့မရတော့ဘဲ ကစားသမားစုဖွဲ့မှု၊ ကစားပုံနဲ့ အနားရထားမှုတွေပေါ်မှာမူတည်ပြီး သတိထားချဉ်းကပ်နေရတာဖြစ်ပါတယ်။ ကြားရက်မှာလဲ ချန်ပီယံလိဂ်နဲ့ ယူရိုပါလိဂ်ပွဲစဉ်တွေရှိနေတာကြောင့် အသင်းကြီးတချို့ပွဲပန်းနိုင်သလို ကစားသမားစုဖွဲ့မှုအားနည်းပြီး ယူရိုပါလိဂ်ကစားထားရတဲ့ အသင်းတွေအနေနဲ့ ကစားအားကျဆင်းနေမှာသေချာပါတယ်။ ဒါကြောင့် စနေနေ့ညမှာကစားမဲ့ ပွဲစဉ်တွေထဲက ဒဏ်ရာရပွဲပယ်နည်းပြီး ကစားပုံတည်ငြိမ်မှုရှိတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

### ဝက်စ်ဟမ်းကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဝက်စ်ဟမ်းအသင်းနဲ့ နော်တင်ဟမ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ပြီးခဲ့တဲ့ လန်ဒန်ဒါဘီပွဲစဉ်မှာ စပါးအသင်းကို နှစ်ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၁၈)နဲ့ တန်းဆင်းဇုန်ထဲရောက်သွားခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ အခုရာသီမှာ အဓိက ကစားသမားအများအပြားဝယ်ယူခဲ့ပေမဲ့ ကစားသမားသစ်တွေ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့တာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကျဆင်းခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ပရီးမီးယားလိဂ် ၂၃ ပွဲကစားအပြီးမှာ ငါးပွဲနိုင်၊ ငါးပွဲသရေ၊ ၁၃ ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၀ သာရရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာ နည်းပြ မိုယက်စ်အနေနဲ့ ရလဒ်ဆိုးတွေနဲ့ ဖိအားအောက်ရောက်ရှိနေတာကြောင့် နော်တင်ဟမ်နဲ့ ပွဲစဉ်ဟာ နည်းပြရာထူးတည်မြဲရေးအတွက် အဆုံးအဖြတ်ပွဲစဉ်လို ဖြစ်နေတာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာတော့ ကော်နက်၊ ဇူးမား၊ ပါကွီတာကလွဲရင် ကျန်ကစားသမားအားလုံးပါဝင်နိုင်မှာဖြစ်တာကြောင့် ဝက်စ်ဟမ်းအသင်း ကစားအားကောင်းမွန်လာမှာသေချာပါတယ်။

နော်တင်ဟမ်အသင်းဟာ ပြီးခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာ မန်စီးတီးကို သရေရလဒ်ကစားနိုင်ခဲ့တဲ့ခြေစွမ်းပိုင်းက အားရစရာကောင်းပါတယ်။ သူတို့အသင်းဟာ အခုနှစ်မှ ပရီးမီးယားလိဂ်ကို တန်းတက်လာခဲ့ပေမဲ့ ပရီးမီးယားလိဂ်မှာ ဆက်လက်ကျန်ရှိရေး အာရုံစိုက်ကြိုးစားနေသလို ကစားသမားအပြောင်းအရွှေ့တွေမှာလဲ ကစားသမားခေါ်ယူမှု အများဆုံးပြုလုပ်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် ပြီးခဲ့တဲ့ ဇန်နဝါရီလအပြောင်းအရွှေ့ကာလမှာလဲ ဂိုးသမားနာဗက်ကို ခေါ်ယူနိုင်ခဲ့ပြီး အသင်းရဲ့ခံစစ်ပိုင်းကို ပြင်ဆင်ခဲ့တာတွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီအစပွဲစဉ်တွေမှာ ကစားသမားအသစ်တွေ အထိုင်မကျသေးလို့ ရလဒ်ပိုင်းတည်ငြိမ်မှုမရှိခဲ့ပေမဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ အိမ်ကွင်းကစားပုံကောင်းလာတာဖြစ်ပါတယ်။ ဒါကြောင့် အမှတ်ပေးပွဲ ၂၃ ပွဲအပြီးမှာ ခြောက်ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၀ ပွဲရှုံးရလဒ်နဲ့ရမှတ် ၂၅ မှတ်စုဆောင်းနိုင်ခဲ့ပြီး အဆင့်(၁၃)မှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ သူတို့အသင်းတိုက်စစ်ကို ဂျွန်ဆင်ဦးဆောင်နေပေမဲ့ အခုပွဲစဉ်မှာ အဓိက တိုက်စစ်မှူးတွေအပါအဝင် ကစားသမား ၁၁ ယောက်ထိ ပါဝင်နိုင်မှာမဟုတ်လို့ ကစားအားကျဆင်းသွားမှာသေချာပါတယ်။ ဒါကြောင့် ရမှတ်လိုအပ်ချက်ရှိနေတဲ့ ဝက်စ်ဟမ်းအသင်းအိမ်ကွင်းအားသာချက်နဲ့ နိုင်ပွဲရှာဖွေပြီး တန်းဆင်းဇုန်က ရုန်းထွက်ဖို့ကြိုးစားလာမှာဖြစ်လို့ ဝက်စ်ဟမ်းအသင်းကိုပဲ အားပေးရမှာပါ။

**ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၂ | - | ၀ | အဲဗာတန် |
| ဒါဘီ | ၀ | - | ၂ | ဝက်စ်ဟမ်း |
| နယူးကာဆယ် | ၁ | - | ၁ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၁ | ချဲလ်ဆီး |
| စပါး | ၂ | - | ၀ | ဝက်စ်ဟမ်း |

**နော်တင်ဟမ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နော်တင်ဟမ် | ၀ | - | ၃ | မန်ယူ |
| မန်ယူ | ၂ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၀ | လိဒ် |
| ဖူလ်ဟမ် | ၂ | - | ၀ | နော်တင်ဟမ် |
| နော်တင်ဟမ် | ၁ | - | ၁ | မန်စီးတီး |

### နာပိုလီရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ အမ်ပိုလီနဲ့ နာပိုလီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အမ်ပိုလီအသင်းဟာ ကစားသမားစုဖွဲ့မှု အားနည်းပေမဲ့ အသင်းလိုက်ကစားအားကောင်းတာကြောင့် အသင်းကြီးတွေကိုလဲ ဖိအားပေးကစားနိုင်ခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ အိမ်ကွင်းကစားပုံကောင်းတဲ့ ဖီအိုရင်တီးနားကိုတန်ပြန်တိုက်စစ်နဲ့ ဖိအားပေးနိုင်ခဲ့တာကြောင့် ပွဲချိန် ၂၉ မိနစ်မှာ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမဲ့ ပွဲပြီးခါနီးမှာ ခံစစ်ကစားပုံကျဆင်းလာတာကြောင့် ချေပဂိုးပေးခဲ့ရပြီး သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ အခုရာသီအိမ်ကွင်း ၁၁ ပွဲကစားအပြီးမှာ လေးပွဲနိုင်၊ လေးပွဲသရေ၊ သုံးပွဲရှုံးရလဒ်နဲ့ တိုက်စစ်ကသွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ဒဏ်ရာရ ပွဲပယ်ကစားသမားလေးယောက်ထိရှိနေတာကြောင့် ကစားပုံကျဆင်းသွားဖို့ များပါတယ်။

နာပိုလီအသင်းဟာ အခုဘောလုံးရာသီစီးရီးအေပွဲစဉ်(၂၃) အပြီးမှာ ပွဲ ၂၀ နိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲသာ ရှုံးနိမ့်ခဲ့ပြီး ရမှတ် ၆၂ မှတ်နဲ့ အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ ဒုတိယနေရာက အင်တာမီလန်အသင်းနဲ့လဲ ရမှတ် ၁၅ မှတ်ထိ ကွာဟနေတာကြောင့် အခုနှစ် စကူဒက်တိုချန်ပီယံဆုဖလားရရှိဖို့ သေချာနေတာကိုတွေ့ရမှာပါ။ အဲဒီအချိန်မှာ သူတို့အသင်းဟာ အဓိကကစားသမားတွေ ဒဏ်ရာပြဿနာရှိနေသလို ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အချိန်ဖြစ်တာကြောင့် ရှုံးပွဲကြုံခဲ့တယ်လို့ ဆိုရမှာပါ။ လက်ရှိမှာတော့ အိုစီမန်ကသွင်းဂိုး ၁၈ ဂိုးနဲ့ စီးရီးအေရဲ့ ဂိုးသွင်းအများဆုံး ကစားသမားဖြစ်သလို ကဗာရက်ရှီလီယာကလဲ ဂိုးဖန်တီးမှု ကိုးကြိမ်နဲ့ ဖန်တီးမှု အများဆုံးကစားသမားအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ နည်းပြ စပယ်လက်တီရဲ့ ၄-၃-၃ ကစားကွက်မှာ အရန်ကစားသမားတွေကအစ ခြေစွမ်းပြဂိုးသွင်းနေတာကြောင့် ကြားရက်က ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ ဖရန့်ဖတ်ကိုဂျာမန်မြေမှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အိုစီမန်၊ ကဗာရက်ရှီလီယာတို့ တိုက်စစ်အတွဲနဲ့ ကွင်းလယ်ကအန်ဂစ်ဆာ၊ လိုဘော့ကာတို့လို ကစားသမားတွေရှိနေတဲ့ နာပိုလီတိုက်စစ်ကို အမ်ပိုလီအသင်းပွဲချိန်ပြည့် ထိန်းချုပ်ဖို့မလွယ်ကူတာကြောင့် နာပိုလီပဲ ရလဒ်ကောင်းသွားမှာပါ။

**အမ်ပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၀ | - | ၁ | အမ်ပိုလီ |
| အမ်ပိုလီ | ၂ | - | ၂ | တိုရီနို |
| ရိုးမား | ၂ | - | ၀ | အမ်ပိုလီ |
| အမ်ပိုလီ | ၂ | - | ၂ | စပီဇီယာ |
| ဖီအိုရင်တီးနား | ၁ | - | ၁ | အမ်ပိုလီ |

**နာပိုလီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| နာပိုလီ | ၂ | - | ၁ | ရိုးမား |
| စပီဇီယာ | ၀ | - | ၃ | နာပိုလီ |
| နာပိုလီ | ၃ | - | ၀ | ခရီမိုနန်စီ |
| ဆက်ဆူအိုလို | ၀ | - | ၂ | နာပိုလီ |
| ဖရန့်ဖတ် | ၀ | - | ၂ | နာပိုလီ |

### ရီးရဲလ်မက်ဒရစ်ကိုပဲ ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ရီးရဲလ်မက်ဒရစ်နဲ့ အေတီကိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးချန်ပီယံ ရီးရဲလ်မက်ဒရစ်အသင်းဟာ ဇန်နဝါရီလအတွင်း ကစားခဲ့တဲ့ပြိုင်ပွဲစုံသုံးပွဲမှာ ခြေစွမ်းပိုင်းကျဆင်းခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်က ဦးဆောင်နေတဲ့ ဘာစီလိုနာနဲ့ ရမှတ်ကွာဟသွားခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် အခုလ ပထမပတ်မှာကစားခဲ့တဲ့ မာယော့ကာနဲ့ အဝေးကွင်းပွဲစဉ်မှာလဲ ရှုံးပွဲထပ်မံကြုံတွေ့ခဲ့တာကြောင့် ၂၂ ပွဲ ကစားအပြီး ၁၆ ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးနဲ့ ရမှတ် ၅၁ မှတ်သာရရှိခဲ့ပြီး ဇယားထိပ်က ဘာစီလိုနာနဲ့ ရမှတ်ရှစ်မှတ်ထိ ကွာဟသွားတာကိုတွေ့ရမှာပါ။ အဲဒီအချိန်က တိုက်စစ်မှူး ဘင်ဇီးမားဒဏ်ရာပြဿနာကြောင့် ပါဝင်နိုင်ခြင်းမရှိလို့ တိုက်စစ်ပိုင်းကျဆင်းခဲ့သလို ခံစစ်ပိုင်းကလဲ အလာဘာ၊ ဗက်စ်ကွက်တို့ ဒဏ်ရာကြောင့် ပါဝင်နိုင်ခြင်းမရှိလို့ အားနည်းချက်တွေရှိနေတာကို သတိပြုရမှာပါ။ အဲဒီနောက်မှာတော့ ကမ္ဘာ့ကလပ်ချန်ပီယံဆု ဖလားဗိုလ်လုပွဲစဉ်မှာ ကစားသမားအစုံအလင် ပါဝင်လာခဲ့ပြီး ချန်ပီယံဆုရရှိခဲ့သလို နောက်ပိုင်းပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက အနည်းဆုံး နှစ်ဂိုးသွင်းယူခဲ့တာကိုတွေ့ရမှာပါ။

အေတီကိုအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သလို သူတို့အသင်းအနိုင်ရခဲ့တဲ့ ပွဲစဉ်တွေကလဲ ကျဉ်းမြောင်းတဲ့ ရလဒ်နဲ့ပဲ နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းရှုံးနိမ့်ခဲ့တဲ့ ပွဲစဉ်ကတော့ စပိန်ကိုပါဒယ်ရေးဖလားပြိုင်ပွဲ ကွာတားအဆင့်မှာ ရီးရဲလ်မက်ဒရစ်ကို သုံးဂိုးတစ်ဂိုးနဲ့ ရှုံးနိမ့်ခဲ့တာကို သတိပြုရမှာပါ။ အေတီကိုအသင်းဟာ ဂျာအိုဖီးလစ်ကိုရောင်းချပြီး နောက်ပိုင်းတိုက်စစ်ပိုင်းမှာ မိုရာတာနဲ့ ဂရစ်ဇ်မန်းတို့ကိုပဲ အားထားနေရတာကိုတွေ့ရမှာပါ။ အဲဒီတိုက်စစ်မှူး နှစ်ယောက်ကလဲ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကြောင့် သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာ နိုင်ပွဲရဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ နည်းပြဆီမြွန်နီရဲ့ ၄-၄-၂ ကစားကွက်မှာ ဂရစ်ဇ်မန်းက သွင်းဂိုးခုနစ်ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ် ရပ်တည်နေပေမဲ့ နည်းပြအန်ဆယ်လော့တီ တာဝန်ယူပြီးနောက်ပိုင်း ရီးရဲလ်မက်ဒရစ်နဲ့ တွေ့ဆုံချိန်မှာ ဂိုးသွင်းယူနိုင်ခြင်း မရှိပါဘူး။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံချိန်မှာလဲ ရီးရဲလ်မက်ဒရစ်က အေတီကိုအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့သလို ရီးရဲလ်မက်ဒရစ်အသင်း အိမ်ကွင်းမှာ နောက်ဆုံးငါးကြိမ်တွေ့ဆုံမှုမှာလဲ နိုင်ပွဲမရခဲ့တာကြောင့် ရီးရဲလ်မက်ဒရစ်ကိုပဲ ရွေးချယ်ရမှာပါ။

**ရီးရဲလ်မက်ဒရစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အယ်အာလီ | ၁ | - | ၄ | ရီးရဲလ်မက်ဒရစ် |
| ရီးရဲလ်မက်ဒရစ် | ၅ | - | ၃ | အယ်ဟိုင်လာ |
| ရီးရဲလ်မက်ဒရစ် | ၄ | - | ၀ | အယ်ချီ |
| အိုဆာဆူနာ | ၀ | - | ၂ | ရီးရဲလ်မက်ဒရစ် |
| လီဗာပူး | ၂ | - | ၅ | ရီးရဲလ်မက်ဒရစ် |

**အေတီကိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ရီးရဲလ်မက်ဒရစ် | ၃ | - | ၁ | အေတီကို |
| အိုဆာဆူနာ | ၀ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၁ | ဂီတာဖေး |
| ဆဲလ်တာဗီဂို | ၀ | - | ၁ | အေတီကို |
| အေတီကို | ၁ | - | ၀ | ဘီလ်ဘာအို |

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား **၂၈-၁-၂၀၂၃** ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၆-၂-၂၀၂၃** ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်**

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်


နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၁၀၀၀ ကျော် နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိ



**မင်းဘူး ဖေဖော်ဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ မန်းရွှေစက်တော်ဘုရားပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၁၀၀၀ ကျော် နေ့စဉ် လာရောက်ဖူးမြော်လျက်ရှိကြောင်း မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်စိုးထံမှ သိရသည်။

မန်းရွှေစက်တော် ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက် (ဇန်နဝါရီ ၂၅ ရက်)မှ မြန်မာနှစ်ဆန်းတစ်ရက်(ဧပြီ ၁၇ ရက်)ထိ သုံးလခန့်ကြာ ကျင်းပလျက်ရှိကြောင်း၊ ပွဲတော်ရက်ကာလအတွင်း နေ့စဉ် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူဦးရေ ၁၀၀၀ ကျော် လာရောက်ဖူးမြော်လျက်ရှိပြီး အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးပြည်သူဦးရေ ၁၅၀၀ ခန့်ထိ လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန်းရွှေစက်တော် ဘုရားပွဲတော်ကို တပို့တွဲလဆန်း ၅ ရက်နေ့ကတည်းက စတင်ဖွင့်လှစ်ပြီးတော့ ပွဲတော်ကျင်းပလျက်ရှိပါတယ်။ ပွဲတော်ကာလမှာ မကွေးတိုင်းဒေသကြီးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ဘုရားဖူးပြည်သူတွေ လာရောက်ဖူးမြော်မှုကတော့ နေ့စဉ်အယောက် ၁၀၀၀ ကျော်လောက်ရှိပါတယ်။ ပိတ်ရက်တွေဆိုရင်တော့ ဘုရားဖူးပြည်သူအယောက် ၁၅၀၀ လောက်ထိ လာရောက် ဖူးမြော်ကြပါတယ်။ အများစုကတော့ နေ့ချင်းပြန်တွေများပါတယ်။ မကွေးတိုင်းဒေသကြီးအတွင်း မြို့နယ်တချို့က ဘုရားဖူးတွေ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းက ဘုရားဖူးတွေကတော့ နှစ်ရက်၊ သုံးရက် ပိတ်ရက်တွေမှာ ညအိပ်လာရောက်တာတွေတော့ရှိပါတယ်။ ညအိပ်လာရောက်တဲ့ ဘုရားဖူးတွေအတွက် အခမဲ့တည်းခိုနိုင်တဲ့ တည်းခိုဆောင်ပေါင်း ၆၀၀ ကျော် ဖွင့်လှစ်ထားသလို စားသောက်ရေး အဆင်ပြေစေဖို့ ဈေးဆိုင်ခန်းပေါင်း ၄၀၀ ကျော်လဲ ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်" ဟု ဦးခင်မောင်စိုးက ပြောပြသည်။

ထို့ပြင် မန်းရွှေစက်တော်ဘုရားပွဲတော်ကာလတွင် ဘုရားဖူးပြည်သူများ သွားလာရေးအဆင်ပြေစေရန် အောင်မန်းမော်တော်ယာဉ်ငယ်လိုင်းကလည်း ဇန်နဝါရီ ၂၅ ရက်မှစတင်ကာ နံနက် ၆ နာရီမှ ည ၆ နာရီထိ မင်းဘူး-ရွှေစက်တော် ခရီးစဉ်ကို Starex နှင့် Bongo ကားအမျိုးအစား မှန်လုံယာဉ်ငယ်ယာဉ် ၁၀ စီးဖြင့်လည်းကောင်း၊ တောင်ပေါ်၊ တောင်အောက် (အတက်၊ အဆင်း) ခရီးစဉ်ကို Starex နှင့် Bongo ကားအမျိုးအစား မှန်လုံယာဉ်ငယ်ယာဉ် အစီး ၂၀ ဖြင့်လည်းကောင်း ပြေးဆွဲပေးလျက်ရှိကြောင်း ဦးခင်မောင်စိုးက ပြောပြ၍ သိရသည်။

ASH

## သံတောင်ကြီးမြို့နယ် ကလေခို(အထက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သံတောင်ကြီး ဖေဖော်ဝါရီ ၂၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉ ဒသမ ၈၇ သန်းဖြင့် ကလေခို(အထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် တာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာကုမ္ပဏီ တာဝန်ရှိသူများ၊ ကျေးရွာလမ်းကော်မတီဝင်များနှင့်အတူ ကလေခို(အထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကုန်ထုတ်လမ်း ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသူများကို မှာကြားသည်။

ကလေခို(အထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၉ ဒသမ ၈၇ သန်း အသုံးပြု၍ တင်ဒါအောင်မြင်သည့် ဒေါနဂုဏ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် အောက်တိုဘာလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၉၄ အိမ်၊ လူဦးရေ ၃၈၉ ဦးတို့၏ စိုက်ပျိုးမြေဧကပေါင်း ၇၅၂ ဧကကျော်မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာဖြင့် အလွယ်တကူ သယ်ယူ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ပြောပြ၍ သိရသည်။

သူသူ







## သင်တန်းသားခေါ်ယူခြင်း

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ အမရပူရမြို့တွင် သဘာ၀ဆိုးဆေးသင်တန်းကို အခမဲ့ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ပါ၍ စိတ်ပါ၀င်စားသူများ တက်ရောက်နိုင်ပါသည်။

| | | |
|---|---|---|
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ အမရပူရမြို့ |
| **သင်တန်းသားဦးရေ** | - | (၁၀)ဦးသာလက်ခံသင်ကြားပေးပါမည်။ |
| **သင်တန်းဖွင့်လှစ်မည့်ကာလ** | - | (၂၈-၂-၂၀၂၃ မှ ၆-၃-၂၀၂၃)အထိ |
| **သင်တန်းချိန်** | - | (နံနက် ၉း၀၀ နာရီမှ ညနေ ၄း၀၀နာရီ)အထိ |
| **သင်တန်းကြေး** | - | အခမဲ့ |
| **ဆက်သွယ်ရန်** | - | ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ အမရပူရမြို့ |
| **ဖုန်း** | - | ၀၂-၄၀၇၀၄၂၈၊ ၀၂-၄၀၅၉၉၆၄<br>၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၂၀၇၁၂၈၃၁ |

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်**

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစီစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

---

❖ ဒေသတွင်းမှထွက်ရှိလာသည့် ကုန်ကြမ်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းဖြင့် ဒေသနှင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို ပိုမိုခိုင်မာစေမည်ဖြစ်...

❖ ကုန်ကြမ်းထွက်ရှိမှုခိုင်မာအောင် ဆောင်ရွက်ထားနိုင်မှသာလျှင် ကုန်ချောထုတ်လုပ်မှုသည်လည်း စဉ်ဆက်မပြတ်ရှိမည်ဖြစ်ပြီး ဈေးကွက်ခိုင်မာမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၇ ရက်တွင် ကျင်းပပြုလုပ်သည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး(MSME)လုပ်ငန်းရှင်များကို ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားမှုများမှ ကောက်နုတ်ချက်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော်အထီးလေးတစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက"ဖြစ်ပြီး အဆိုပါဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲအရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊

စာမျက်နှာ ၂၁ ကော်လံ ၄ ☆



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" ကျန်းမာပျော်ရွှင်လျက်ရှိစဉ်။

---

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ခန့်အပ်တာဝန်ပေး

စာမျက်နှာ - ၂၀

## အကြမ်းဖက် CRPH၊ NUG၊ PDF များ၏ ပစ်မှတ်ဖြစ်နေသော အရွယ်မရောက်သေးသည့် ကလေးသူငယ်များ

ဆောင်းပါး စာမျက်နှာ - ၂၂

